www.burmeseclassic.com




# စေတာန်
# သရဲ့ဂိမ်း

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

**စီစဉ်သူ**

ကိုမိုး (တောင်ကြီး)

ဆဋ္ဌမအာရုံမဂ္ဂဇင်း (အယ်ဒီတာချုပ်)

**စီမံအုပ်ချုပ်ရေးမှူး**

ဒေါ်ဌေးဌေးလှိုင်

**မျက်နှာဖုံးဒီဇိုင်း**

ဆဋ္ဌမအာရုံ

**ထုတ်ဝေသူ**

ဦးဟန်စိန် (၀၁၀၃၅)

ကျီတော်ရုပ်ပြ

**ပုံနှိပ်သူ**

ဦးကျော်သင်း (၀၀၆၂၆)

(သံလွင်ဦးပုံနှိပ်တိုက်)

**ပုံနှိပ်ခြင်း**

၂၀၁၇ ခုနှစ်

**တန်ဖိုး**

၁၅၀၀ ကျပ်

**ဖြန့်ချိရေး**

ဆဋ္ဌမအာရုံစာပေတိုက်


အမှတ် (၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း (၅၀) အထက်၊ ပုဇွန်တောင်မြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀၊ ၀၉ ၃၀၀ ၅၀ ၁၆၀။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# စေတန်

## သရဲဂိမ်း

- နိုင်ငံတကာ သရဲခေါ်နည်းဖြစ်သည့် ချာလီ၊ ချာလီ သရဲခေါ်ရာမှ စတင်ခဲ့သည့် ဇာတ်လမ်း။
- နိုင်ငံတကာ သရဲခေါ်နည်းများ၊ တရုတ်သရဲခေါ်နည်းတို့ကို အပျော်အဖြစ် ကစားခဲ့ရာမှ လူငယ်တစ်သိုက်ကြုံတွေ့ရသည့် ချောက်ချားစရာ၊ ထိတ်လန့် တုန်လှုပ်ဖွယ်ရာ အဖြစ်အပျက်များသည် သရဲဂိမ်းတစ်ခုဖြစ်လာသောအခါ..။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# STAGE – 1

သရဲခေါ်တမ်းကစားရင်းနဲ့
ပရလောကသားနဲ့ ချိတ်ဆက်မိတဲ့အခါ
မလိုလားအပ်တဲ့ ဖြစ်ရပ်ပေါင်းများစွာ
ထိတ်လန့် တုန်လှုပ် ချောက်ချားစရာ . .။


(((( ချာလီ . . ချာလီ . . အာ ယူ ဟီးရား ))))
(((( ချာလီ . . ချာလီ . . အာ ယူ ဟီးရား ))))
(((( ချာလီ . . ချာလီ . . မင်း ဒီမှာရှိလား ))))




www.burmeseclassic.com

www.burmeseclassic.com


# ခေဒါန်



လျှောက်လွှာစာရွက် တစ်ရွက်ကိုယူပြီး ခုံပေါ်မှာ ခင်းပါ။




စာရွက်ပေါ်မှာ ထောင့်လေးထောင့်မှာ အထက်ပါ အင်္ဂလိပ်စာတွေ ရေးထားပါ။





စာရွက်အလယ်မှာ ခဲတံအရှည်တစ်ချောင်း ချထားပေးပါ။


www.burmeseclassic.com

www.burmeseclassic.com






ထို ခဲတံအပေါ်မှာ ကန့်လန့်ဖြတ် ခဲတံတစ်ချောင်း အလယ် ကျကျ ဖြတ်တင်ပြီး ဦးပိုင်းကို ထောင်ထားပါ။



အလျားလိုက်ခဲတံကို အသေထားပြီး ဒေါင်လိုက် ထပ်တင် ထားသော ခဲတံကို အရှင်ထားရပါမည်။ ပြီးနောက် 'သရဲခေါ်တမ်း' ကစားမည့်သူများ စားပွဲဝိုင်းဘေးမှာ စုထိုင်ကြရမည်။ စကား မပြော ရ။ သရဲရောက်လာမည့် အခြေအနေကို အာရုံစူးစိုက်ထားရမည်။

ပြီးလျှင် ဖော်ပြပါ စကားအတိုင်း–

"ချာလီ . . ချာလီ . . အာယူဟီးယား"ကို စတင်ပြော . . အင်္ဂလိပ်လို ပြောလိုက်၊ မြန်မာ ပြန်ပြောလိုက်နှင့် ခေါ်ဆိုရပေမည်။



www.burmeseclassic.com

www.burmeseclassic.com

## စေတန်


ချာလီဆိုသည်မှာ မက္ကစီကန် လူမည်းတစ်ယောက်ဖြစ်ပြီး သေဆုံးသည့်အခါ သရဲဖြစ်နေသူသာတည်း။



((( ချာလီ . . ချာလီ မင်းကိုခေါ်နေပြီ )))

((( ချာလီ . . ချာလီ မင်းရောက်လာပြီလား )))

ကန့်လန့်ဖြတ်တင်ထားသော ခဲတံလေးက နာရီလက်တံလို သူ့အလိုကို (သံလိုက် အိမ်မြှောင်ကဲ့သို့) လမ်းညွှန်ပြပါလိမ့်မည်။ ရောက်လာပြီဆိုလျှင် –







www.burmeseclassic.com

www.burmeseclassic.com

# သရဲဂိမ်း




"Yes" ဆိုသော အနေအထားကို သူ့အလိုအလျောက် လှုပ်ရှား ညွှန်ပြပါလိမ့်မည်။ မရောက်သေးဘူးဆိုပါက No သို့ ညွှန်ပြပါလိမ့်မည်။

သဘောကတော့ ဖျာလိပ်နတ် မေးသလိုပေါ့။

"သမီး . . ဒီနှစ် ဆယ်တန်း စာမေးပွဲဖြေထားတယ်။ အောင်မှာလား၊ အောင်မယ်ဆို ညာဘက်ကို ယိမ်းပြပါ။ မအောင်ဘူးဆိုလျှင် ဘယ်ဘက်ကို တိမ်းပြပါရှင်"

"ဖြစ်မလား . . မဖြစ်ဘူးလား"

"ရမလား . . မရဘူးလား"

Yes (or) No အတိုင်း ကန့်လန့်ဖြတ်ခဲ့တံက သူ့အလိုအလျောက် လှုပ်ရှားညွှန်ပြပါလိမ့်မည်။ ချာလီဆိုသော သရဲရောက်လာပြီဆိုရင်ပေါ့ . . .။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# ငဓာန်

အထက်ပါကစားနည်းကို နှစ်သစ်ကို ကြိုဆိုသောညမှာ အပေါင်းအသင်းတွေ စုမိနေ၍ သျှားလှဲ့နီတို့ လုံးချင်းအိမ်ရာဝင်းထဲက ပန်းခြံနားနေဆောင် ဘန်ဂလိုပုံစံလေးထဲမှာ ကစားပွဲ စတင်နေကြပြီ။

"သျှား"ဆိုသော 'သျှားလှဲ့နီ'

"မိုး"ဆိုသည့် 'မိုးစိမ်းလန်း'

"သွယ်" ဆိုတဲ့ 'ပုလဲသွယ်ခင်'ဆိုသည့် မိန်းကလေး သုံးယောက်နှင့် –

"နေ"ဆိုတဲ့ 'နေယံဘွား'

"ဖွဲ"ဆိုသည့် 'ဖွဲမာန်ဟုန်'

"ဇော်"ဆိုသော 'ဇော်တေဇ'

"ဘုန်း"ဆိုသူ ဘုန်းမာန်တို့ ယောကျ်ားလေး (၄)ယောက်၊

စုစုပေါင်း (၇)ယောက်တိတိ။

ဆယ်ကျော်သက်အရွယ်၊ သားနား ဝင်းဖန့် သပ်ရပ်လှပသော လူငယ်မောင်မယ် အဖွဲ့ခေါင်းဆောင်က နေယံဘွား။

"နိုင်ငံတကာက လူငယ် တော်တော်များများ ကစားကြတဲ့ သရဲခေါ်ကစားနည်းပဲ . . နင်တို့ မကြောက်ကြပါနဲ့နော်။ သရဲရောက်လာလို့ ကြောက်လန့်ပြီး ထပြေးရင်၊ ထပြေးတဲ့လူနောက်ကို သရဲက အသားကုန်လိုက်ခြောက်မှာ . . လိပ်ပြာလွင့် သေရင် မတတ်နိုင်ဘူး။ ကိုယ်ဖြစ် ကိုယ်ခံပဲ"



www.burmeseclassic.com

www.burmeseclassic.com



သျှား၊ မိုး၊ သွယ်တို့ မျက်နှာပေါ်မှာ စိုးရိမ်စိတ်၊ ကြောက်စိတ်၊ သိချင်စိတ်တွေ ရောထွေး စိမ့်ဖြာသွား၏။

ဖွဲ့နဲ့ ဇော်ကတော့ ကြောက်ဟန်မပြ။ သရဲခေါ်တာ မဖြစ်နိုင်သလို၊ လှောင်ပြောင်ချင်ပုံတွေနှင့်။

ဘုန်းမာန်ကတော့ သီးစုံကောက်တေး(လ်) တစ်ခွက်ကို မော့သောက်လိုက်ပြီး သီဟိုရ်စေ့ သုံးလေးစေ့ကို မြုံ့ဝါးနေ၏။ ဒီပွဲကို သိပ်စိတ်ဝင်စားပုံ မပြ။

နေက စိတ်အားထက်သန်စွာဖြင့် သရဲခေါ်နေပြီ။

“ချာလီ . . ချာလီ . . ကမ်း . . ကမ်း”

“ချာလီ . . ချာလီ . . ချဲလင်း . . ချဲလင်း”

စားပွဲပေါ်မှာ ငြိမ်သက်စွာ ချထားသော ခဲတံလေး သူ့အလို အလျောက် လှုပ်ရှားချင်လာပြီ။

“ချာလီ . . ချာလီ . . အာ ယူ ဟီးရာ”

ခဲတံလေးက Yes သို့ ညွှန်ပြ၏။ နာရီလက်တံ လှည့်ပြလိုက်သလိုပင်။

“ဟင်! . .”

“ဟာ! . .”

“အမလေး! . .”

“အင်း ဟင်း . . ကြောက် . . ကြောက်”

“သူ . . ရောက်လာပြီ”

“မကြောက်နဲ့ ငြိမ်ငြိမ်နေ၊ သူ့ကို ငါနဲ့ ဘုန်းမာန်ကြားက ခုံမှာ နေရာချပေးထားပြီ။ နင်တို့ နောက်ကျော မလုံမလဲ မဖြစ်နဲ့ . .

www.burmeseclassic.com

www.burmeseclassic.com



ချာလီသရဲက ငါနဲ့ဘုန်းမာန်ကြားမှာ ထိုင်နေတာ"

မိန်းကလေးတွေ ကြောက်လန့်နေရာက 'နေ'ရဲ့စကားကြောင့် အနည်းငယ် စိတ်သက်သာရာ ရသွား၏။ ဖွဲ့နဲ့ဇော်က ခဲတံလေး သူ့ဘာသာလှုပ်ရှားတာကို အထူးအဆန်း ဖြစ်နေကြ၏။

"ချာလီ . . ချာလီ . . အာ ယူ ရီးရဲလ်"

Yes ကို ထပ်ညွှန်ပြပြန်၏။ ခဲတံကိုပြန်ပြီး အလယ်မှာ ကန့်လန့်ဖြတ် ပြန်တင်လိုက်၏။

"ချာလီ . . ချာလီ . . အာယူ ဘလက်(စ်) အော် ဝှိုက် . . Yes ဘလက်(ခ်) . . No ဝှိုက်"

Yes ကို ညွှန်ပြပြန်၏။ မဏ္ဍစီကန် လူမည်းသရဲကြီး ရောက်နေပြီ။

"ချာလီ ရောက်နေပြီ . . နင်တို့ သိချင်တာမေးကြ"

ဇော်က –

"သွယ်ရည်စားက ငါဖြစ်မှာလား"

"ဟယ်! . . ငဇော်စုတ် . . နင်နော်"

"ရှူး! . . ချာလီသရဲ သိတယ်။ ဟော . . Yes တဲ့ . . ဟေး . . ဝေး ဝေး . . အဖြေမှန် ညွှန်ပြနေပြီ၊ သွယ် နင် မငြင်းပါနဲ့တော့၊ နင်နဲ့ငါ ချစ်သူဖြစ်မှာ ကျိန်းသေနေပြီ။ နင်ငြင်းရင် ချာလီသရဲက နင့်ကို ကုပ်ချိုးစားလိမ့်မယ်"

သွယ် နှုတ်ခမ်းစူပြီး ပြန် ရန်ထောင်ချင်သော်လည်း ချာလီသရဲ လူမည်းကြီးကို ကြောက်နေ၍ အောင့်အီးနေလိုက်ရ၏။ ဖွဲ့ကလည်း ခဲတံကို ကန့်လန့်ဖြတ် မူလနေရာမှာ ပြန်တင်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ချာလီ . . ချာလီ . . ငါနဲ့ မိုး ချစ်သူတွေ ဖြစ်ကြမှာလား၊ ဖြစ်ရင် Yes၊ မဖြစ်ရင် No လို့ ညွှန်ပြဖြေပေးပါ"

ခဲတံက Yes ဘက်ကို ညွှန်ပြ၏။ မိုးက ရှက်ပြီး ခေါင်းကြီး တွင်တွင်ငုံ့နေ၏။ ဖွဲ့က ထက,မတတ် ရှက်ကြိုးပြတ်ပြီး ဝမ်းသာ မြူးတူးနေ၏။

နေယံဘွားက –

"ဘုန်း . . ဒီကောင်တွေ ဝေစုကိုယ်စီ ရသွားပြီ။ မင်းနဲ့ငါ့ အတွက် သွားပဲ ကျန်တော့တယ်"

ဘုန်းမာန်က ပုခုံးနှစ်ဘက်ကို ဟန်ပါပါ တွန့်ပြရင်း –

"ငါနဲ့သွားက သူငယ်ချင်းတွေပဲ၊ မင်းနဲ့ငါ့လိုပေါ့"

"အိုကေ၊ ဒါဆို သွားက ငါ့အတွက်ပေါ့"

သွားက မျက်လုံး ဝိုင်းခနဲဖြစ်သွားပြီး –

"နင်တို့ သူငယ်ချင်း စည်းဘောင်ကျော်နေပြီနော်၊ ဒါ . . ချစ်သူများနေ့လည်း မဟုတ်ဘူး။ နှစ်သစ်ကြိုတဲ့ည၊ ငါတို့အားလုံး ဆယ်တန်းအောင်ထားကြလို့ မိဘတွေကလည်း ခင်မင်ကြလို့၊ ဆော်ဒါအကန့်နဲ့ လွှတ်ပေးထားတာ၊ အဲ့ဒီအပေါ်မှာ စည်းမဖောက် ကြနဲ့"

"ငါတော့ . . ထိန်းလို့မရတော့ဘူး"

နေက ဖြူဖြူကျော်သိန်း သီချင်းဆိုဟန်ဖြင့် တုံ့ပြန်ပြော လိုက်၏။ သွားက မျက်စောင်းထိုး၏။ ဖွဲ့က –

"သရဲချာလီက စောင့်နေရတာ၊ စိတ်မရှည်ဘဲ ဖြစ်နေမယ်"

"အေး . . ဟုတ်တယ်၊ ချာလီက ဖော်ပြပေးလိမ့်မယ်။ ကဲ . ."



www.burmeseclassic.com

www.burmeseclassic.com



ချာလီ . . ချာလီ . . ငါနဲ့ ဟောဒီက သျှားနဲ့ချစ်သူတွေ ဖြစ်ကြမှာလား၊ ဖြစ်ရင် Yes၊ မဖြစ်ရင် No လို့ ဖော်ပြပေးပါကွာ"

ခဲတံကို အားလုံး စိုက်ကြည့်ကုန်ကြ၏။ 'နေ'က ခဲတံအနား မျက်နှာတိုးကပ်ပြီး တစ်စုံတရာ မန်းမှုတ်သလို ရွတ်ဆိုလိုက်ရာ၊ ခဲတံက Yes ဘက်ကို ညွှန်ပြသွား၏။

'နေ' ဝမ်းသာအားရ ထခုန်ပြန်၏။ သျှားက ဘုန်းကို ကြည့်ပြီး အားနာရက်ရွံ့ဟန်ဖြင့် နေကို မျက်စောင်းထိုးသည်။

❁ ❁ ❁

'သရဲခေါ်ပွဲ'ကို သူတို့လိုရာ ဆွဲပြီး ဆော့ကစားနေကြ၏။ ဘုန်းက –

"နေ"

"ဘာလဲ"

"မင်း အနားမကပ်နဲ့၊ ဂါထာ စုပ်တာမျိုး လုပ်ချင်ရင် ခေါင်းမတ်မတ်ထားပြီးလုပ် . . ဒီခေါ်နည်းရဲ့ လျှို့ဝှက်ချက်ကို ငါသိနေတယ်။ မင်းရယ်၊ ဖွဲ့နဲ့ဇော်ရယ် ပူးပေါင်းလုပ်ဆောင်ထားတာ"

နေ၊ ဖွဲ့၊ ဇော်တို့ ပြုံးပြုံးပျာပျာတွေ ဖြစ်ကုန်ကြ၏။ သျှားက –

"ဘာ! . . လျှို့ဝှက်ထားတာလဲ ဘုန်း"

"ဘုန်း . . မင်း ဝင်မရှုပ်နဲ့နော် . . မင်းသိရင် မင်းစိတ်ဆိုးထားလေကွာ"

နေက လှမ်းတား၏။ ဖွဲ့ကလည်း –



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . ဘုန်း၊ မင်း မဖော်နဲ့နော်"

သွယ်နဲ့ မိုးက –

"ဖော် . . ဖော် . . သူတို့က ကလိန်ကကျစ် ကျထားတာပဲ ဖြစ်မယ်။ တကယ် သရဲမဟုတ်ဘူး မဟုတ်လား"

"ဘုန်း ပြောပြဟယ် . . သူတို့ကို မသင်္ကာဘူး။ သရဲလာတယ်ဆိုပြီး ကြက်သီးလည်း မထဘူး"

ဘုန်းက လက်ကာတားလိုက်ပြီး –

"ကဲ . . နင်တို့ တကယ့်သရဲ ခေါ်ချင်ကြသလား"

အားလုံး ငြိမ်တိတ်သွား၏။ နေက လက်က နာရီကို ကြည့်ပြီး (၁၂)နာရီထိုးဖို့ နာရီဝက်တောင် လိုသေးတယ်"

"ဟက်ပီးနယူးရီးယား အော်ပြီးရင် . . နင်တို့ကို တကယ့်သရဲ ခေါ်ပြမယ်"

ကောင်မလေးတွေက ဘုန်းအကြောင်း သိနေ၍ တကယ်ယုံကြ၏။ နေ၊ ဖွဲ၊ ဇော်တို့လည်း ယုံကြပါရဲ့။ ဒါပေမယ့် သူတို့ထက် သာသွားမှာမျိုး မလိုလားကြလို့ မယုံချင်တဲ့ အိုက်တင်၊ လှောင်ချင်တဲ့ မျက်နှာထားတွေ လုပ်ပြနေကြလေရဲ့။

"တကယ့်သရဲကို မြင်ချင်တဲ့သူ မြင်ရစေမယ်။ မမြင်ချင်တဲ့သူ မမြင်ရဘူး . . သတိတော့ ထားရမယ်နော်၊ အစီအမံတွေ လုပ်ပြီးမှ ငါခေါ်ပေးမှာ"

"အခု ငါတို့ခေါ်တာလည်း ချာလီသရဲပဲလေ။ သူက အငြိမ်းထား ပွဲမကြမ်းဘူး။ ဘာမှ ကျွေးစရာလည်း မလိုဘူး။ ပြန်ပို့စရာလည်း မလိုဘူး၊ သူ့ဘာသာ ပြန်သွားတာပဲ။ ဘယ်လောက် . .

www.burmeseclassic.com



အန္တရာယ်ကင်းသလဲ”

“မင်းတို့ခေါ်တာ သရဲအစစ်မှ မဟုတ်တာ၊ ငါခေါ်မှာက သရဲအစစ်ကွ”

နေ၊ ဖွဲ၊ ဇော်တို့ မျက်စိမျက်နှာ ပျက်သွားကြ၏။ သွယ်၊ မိုး၊ သျှားတို့ကလည်း ငနဲသုံးကောင်ကို ကလိမ်ကကျစ်ကောင်တွေဆိုတဲ့ အကြည့်တွေနဲ့ ဘုကြည့်ကြည့်ကုန်ကြ၏။ ဖွဲက –

“တို့ ငယ်ငယ်တုန်းကလို . . အုန်းမှုတ်ခွက်သရဲကို ခေါ်မလို့လား”

“ဘာလဲကွ . . အုန်းမှုတ်ခွက်သရဲဆိုတာ”

ဇော်က မေးလာ၏။ ဖွဲက –

“ဟိုကွာ . . ချေးပုံတစ်ပုံပါ။ အဲ့ဒီအပေါ် အမဲသားအုပ်၊ ပြီးတော့ အုန်းမှုတ်ခွက် ထပ်အုပ်၊ အုန်းမှုတ်ခွက်ပေါ်ကို ဖယောင်းတိုင်ထွန်း၊ ပြီးရင် အုန်းမှုတ်ခွက်သရဲကို ခေါ်ပေတော့”

“ဝေါ့ . .”

“အော့ . .”

“ထွီ . .”

မိန်းကလေးတွေ အော့အန် ကုန်မတတ် ဖြစ်ကုန်၏။ နေနဲ့ ဖွဲက ဇော့်ကို –

“မင်းပဲ . . အီး အရင်ယို”

“မယိုပါဘူး . . မင်းတို့ခေါ်ချင်ရင် နည်းရှိတယ်ဆိုတာ ပြောပြတာပါ။ ဒါနဲ့ . . ဘုန်းက ဘယ်လိုနည်းနဲ့ ခေါ်မှာလဲ”

“ဟက်ပီးနယူးရီးယား အော်ပြီးမှ . . တရုတ်သရဲခေါ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



နည်းနဲ့ ခေါ်မယ်"

အဲဒီလိုနဲ့ ဟက်ပီးနယူးရီးယား အော်ဟစ်ဖြစ်ကြ၏။ သျှား တို့အဖေက သူ့စီးပွားရေး မိတ်ဖက်တွေထဲ ရောက်နေ၏။ သျှားရဲ့ မေမေက ဖွဲ၊ ဖော်၊ သွယ်၊ မိုးတို့မိခင်တွေနှင့် အိမ်ထဲမှာ ပိုကာ ဆော့နေ၏။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





# STAGE – 2

ဘုန်းက ကြွေပန်းကန်လုံးကြီး (၇)လုံး၊ တူ (၇)စုံကို သွားယူလာခိုင်း၏။ ဘာဘီကျူ့ အသားကင်ထဲက မကျက်တကျက်ရော၊ အကျက်တွေပါ ငှက်ပျောဖက်နဲ့ ခုနစ်ပုံ‚ပုံထုပ်ပြီး ခြံရှေ့ကို ယူလာကြ၏။

ခြံဝင်းရှေ့မှာ ငှက်ပျောရွက်ခုနစ်ပုံကို အတန်းလိုက် ချလိုက်၏။ ပန်းကန် (၇)ချပ်ကိုလည်း ချလိုက်၏။

"နင်တို့ကို မြင်အောင်ပြလို့ မဖြစ်ဘူး။ လန့်ပြီး လိပ်ပြာလွင့်သွားလိမ့်မယ်။ ဝိညာဉ်တွေ၊ သရဲတွေဆိုတာ ပြိတ္တာတွေ ည



www.burmeseclassic.com

www.burmeseclassic.com



ဘက် လမ်းမပေါ်မှာလျှောက်သွားပြီး အစာရှာဖွေနေကြတာဟ”

ဘုန်း ပြောနေရင်း လမ်းထိပ်ဘက်က ခွေးတစ်ကောင် ဆွဲဆွဲငင်ငင် အူလိုက်သံ ပေါ်လာ၏။ နောက်တော့ ခွေးတစ်အုပ်လုံး ဆွဲဆွဲငင်ငင် အူသံတွေ ပွက်လောရိုက်သွား၏။

“ဒါ အချိန်ကောင်းပဲ”

“ဘာဖြစ်လို့လဲ ဘုန်း”

သျှားက မျက်လုံးဝိုင်းလေးနှင့် မေးလာ၏။

“ဒီဘက်လမ်းထဲကို မကောင်းဆိုးဝါးတွေ အစာရှာရမယ့် အလှည့်ကျတယ်။ သူတို့တွေကို သချိုင်းကလွှတ်လိုက်ရင် လမ်းတစ်လျှောက်လုံး ခွေးတွေ ဟောင်ကြ အူကြတယ်”

“ဟော . . ကြည့် တို့လမ်းထဲ ရောက်လာပြီ။ လမ်းထိပ်အိမ်နားက မွေးထားတဲ့ ခွေးတွေပါ အူလာပြီ၊ ပြိတ္တာအုပ်ကြီး ဒီဘက်ရောက်လာပြီ၊ နင်တို့ ပန်းကန်လုံး နှုတ်ခမ်းကို တူနဲ့ခေါက်ကြတော့ . . အဆက်မပြတ် ခေါက်နော် မရပ်နဲ့ . . မကြောက်နဲ့”

အားလုံး အမြန်နေရာယူပြီး စီတန်းကာ ခွက်ခေါက် ကုန်ကြ၏။ ကြွေပန်းကန်နှုတ်ခမ်းကို တူနှင့်ခေါက်သံတွေ စီညံသွား၏။

ဝေ့ခနဲ . . ဝေ့တိုက်လာသော လေက အေးခနဲ စိမ့်သွား၏။ လမ်းပေါ်က သစ်ရွက်ခြောက်တွေ ဖရောဖရောနှင့် လေနောက်လိုက်ပါသွား၏။ လမ်းမီးတိုင်က မီးရောင်တွေ မှိတ်လိုက် . . လင်းလိုက်ဖြစ်သွား၏။ အားလုံး . . ကြက်သီးတွေသီးထပြီး ခေါင်းနားဘမ်းတွေကြီးထွက်ကုန်၏။

သူတို့အားလုံး ကျောမှာ ခြံတံခါးနှင့် ကပ်နေ၏။ ခြံပြင်က



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်မှာ မီးခိုးငွေ့တန်းလို အရိပ်တွေ လွင့်မျောသွား၏။

"အီး . . ဟီး . . ဟီး . . ငါ . . ငါတွေ့လိုက်တယ်၊ ကြောက်တယ် . . ကြောက်တယ်"

အလယ်ဆုံးက မိုးက ထအော်၏။ ဘုန်းက –

"မကြောက်နဲ့ ဆက်ခေါက် . . သူတို့ အစာလာစားပြီးရင် ပြန်သွားလိမ့်မယ်။ သူတို့အနားကပ်ကြည့်ရင်လည်း မလန့်နဲ့၊ သူတို့ကို အစာကျွေးတဲ့လူကို မိတ်ဆွေဖွဲ့ချင်လို့ ကြည့်တဲ့သဘောပဲ"

"ဖွေးဖွေးကြီးတော့ . ."

သွယ်က ထအော်ပြန်၏။ သျှားက –

"ငါ့ရှေ့က ကြက်တောင်ပံကင် . . မ . . မရှိတော့ဘူး"

"ဟာ ! . . ငါ့ရှေ့က ဆိတ်သားကင်တွေလည်း ပျောက်သွားပြီ"

"အကောင်ကြီးတွေ ပါလာပြီ။ အငွေ့စားတဲ့ အကောင်တွေထက် အတွေ့စားတဲ့အကောင်တွေ ပါလာပြီ မကြောက်နဲ့၊ စိတ်တင်းထား . . ထ မပြေးရဘူးနော်။ မကြည့်ရဲရင် မျက်လုံးမှိတ်ထား"

"အီး . . အင်း . . ဘုန်း . . ငါ့မျက်နှာနားက ရှူးရှူးရှဲရှဲနဲ့ ဘာကောင်ကြီးလဲ။ ကြည့်စမ်းပါဦး . . ငါကြောက်လို့ မျက်စိ စုံမှိတ်ထားတယ်"

"ဘာမှ မရှိပါဘူး"

"ရှိတယ်"

"မရှိဘူး . . နေ့ကို မေးကြည့်"

"ဟုတ်တယ် . . ဘာမှမရှိပါဘူးဟ၊ နင်တို့မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေက အသည်းကို ငယ်လွန်းတယ်"

"အောင်မလေးဗျ ! . ."

ဖွဲက ထအော်၏။ ဖွဲကို ပြူးပြဲပြန်ကြည့်သောအခါ ဖွဲက လက်ညှိုးထိုးပြ၏။

ခွေးနက်ကြီး အယ်(လ်)ဖေးရှင်းလောက် ရှိမည်။ ထူးခြားတာက ခေါင်းကနှစ်ထပ်၊ ခန္ဓာကိုယ်က နှစ်ထပ်။ အမြင်အာရုံ ဝေဝါးသလို နှစ်ထပ်ပူးကြီး။

"ဟာ! . . ခွေးကြီးက"

"အေးနော်"

မျက်လုံးတွေ ပွတ်သပ်ပြီး ပြန်ကြည့်တဲ့သူတွေ လန့်အော်ကုန်၏။ ကြေပြန်းကန်ပင် ဆက်မတီးနိုင်။

"အမလေး! . . သုံးကောင်ပူးကြီး"

"ဟုတ်ပါဘူးဟ . . သုံးထပ်ပါ"

"ဟာ! . . အကောင်ကြီး . . ကြီးကြီးလာပြီ၊ ကျွဲ . . ကျွဲလောက်ကြီး"

"အမလေး! . . ကယ်တော်မူကြပါ"

"အား! . . ကယ်ကြပါဗျို့"

အကုန်လန့်ကုန်ပြီး ခြံစည်းရိုးတံခါးကို ဝုန်းဒိုင်းတွန်းကန်ကျောက်ပြီး ခြံထဲ ဝင်ပြေးကုန်၏။ ဘုန်းက နောက်ဆုံးမှဝင်ပြီး ခြံတံခါးကို ဂျိမ်းခနဲ! . . ပိတ်လိုက်ရ၏။

သရဲ သိပ်တွေ့ချင်နေတဲ့ဟာတွေ . . သရဲဘောကြောင်ပြီး အိမ်ထဲရောက်အောင် အလုအယက် ထွက်ပြေးကြပုံတွေက စကတ်

www.burmeseclassic.com



မနိုင်၊ ဘောင်းဘီမနိုင်တွေ ဖြစ်လို့။

“ဘုန်း! . .”

“ဘုန်း! . .”

“ဘုန်း! . .”

“ဘုန်း! . .”

ခြံစည်းရိုးတံခါးနံရံကို ရောမလက်ဝါးကြီးနှင့် ပိတ်ပုတ်လိုက်သလို ထွက်ပေါ်လာသောအသံကြောင့် ဘုန်းလည်း လန့်ခုန်ကာ ကဆုန်ပေါက်ပြီး ထွက်ပြေးရတော့၏။

“နောက်ကျခြေထောက် သစ္စာဖောက်ပေါ့”

❁ ❁ ❁

“မြတ်စွာဘုရား”

သွယ်တို့ မိခင်မျက်လုံးပြူးပြီး ဘုရားတ,သွား၏။

“အို! . . မိုင်ဂေါ့ဒ်”

မိုးရဲ့မိခင် မျက်ဆံပြူးပြီး မိုးကို ဆွဲဖက်ထား၏။ သျှားရဲ့မိခင်ကလည်း ပျာပျာသလဲဟန်ဖြင့် –

“ကြဲကြဲဖန်ဖန် လုပ်ကစားရတယ်လို့ သမီးတို့ရယ်၊ မသေကောင်း မပျောက်ကောင်း ဖွီးဟယ် . . ဖတ် . . ဖတ်”

အိမ်ထဲမှာ အားလုံးစုစည်းမိပြီး သရဲခေါ်တဲ့အကြောင်းတွေ သရဲခြောက်ခံရပုံတွေ ပြောပြလိုက်ခြင်း ဖြစ်သည်။

သျှားရဲ့မိခင်က –

“ပရိတ်ရေပုလင်း ရှိတယ် . . သွားယူလိုက်ဦးမယ်။ အပေါ်



www.burmeseclassic.com

www.burmeseclassic.com

# စေတန်

ထပ်က ဘုရားခန်းထဲမှာ၊ တစ်ယောက်ယောက် အဖော်လိုက်ခဲ့ဦး"

မိုးရဲ့မိခင် အဖော်လိုက်သွား၏။ ဇော်ရဲ့မိခင်က –

"ဒါမျိုးဆိုတာ မလုပ်ကောင်းဘူး။ မကောင်းဆိုးဝါးနဲ့ မပတ်သက်ရဘူး။ မင်းတို့ . . တယ်ခက်ကြတာပဲ။ အိမ်ထဲထိ ဖိတ်ခေါ်မိသေးလား"

နေက ခေါင်းခါပြ၏။ မိုး၊ သျှား၊ သွယ်တို့ ထိတ်လန့်ကြောက်ရွံ့နေကြဆဲပင်။ ဘုန်းက ခြံဝကို စူးစိုက်ကြည့်နေမိ၏။

ခြံတံခါးဝမှာ မကောင်းဆိုးဝါးတွေ လုံးလားထွေးလားနှင့် သတ်ပုတ်၊ လုယက် မာန်ဖီသံလိုမျိုး အသံထွက်ပေါ်နေ၏။ ခြံတံခါးကြီးကိုလည်း တဝုန်းဝုန်းနှင့် တွန်းတိုက်ခံနေရ၏။

ခွေးအုပ် အစာလုနေသလိုပင်။

အားလုံးရဲ့အကြည့်တွေ . . ခြံတံခါးဝဆီ စုပြုံရောက်ရှိသွား၏။

"ခြံဝမှာ ဘာတွေဖြစ်ကုန်ပြီလဲ"

"သရဲတွေနဲ့ တူတယ် . . အန်တီ၊ ခြံစောင့်ကြီး သန်းဌေးကလည်း မူးပြီး အိပ်ပျော်နေပြီနဲ့ တူတယ်။ သူက ညှော်သည်နဲ့ ညှော်ခံပွဲရှိရင် အရင်မူးပြီး ချောင်ထဲ သွားအိပ်နေတော့တာပဲ၊ ဒုက္ခပါပဲ"

မှန်တံခါးကို နေက ဆွဲပိတ်လိုက်စဉ် ဘုန်းက –

"နေဦး . . ငါ သွားကြည့်လိုက်ဦးမယ်"

"ဟယ်! . . မသွားနဲ့"

"အေးလေ . . မကောင်းဆိုးဝါးတွေ ဟဲ့"

"သူခိုး၊ ဓားပြတွေ ဖြစ်နေရင် ဘယ်လိုလုပ်မလဲ၊ အသာနေ

www.burmeseclassic.com



ကျွန်တော် သွားကြည့်လိုက်မယ်"

"နေ . . မင်းလိုက်သွား အဖော်ပါတော့ ကောင်းတာပေါ့ကွာ"

"မင်းလိုက်ပါလား ဖွဲ့ရ . . ငါ မလိုက်ရဲဘူးကွ"

"ငါလည်း မလိုက်ရဲဘူး . . ဇော်ရာ"

"ဟေ့အေး . . ဘာတွေဖြစ်မှန်းလဲ မသိဘူး"

သျှားက –

"နင်တို့ ယောကျ်ားတွေဖြစ်ပြီး . . ထမိန်တွေ၊ စကတ်တွေ ဝတ်ထားဖို့ပဲ ကောင်းတယ်"

ဘုန်းက –

"ဘယ်သူမှ မလိုက်နဲ့ . . မှန်တံခါး ပိတ်ထား၊ အခြေမလှရင် သံပန်းဆွဲ တံခါးပါပိတ်လိုက်၊ ငါ့ကို ငဲ့ကွက်မနေနဲ့"

ပြောပြီး ဘုန်း အပြင်ထွက်ရပ်လိုက်၏။ မှန်ဆလိုက် လျှောထိုး မှန်တံခါးကြီး ပိတ်သွား၏။

"ဝုန်း! . . ဂျိန်း! . . ဒုန်း! . ."

အချိန်အခါမဟုတ် မိုးထစ်ချုန်းသံကြီး ကြားလိုက်ရ၏။ မိုးရာသီလည်း မဟုတ်သေး။ မကောင်းဆိုးဝါးတွေ သဘာဝလွန်အောင် လုပ်ဆောင်နေ၍ မိုးနတ်မင်းက သတိပေး ခြိမ်းဟန့်လိုက်သံလား မသိ။ ဘုန်း . . ခြံရှေ့ကို သတိကြီးကြီးနှင့် လှမ်းလျှောက်သွား၏။

တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း၊ လေးလှမ်း၊ ငါးလှမ်းနှင့် ခြံတံခါးနားကို ရောက်လာ၏။ သံပန်းပြားကြီး ကာထားသောကြောင့် အပြင်ဘက်ကို သေချာမမြင်ရ။



www.burmeseclassic.com

www.burmeseclassic.com

## စေတန်

ရုတ်တရက် မီးထိန်ထိန်လင်းနေတာ ပျက်သွား၏။ မှောင်
အတိ ကျသွား၏။ ဝင်းခနဲ ! . . ပြက်သွားသော လျှပ်လက်ခြင်းကို
ဘုန်း မတွေ့လိုက်ရ။ ကျန်တဲ့သူတွေ တွေ့လိုက်ရ၏။ ဘုန်း ဆံပင်
တွေ ထောင်တက်သွား၏။ ကျောရိုးထဲ စိမ့်ခနဲ ဖြစ်သွား၏။

မိုးကြိုးစက်ကွင်းကျနေသော ဧရိယာထဲကို ရောက်နေမှန်း
သိ။

ဂျိမ်း! . . ခနဲ

မိုးကြိုးပစ်ချလိုက်၏။ ပြိုင်ဝင်း ထင်းလင်းသော အလင်း
ရောင်ကြောင့် နေတို့အုပ်စု မျက်လုံးတွေ ကျိန်းစပ်သွား၏။

သူတို့အားလုံး အံ့ဩတုန်လှုပ်စွာ သိလိုက်ရသည်က . . ခြံ
ဝင်းခါးဝကို မိုးကြိုးပစ်ချလိုက်ခြင်းပင်။

ခြံဝမှာ ဘုန်းရောက်နေပြီ။ ဘုန်းကိုပင် မိုးကြိုး ထိမှန်သွား
ပြီလော။ မထိမှန်ရင်တောင် . . စက်ကွင်းမလွတ်တာ လုံးဝသေချာ
သွား၏။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com





# STAGE - 3

ဘုန်း တစ်နာရီခန့် မေ့လျော့နေ၏။ ဆေးရုံ အရေးပေါ်ကား ငြင့်တင်ခေါ်ပြီး ဆေးကုသလိုက်၏။ ဆေးရုံပေါ်မှာ ပြန်သတိရ ဘ၍ အားလုံးဝမ်းသာကုန်ကြ၏။

ဘုန်းက မိဘတွေ မရှိ။ ဘုန်း (၁၀)နှစ်သားလောက် ကတည်း က မိဘတွေ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကုန်ကြ၏။ သဘော ား လူပျိုကြီး ဦးလေးငယ်နှင့် အတူနေရ၏။ ဦးလေးငယ်က ဘုန်း သော်လိုက်နိုင်ဖို့ စီစဉ်နေဆဲ ကာလဖြစ်သည်။

ဦးလေးငယ် အသက်ငါးဆယ်ကျော်ပြီမို့ ပြန်နားပြီး



www.burmeseclassic.com

www.burmeseclassic.com

# စေတာန်

ရေသန့်နဲ့ အချိုရည်စက်ရုံမှာ ရှယ်ယာဝင်ထား၏။ လုံးချင်းအိမ် နှင့် ဇိမ်ခံကားတစ်စီး ရှိ၏။

ဘုန်းရဲ့ဘေးမှာ ဦးလေးငယ်ပါ ရောက်နေ၏။

"ကံကြီးလို့ မသေတာ"

"မင်းရင်ထဲက ဘယ်လို ခံစားနေရသေးလဲ"

"ပေါ့ပေါ့ပါးပါး ဖြစ်သွားသလိုပဲ၊ ပြီးတော့ စိတ်တွေက စိုက်ခနဲ . . စိုက်ခနဲ အိပ်ငိုက်သလို အိပ်ပျော်သလို ဖြစ်ဖြစ်သွား တယ်။ အဲ့ဒီလိုဖြစ်သွားရင် ကျွန်တော် ထူးဆန်းတာတွေ မြင်လာရ တယ်။ ထူးဆန်းပြီး ကျောစိမ့်ချင်စရာကောင်းတဲ့ အသံကြီး တစ်သံ ကို ကြားနေရတယ်"

"ဟင်! . . ဘာသံကြီးလဲ"

"ငါဟာ . . သေမင်း . . သေမင်းတဲ့ . . သူ့ကိုယ်သူ ပြောနေတဲ့ လူကြီးတစ်ယောက် ခေါင်းမြီးခြုံထားတယ်။ လက်ထဲ မှာ တံစဉ် လုံ့ရှည်ပေါက်ချွန်တံကြီးနဲ့ ရုပ်ရည်ကလည်း အရိုးခေါင်း ပုံစံကြီး"

"ယမမင်းကို ပြောနေတာလား"

"မဟုတ်ဘူး . . သေမင်း"

"သေမင်းနဲ့ ယမမင်းက အတူတူပေါ့ဗျာ"

"မဟုတ်ဘူး . . သူက သေမင်းပဲ . . ယမမင်းက ငရဲ မ ရောက်ရအောင်လို့ တတ်နိုင်သလောက် ကူညီကယ်တင်ပေးနိုင်တာ သေမင်းက အရိုးခေါင်းမျက်နှာ၊ ခေါင်းမြီးခြုံနဲ့ တစ်ကိုယ်လုံး ဝတ်ရုံ နက်ကြီး ခြုံဝတ်ထားတယ်၊ ကြောက်စရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



အားလုံး တအံ့တသြတွေ ဖြစ်ကုန်ကြ၏။

မိုးကြိုးစက်ကွင်းမိသွား၍ ဦးနှောက်နဲ့ အာရုံကြောတွေ ထိခိုက်သွားပြီဟု ထင်တဲ့သူက ထင်ကြ၏။ ကြောက်လန့်စိတ်နဲ့ သည်းခြေပျက် ရူးသွားပြီဟု တီးတိုးပြောသူတွေက ပြောကြ၏။

အားလုံးရဲ့ သတ်မှတ်ချက်ကတော့ . . ဘုန်းတစ်ယောက် ကြောင်တောင်တောင် ဖြစ်သွားပြီပေါ့။ ဆေးရုံမှာ တစ်ရက်တာ စစ်ဆေးကုသမှု ခံယူပြီးတာနဲ့ ပြန်ဆင်းခွင့်ရ၏။

ဘုန်းရဲ့အိမ်ကို သူငယ်ချင်းတွေပါ လိုက်ပို့ပေး၏။ ဘုန်းက သွယ့်ကို သေသေချာချာ စိုက်ကြည့်နေ၏။ ဇော်က –

“ဘုန်း . . အဲဒါ ငါ့ဘာဂျာ . . အဲလေ ငါ့ ဇော်နော်၊ မင်း ခေါ်မှားနဲ့”

“သွယ် . . သွယ် . . သေ . . တော့ . . မယ်”

“ဟင်! . .”

“ဘာ! . .”

“အလိုလေး! . .”

“ဘာလို့ သွယ်က သေရမှာလဲ၊ ကျန်းမာလိုက်တာမှ ဒေါင်ဒေါင်ကို မြည်နေတာပဲ၊ အဓိပ္ပာယ်မရှိတာကွာ။ ငါ့ဇော်ကိုများ သေစကားပြောရတယ်လို့၊ မစားရတဲ့အမဲ သဲနဲ့မပက်ပါနဲ့ . . ဘုန်း”

ဇော်က ဖုသွားပြီး ဘုတောာ၏။ သွယ်က လန့်ထိတ်သွားသော ဟန်အမူအယာဖြင့် –

“ငါ့ . . ငါ . . ကြောက်တတ်တယ်၊ ဘုန်း နင် . . ရှင်တည်ကြီးနဲ့ မနှောက်နဲ့နော်”



www.burmeseclassic.com

www.burmeseclassic.com



"ငါ တကယ်ပြောနေတာ . . သွယ်၊ မနက်ဖြန်နေ့လယ် တစ်နာရီမှာ နင် အမြင့်က ပြုတ်ကျပြီး သေမှာ . . နင်တို့ အိမ်ရဲ့ဝရန်တာပေါ်ကနေ ပြုတ်ကျမှာ . . ခေါင်းနဲ့စိုက်ကျပြီး ဇက်ကျိုးသေမှာ"

"ဘုရား! . . ဘုရား! . ."

"အမလေး! . . လေး"

သွယ်က ပါးစပ်ထဲ လက်ထည့်ပြီး မျက်လုံးဝိုင်းလေးနှင့်။ မိုးနဲ့သျှားက သွယ့်ကို အသာဖေး ဖက်ထားလိုက်ကြ၏။ နေက–

"ပေါက်ကရတွေ လျှောက်ပြောမနေနဲ့ . . ဘုန်း၊ သွယ်ကလည်း စွတ်ကြောက်မနေနဲ့။ ဘုန်းရဲ့ခေါင်းကို ထိထားလို့ စိတ်ကစဥ့်ကလျားဖြစ်ပြီး ပြောနေတာပါဟာ"

"အေးလေ . . ဘုန်းရဲ့စကားကို အတည်မှတ်မနေနဲ့"

ဖွဲ့ကလည်း ဝင်ပြောလေ၏။ ဇော်က–

"ဒီကောင် မိုးကြိုးစက်ကွင်းမိပြီးမှ ပိုင်ပေပေနဲ့ စကားအဆန်းတွေ ပြောနေတယ်၊ သေမင်းတဲ့ . . ငါ့စော်လေး သိပ်ကြောက်နေပြီ။ ထပ်မခြောက်နဲ့တော့ . . ဘုန်း မင်း အနားယူလိုက်ဦး၊ ငါတို့ပြန်တော့မယ်"

ဦးလေးငယ်လည်း နားထောင်နေရာက–

"ဟုတ်တယ် . . ဘုန်း အနားယူပါစေ။ မင်းတို့ လိုက်ပို့ပေးတာ ကျေးဇူးတင်တယ်"

"ဦးလေး . . ကျွန်တော် တကယ်ပြောနေတာ၊ သေမင်းက သွယ် ဘယ်လိုပုံစံ သေရမယ်ဆိုတာကို အသေးစိတ်ပြတာမြင်ပြီးပြီ"

"ဟာကွာ! . . အိပ်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com

သရဲဂိမ်း

သူငယ်ချင်းတွေ မျက်စိမျက်နှာပျက်ပြီး ပြန်ကုန်ကြ၏။ ဘုန်းက သွယ်သေရမည့်ပုံစံ အသေးစိတ်ကို ဦးလေးငယ်အား ပြောပြနေပြန်၏။ ဦးလေးငယ်လည်း ဘုန်း ကြောင်ပြီးပြောနေတာ ထင်မိ၏။ စိတ်ရောဂါကုသည့် သမားတော်နှင့် ပြောင်းပြဖို့ စိတ်ထဲ တေးလိုက်မိတော့၏။

＊ ＊ ＊

သွယ် ဖုန်းနှင့် ဂိမ်းကစားနေစဉ် စာငှက်ကလေးတစ်ကောင် အပျံသင်ခါစလေး မြက်ခင်းပြင်ပေါ် အသာကျလာ၏။ တောင်ပံလေးတွေ တလှုပ်လှုပ်နှင့်။ သွယ့်အိမ်မှာမွေးထားသော ပူစီက ငှက်ကလေးကို ပြေးခုတ်၏။

ငှက်ကလေးက လန့်ပြီး အပေါ်ကို ပျံတက်ပြေး၏။ အပေါ်ထပ် ဝရန်တာကို ရောက်သွား၏။ ပူစီကလည်း အိမ်ထဲ လှစ်ခနဲ ပြေးဝင်သွား၏။ ငှက်ကလေးကို သွားခုတ်မှာ သွယ်သိနေ၏။ ပူစီနောက်ကို ပြေးလိုက်မိသည်။

သွယ်တို့ခြံထဲကို ဘုန်းရဲ့ကား မောင်းဝင်လာ၏။ ဘေးမှာ ဦးလေးငယ်လည်း ပါလာ၏။ လက်ကနာရီ တကြည့်ကြည့်နှင့် နေ့သယ် တစ်နာရီထိုးဖို့ ငါးမိနစ်ပဲ လိုတော့သည်။

ဝရန်တာ အောက်နားမှာ နားနေသော ငှက်ကလေးကို ပူစီ ပြေးခုတ်ပြန်၏။ ငှက်ကလေးကို ဖျတ်ခနဲပျံပြီး လက်ရမ်းမှာ နားပြီး အကျိုကျို၊ တပိပိနှင့် အော်ဟစ် အကူအညီတောင်းနေ၏။ ပူစီက အမ်း ခုန်ဟပ်လိုက်ရာ အရှိန်မထိန်းနိုင်ဘဲ ဝရန်တာအပေါ်ကနေ



www.burmeseclassic.com

www.burmeseclassic.com



အောက်ပြုတ်ကျမလို ဖြစ်သွား၏။

သွယ်မေ့ပြီး ဝရန်တာကို ရောက်လာ၏။ ပူစီက ဝရန်တာ အစွန်းကို ကုတ်ခြစ်ပြီး တညှောင်ညှောင်နှင့် အကူအညီတောင်းနေ၏။

"ပူစီ . . နင်သိပ်မိုက်ပါလား၊ သူများအသက်ကို သတ်ချင်လို့ အခု နင်ဒုက္ခရောက်ရပြီ မဟုတ်လား"

သွယ်လည်း ပူစီကိုကယ်ဖို့ ဝရန်တာလက်ရမ်းကို ကုန်းပြီး ပူစီ့လက်ကို လှမ်းဆွဲကြည့်၏။ မှီလုမှီခင် ဖြစ်နေပြီ။

"သွယ် . . မလုပ်နဲ့၊ သွယ် . . နောက်ဆုတ်"

ကားရပ်ပြီး ဘုန်း အော်ဟစ်ကာ ဝရန်တာအောက်ကို ပြေးသွား၏။ သွယ်က မကြား။ ကြောင်လက်ကလေး ဖမ်းဆုပ်မိဖို့ ခြေဖျားထောက်ရင်း ကြိုးစားရာက အောက်ခြေလွတ်ပြီး ဇောက်ထိုးကြီး ပြုတ်ကျသွား၏။

"အမလေး! . ."

"ဟာ! . . သွယ်"

ဘုတ်! . . ခနဲ –

ပြုတ်ကျလာသော သွယ့်ကို ဘုန်း မိမိရရ ဆီးဖမ်းလိုက်၏။ ဇောက်ထိုးကျသော သွယ်ရဲ့ဝမ်းဗိုက်ပိုင်းကို ဖမ်းမိပြီး ပြုတ်ကျလာသည့်အရှိန်ကြောင့် နှစ်ယောက်လုံး လဲပြိုသွား၏။

ဦးလေးငယ်လည်း အော်ဟစ်ပြီး ပြေးလာ၏။ ဆူညံသံတွေကြောင့် အိမ်ထဲက သွယ့်မိဘနှစ်ပါးလည်း ပြေးထွက်လာ၏။

ဦးလေးငယ်က သွယ့်ကို ဆွဲထူ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . ဘာဖြစ်သွားသေးလဲ ကလေး"

"ရှင် . . လန့် . . လန့်တယ်၊ ကျွန်တာ ဘာ . . ဘာမှ မဖြစ် . . ဘုန်း . . ဘုန်း . . ငါခုမှ သတိရတယ်။ ဘုရားရေ . . နင် . . နင် ဝင်ကယ်လို့သာပေါ့"

ဘုန်းက ဆီးဖမ်းရသူမို့ ရင်ဘတ်နှင့်ကျောတွေ အောင့်နေ၏။ ဦးလေးငယ် ဆွဲထူမှ ပြန်ထနိုင်၏။

"ဘယ်လိုတွေ ဖြစ်ကြတာလဲ"

"သမီး . . ဝရန်တာပေါ်က ခုန်ချတာလား"

ဖခင်နှင့် မိခင် အလောသုံးဆယ် မေးလာ၏။

"မဟုတ်ဘူး မေမေ . . သမီး ပူစီကိုကယ်ရင်း ဝရန်တာပေါ်က ခောက်ထိုးပြုတ်ကျတာ၊ အဲ့ဒါ ဘုန်းက ဆီးဖမ်းပြီး ကယ်လိုက်လို့"

"ဟာ! . . ဖြစ်ရလေတယ်"

"ဖြစ်မှ ဖြစ်ရတယ် . . ငါ့သမီးရယ်၊ ကံကြီးပေလို့သာပေါ့။ ကျောက်ပြားခင်းပေါ်ကျရင် အသေနဲ့အကျိုးတစ်ခုခုတော့ ကျိန်းသေဖြစ်မှာ"

"သမီးရယ် . . ကြောင်အတွက်နဲ့များ ဒီလောက် စွန့်စားရသလား၊ မသေကောင်း မပျောက်ကောင်းကွာ"

ပူစီ လက်မမြဲဘဲ ပြုတ်ကျလာ၏။ သွယ့်ဖေဖေ ဦးမောင်မောင်ကျော်က ဆီးဖမ်းပြီး လက်နဲ့သုံးလေးချက်ရိုက်ကာ ပြန်လွှတ်ပေးလိုက်၏။

"ဒီကြောင်စုတ် . . ငါ စိတ်ရှိလက်ရှိ လုပ်လိုက်ရရင် သေ

www.burmeseclassic.com



တော့မယ်၊ တော်သေးတာပေါ့ . . မောင်ဘုန်း အချိန်မီရောက်လို့"

အိမ်ဖော်မလေးက ရေခပ်လာပြီး သွယ့်ကို ပြေးတိုက်၏။ ဘုန်းက –

"နင့်ကို ငါ သေချာ ပြောထားသားပဲ၊ ဝရန်တာက ပြုတ်ကျပြီး သေလိမ့်မယ်လို့၊ အခုကြည့်စမ်း . . တစ်နာရီနဲ့ လေးမိနစ်စွန်းသွားပြီ။ နင် ပြုတ်ကျတုန်းက တစ်နာရီတိတိပဲ"

သွယ် ထိတ်လန့် တုန်လှုပ်သွား၏။ ဦးလေးငယ်က သွယ်ရဲ့ မိဘနှစ်ပါးကို ရှင်းပြနေ၏။ ဘုန်းက သွယ့်ကို စိုက်ကြည့်ရင်း သေမင်းရုပ်ပုံကို ပြန်မြင်ယောင်လာ၏။

အကြောင်းစုံသိရ၍ သွယ့်မိဘတွေပါ အံ့ဩတုန်လှုပ်ကုန်၏။ အကြားအမြင်လား၊ တတိယမျက်လုံးလား၊ နတ်မျက်စိလား၊ ဆဋ္ဌမအာရုံလား၊ စိတ်စွမ်းအင်လား။

ဘုန်း ကျမှ သေမင်းကို မြင်နေရ၏။ သေမင်းထံမှ သေခြင်းစကားတွေ ကြားနေရ၏။ သေမင်းနဲ့ ထွေခင်းကစားပွဲမှာ သွယ်မသေအောင် ဘုန်း ကယ်တင်လိုက်နိုင်၏။

"ငါ့တူ မောင်ဘုန်း မင်း . . မင်း ဘာဖြစ်သွားတာလဲ၊ မူးဝေ မောဟိုက်သွားတာလား"

ယိမ်းထိုး ငိုက်စိုက်ဖြစ်သွားသော ဘုန်းကို ဦးလေးငယ်က ဖေးကူတွဲရင်း အတင်းမေးနေ၏။

"သေ . . သေမင်း . . သူမကျေနပ်ဘူးတဲ့ . . နောက်တစ်ယောက်ကို သန်ဘက်ခါ ညနေ(၃)နာရီတိတိမှာ ထပ်ခေါ်သွားမယ်"

"ဟေ! . . ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့ သူငယ်ချင်းတွေထဲကပဲ"

"ဘယ်သူလဲ"

"မိုး"

အားလုံး အံ့ဩတုန်လှုပ်သွားကုန်၏။

❁ ❁ ❁

ဘုန်းအိပ်ပျော်နေစဉ် ဝန်းကျင်တစ်ခုလုံး မိုးမှောင်ကျသွား၏။ မုန်တိုင်းတိုက်သံလို၊ လေကြီးမိုးကြီးကျသံတွေ ဆူညံသွား၏။ ပြတင်းပေါက် တံခါးက ပိတ်လိုက် . . ပွင့်လိုက်၊ ပွင့်လိုက် . . ပိတ်လိုက်နှင့်။

အပြင်ဘက်မှာ မိုးသက်လေပြင်းကျသလို၊ ဝေါဝေါဝေဝေ ဆူညံနေ၏။ မိုးရေတွေ သွပ်ခေါင်မိုးပေါ် သဲသဲမဲမဲ ရွာချနေသံမျိုး။ လျှပ်ရောင်တွေ လင်းခနဲ ထင်းပြက်သွား၏။

တော်လည်းသံမျိုးကြီး ကြားလိုက်ရပြီး ဘုန်းဆံပင်တွေ အပေါ်ကို ထောင်တက်သွား၏။ ကျောရိုးထဲ စိမ့်တက်သွားပြီး ကြက်သီး ဖုတွေ သီးထကာ ခေါင်းနဘမ်းကြီးထွက်သွား၏။

လာပြီ၊ သူ လာနေပြီ။

ဘယ်သူလဲ။

သေမင်း။

"ခွမ်း! . ."

မှန်ပြတင်းကို ဖောက်ခွဲသွား၏။ ဒီလောက် ကမ္ဘာပျက်သလို ဆူညံပွက်နေတာတောင် ဦးလေးငယ် မနိုး။ ဘုန်း မအော်ဟစ်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၏။ လည်ချောင်းထဲက အသံတစ်စ မထွက်။ ဘုန်း ခန္ဓာကိုယ်ကို ရွေ့လျားကြည့်၏။ လှုပ်ရှားမှုတွေက စိတ်သွားတိုင်း မပါ။ အလွန်နှေးကွေး လေးလံနေပြီ။ ရိပ်ခနဲ ပြေးဝင်လာသော အရာကိုသာ တွေ့လိုက်ရ၏။

"ဖြောင်း! . ."

လက်ပြန်ဖြတ်ရိုက်ခံရသလို မျက်နှာ လည်ထွက်သွား၏။ နာကျင်သွားသော မျက်နှာတစ်ခြမ်းကို လက်နှင့်အုပ်ရင်း လုပ်တဲ့သူကို ပြူးပြဲ ထိတ်လန့်စွာ လိုက်ရှာကြည့်မိ၏။

"ဒိုး! . ."

လှံ တံစဉ်းကောက်ကြီးဖြင့် ဘုန်းကို ဖြတ်ပိုင်းလိုက်၏။ ဘုန်း လန့်ဖျန့်ပြီး နောက်ကို ခုန်ရှောင်လိုက်၏။ အခန်းတံခါးကို ဆွဲဖွင့်ပြီး အိမ်ခန်းထဲဝင်ပြေး၏။ ခြေလှမ်းတွေက နေရာက မရွေ့ချင်။ အတင်းအားထည့်ပြီး သွားရသလောက်သာ။

"ဒိုး! . ."

နောက်ကနေ ခုတ်ပိုင်းလိုက်၍ ကြောက်လန့်တကြား ငုံ့ရှောင်လိုက်၏။ အိမ်ထောင် ပရိဘောဂတွေကို ခုတ်မိကုန်၏။

(ဦးလေးငယ် . . ကယ်ပါဦး . . ဦးလေးငယ်)

ဘုန်း စိတ်ထဲက အော်နေခြင်းပင်။ အသံက လုံးဝမထွက်။ အားအင်ချိနဲ့ပြီး ကြောက်လန့်ဖော့ကြီးကပ်နေ၏။ ဖျတ်ခနဲ သတိရပြီး ဘုရားခန်းရှိရာ ရုန်းသွားမိသည်။

"ငါ့အလုပ်ကို ဝင်ဖျက်ဆီးတဲ့ကောင်"

အသံဆိုးကြီးဖြင့် ပြောလိုက်သံလိုလိုကို ကြားလိုက်ရပြီး



www.burmeseclassic.com

www.burmeseclassic.com



လှမ်းခုတ်ပိုင်းပြန်၏။ ဘုရားခန်းရှေ့မှာ လဲပြိုကျသွား၏။ ဘုရားခန်း တံခါးကို လက်နှင့်တွန်းဖွင့်မိလျက်သား ဖြစ်သွား၏။

“ဝုန်း! . . ဒုန်း! . . ဂွမ်း! . .”

အိမ်ထောင်ပရိဘောဂတွေ ပြုတ်ကျ ကွဲပြီး ကျဲပြန့်ကုန်၏။

ဘုရားစင်ကို လှမ်းမြင်၏။ လဲကျနေရာက လက်အုပ်ချီပြီး မြတ်ဗုဒ္ဓဘုရားရှင်ကို ရှိခိုး ကော်ရော်လိုက်၏။

“ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ”

ဝေါဝေါမြည်သံတွေကို တစ်နေရာက အသံဆွဲစုပ်ယူလိုက်သလို ဖြစ်သွား၏။

“မဆိုနဲ့”

“ဓမ္မံ သရဏံ ဂစ္ဆာမိ”

“တိတ်စမ်း မရွတ်နဲ့၊ ဟား . . ဟား . . သေစမ်းကွာ”

“သံဃံ သရဏံ ဂစ္ဆာမိ”

သေလိုက သေ။ သရဏဂုံ ဆောက်တည် ရွတ်ဆိုလိုက်၏။ အသံတွေ ဝုန်းဒိုင်းကျဲပြီး အသံနက် အော်ဟစ်သံကြီးတွေ အဝေးဆုံးကို လွင့်ထွက်သွားသလိုပင်။ အသံတွေ လုံးဝ တိတ်ဆိတ်သွား၏။

(( ဦး . . လေး . . ငယ် . . ဦး လေး ငယ် ))

အသံတွေ ထွက်လာ၏။ အားစိုက်ပြီး အော်လိုက်သောအခါ ဦးလေးငယ် အိပ်မှုံစုံမွှားဖြင့် ရောက်လာ၏။

“ဘုန်း . . ဘယ်လိုဖြစ်ရတာလဲကွာ၊ ဘုရားခန်းရှေ့မှာ အောက်ခုံကြီး ဘာဖြစ်နေတာလဲ”

“သေ . . သေမင်း . . ကျွန်တော့်ကို လာသတ်နေလို့”



www.burmeseclassic.com

www.burmeseclassic.com

## မေတာန်

"အမ်! . . ဒီကောင်ကွာ . . လာ . . လာ . . ထ"

ဦးလေးငယ်က ဆွဲထူပေးမှ ထရပ်ပြီး သွားနိုင်လာနိုင်၏။

"ကျွန်တော် တကယ်ပြောနေတာ၊ ကျွန်တော့်ကို လိုက်ခုတ်တာ အသံတွေ ဆူပွက်နေတာပဲ။ ပစ္စည်းပစ္စယတွေ ခုတ်မိထားတာ။ ဟင်! . . အခန်းထဲမှာ ဘာ . . ဘာမှ မရှိ၊ ဘာမှ မဖြစ်ခဲ့သလိုပဲလား"

"မင်း အိပ်မက်ဆိုးမက်နေတာ နေမှာပေါ့"

"မဟုတ်ဘူး . . တကယ်ဖြစ်တာ မှန်ပြတင်းတံခါးကို ခွဲပြီး ဝင်လာတာ အိပ်ခန်းထဲ ဝင်ကြည့်"

အိပ်ခန်းထဲ ဝင်ကြည့်သောအခါ–

"ဟင်! . ."

"မှန်တံခါးက အကောင်းကြီးပါ"

"အဲဒါဆို ကျွန်တော်က ဘာလို့ ဘုရားခန်းရှေ့ ရောက်နေရတာလဲ"

"အိပ်မက်ဆိုးမက်ပြီး ယောင်ရမ်းသွားနေမိတာ နေမှာပေါ့ ကွာ"

"မဟုတ်ဘူး၊ တကယ် . . သွယ့်ကိစ္စမှာ ကျွန်တော် သက်သေ ပြပြီးပြီလေ"

"မင်းဟာက ရှုပ်နေတာပဲ။ ယုံရအခက်၊ မယုံရအခက်နဲ့ ကဲ . . ဒရင်းဘုတ်နဲ့အိပ်၊ ဘေးမှာ ဦးလေး စောင့်အိပ်ပေးမယ်။ အိပ် တော့ကွာ . . ခေါင်းနောက်စရာတွေ မပြောပါနဲ့တော့"

ဘုန်းလည်း ယုံကြည်လာအောင် မပြောသာတော့။ သေမင်း ကတော့ ထွေခင်းကစားနေပြီ။ ရတနာသုံးပါး ကယ်ဆယ်လိုက်၍သာ



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းခမျာ မိမွေးတိုင်း၊ ဖမွေးတိုင်း အသက်ဆက်ရှင်နေရခြင်းပင်။ နို့မို့ကတော့ . . တွေးမိရုံနဲ့ ကျောထဲစိမ့်တက်အောင် ကြောက်ရွံ့သွားမိတော့၏။

❋ ❋ ❋

"မဖြစ်နိုင်ဘူး . . သူပြောတာ လုံးဝမဖြစ်နိုင်တဲ့ ကိစ္စပဲ။ သေမင်းကို လွှန်ဆန်လို့ရမတဲ့လား"

သျှားရဲ့ဖခင်က ပြောလာ၏။ ဦးလေးငယ်က –

"သေနေ့စေ့ပြီဆိုတဲ့လူကို သေမင်းက မလွဲမသွေ ခေါ်မှာပဲ။ သေခြင်းတရားဆိုတာ လွှန်ဆန်လို့ရတဲ့အရာမှ မဟုတ်တာ"

ဦးလေးငယ်စကားကို နေတို့သားအဖလည်း နားထောင်ခါင်းညိတ်ကုန်ကြ၏။ ဖွဲ့တို့အဖေက လေးလေးနက်နက် တွေးနေကြ၏။ ဇော်တို့အဖေက အလုပ်များနေ၍ မလာနိုင်။ ညဘက် တွေ့ဆုံပွဲကို မိုးတို့အိမ်မှာ ကျင်းပဖြစ်၏။ ဘုန်းကို ဘုန်းကြီးကျောင်းမှာ တရားသွားထိုင်ခိုင်းထား၍ တရားသွားထိုင်နေ၏။ မိုးအလှည့်ကြောင့် မိုးမိဘတွေ စိတ်လှုပ်ရှားပြီး ငြိမ်တိတ်နေကြ၏။

"တစ်ခုတော့ ရှိတယ်။ ဘယ်နေ့သေမယ်ဆိုတာ ကြိုသိတဲ့သူဟာ တံတားခင်းတာ၊ ညောင်ထောက်ပေးတာ၊ လမ်းပြင်ပေးတာ၊ ကန်ထဲက အမှိုက်တွေ ဆယ်ပေးတာမျိုးတွေ လုပ်ပေးရင် ကံဆက်ပြီး သေနေ့စေ့ချိန်မှာ မသေတော့ပြန်ဘူး။ အဲ့ဒါ ဘုရားလက်ထက်တော်တတည်းက ရှိခဲ့တာ"

ဇော်တို့အဖေက ဝင်ပြောလိုက်ခြင်းပင်။ ဦးလေးငယ်က–



www.burmeseclassic.com

www.burmeseclassic.com



"သွယ်က ဘာကောင်းမှုကုသိုလ်မှ ဆက်မလုပ်ဖြစ်ဘူးလေ။ ဘုန်းပြောတာ မယုံလို့ပေါ့၊ ဘုန်းကလည်း ကြိုသိနေတော့ ကြိုတားနိုင်သလို ဖြစ်သွားတာပေါ့"

ဒီမှာတင် မိုးရဲ့ဖခင်က လည်ချောင်းကို ချောင်းဟန့် ရှင်းလိုက်ပြီး–

"ကျွန်တော်ကတော့ သမီးအတွက် ကာကွယ်ရမှာပဲ။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ မနက်ဖြန် (၃)နာရီအချိန်ထိ ဂရုစိုက်ပြီး စောင့်ကြည့်ရမှာပဲ"

မိုးရဲ့ မေမေကပါ–

"ဒီအကြောင်းတွေ သမီးလေး မိုးသိရင် စိတ်ဆင်းရဲမှာစိုးလို့ အားလုံးကို နှုတ်ပိတ်ခိုင်းထားရတာ . . သမီးမိုးက နလုံးရောဂါဖြစ်ချင်နေတာ"

"အားလုံး နှုတ်လုံကြပါတယ် . . ဘုန်းကို သွားမပြောဖို့ ကိုယ် တားထားတာ ကျိန်းသေပါတယ်နော်"

"အတင်းအကျပ်တော့ ပြောပြီး တားထားရတာပဲ၊ ဘုန်းကလည်း ခေါင်းမာတယ်။ မိုးကို ကြိုပြောမယ်ချည့်လုပ်နေတာ ဖုန်းပါ သိမ်းထားရတယ်။ မိုး ကြိုသိမှရှောင်နိုင်မှာ သူကိုယ်တိုင်လည်း ဝင် ကယ်မှရမှာတဲ့"

ဖွဲ့ ခေါင်းထောင်မတ်သွား၏။ သူကြိုက်နေတဲ့ ကောင်မလေးက 'မိုး' ဖြစ်နေလို့ပေါ့။

"အဲ့ဒါတော့ သိပ်မဟုတ်သေးဘူး၊ ဘုန်းက ကယ်တင်ရှင် လုပ္စွမ်းကောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့လို မပြောရဘူးလေ သား"

ဖွဲ့ အဖေက ဟန့်တား၏။ နေက –

"မိုး . . ဘယ်ရောက်နေလဲ အန်ကယ်နဲ့အန်တီ"

"သူ့အဒေါ်အိမ် သွားနေတယ်။ သူ့ညီမဝမ်းကွဲ မွေးနေ့ပွဲလေ။ တအောင့်နေ ပြန်လာတော့မှာပါ"

"အဖော် မပါဘူးလား"

"မပါဘူး . . အိမ်က ကားကို သူကိုယ်တိုင်ပဲ မောင်းသွားတာ။ ပါရမီထဲတင်ပါ . . သွားနေကျလေ"

လူကြီးလူငယ် စကားဝိုင်းဖွဲ့ပြောနေစဉ် မိုးက ကားမောင်းပြီး ပြန်လာနေပြီ။ မွေးနေ့ကိတ် ခွဲကျွေးတာစားပြီး ဆုတောင်းပေးခဲ့၏။ မိဘတွေက စိတ်မချ၍ စောစော ပြန်လာဖြစ်သည်။

"ဟင်! . ."

"ဒုန်း! . ."

"မြတ်စွာဘုရား"

မဲမဲပုံစံတစ်ခုကို ဝင်တိုက်မိလိုက်၏။ မြှောက်တက်ပြီး ကျောက်သွား၏။ နောက်ကြည့်မှန်က လိုက်ရှာကြည့်၏။ လမ်းထဲက အရှိန်နဲ့ထွက်လာသော ပရိုဘောက်စ် TAXI တစ်စီးကြောင့် လမ်းမပေါ်ကို ခေါင်းကွေ့တင်လိုက်၏။ အရှိန်ပြင်းပြင်း မောင်းလာသော လိုင်းကားနှင့် –

"ဝုန်း! . ."

"ဂျိမ်း! . ."

ခနဲ ဝင်တိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com

## စေတာန်

မိုး လန့်ထိတ်အော်ဟစ်ရင်း ရင်ဘတ်ထဲ စူးအောင့်သွားသည်။ ဒီနောက်မှာတော့ အမှောင်လောကထဲကို ချာချာလည် ကျရောက်သွားတော့၏ ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com





# STAGE – 4

မိုး . . ည(၈)နာရီမှာ ကားတိုက်ခံရတဲ့ သတင်းကို ည(၉) နာရီကျော်မှ အိမ်သားတွေ ကြားသိရ၏။ ရဲက စုံစမ်းပြီး အကြောင်းကြားခြင်းပင်။ ယာဉ်မောင်းလိုင်စင် ရှာတွေ့၍ အကြောင်းကြားနိုင်ခြင်းသာ။

ဧည့်သည်တွေရော ရှိနေ၍ အံ့သြတုန်လှုပ်ပြီး ပျာယာခတ်သွန်၏။ အားချင်းလိုက်ပြီး ပုဂ္ဂလိကဆေးရုံကြီးဆီ တင်ပို့ရ၏။ အားခေါင်းပိုင်း တွန့်လိမ်သွားသော်လည်း ယာဉ်မောင်းနေရာက လေအိတ်ပွင့်ခံထား၍ မိုးမှာ ပြင်ပဒဏ်ရာ ကြီးကြီးမားမားလည်း



www.burmeseclassic.com

www.burmeseclassic.com



မရှိ၊ သေးသေးမွှားမွှားပင် မတွေ့ရ။

အတွင်းဒဏ်ရာ၊ ဦးခေါင်းဒဏ်ရာတွေအတွက် ဓာတ်မှန်ရိုက်ပြီး စစ်ဆေးကြည့်ကြ၏။ ဆေးရုံမှာ အလုပ်ရှုပ်ကုန်ကြပြီ။ ဦးလေးငယ်က တူဖြစ်သူ ဘုန်းကို ဘုန်းကြီးကျောင်းက ပြန်ကြိုရင်း မိုးအဖြစ်ကို ပြောပြလိုက်၏။

ဘုန်း အံ့ဩတုန်လှုပ်ပြီး ခေါင်းက မိုက်ခနဲ၊ စိုက်ခနဲ ဖြစ်သွား၏။

"ငါ့တူ မင်း အားနည်းနေတာလား . . သိပ်ပြီး စိတ်ထိခိုက်သွားသလား။ ဖုန်းနဲ့ ဆက်သွယ်မှုအရတော့ မိုး ဘာဒဏ်ရာမှ မရှိဘူးတဲ့ . . အတွင်းဒဏ်ဖြစ်ရင်တော့ မပြောတတ်ဘူး"

"ဦးလေး . . မိုးရှိတဲ့ ဆေးရုံကို အမြန်မောင်းပို့ပေး"

"မိုးအတွက် စိုးရိမ်ရလို့လား"

"ဟုတ်တယ် . . ဒီညဟာ သူ့သေခြင်းရဲ့အစပဲ"

ဦးလေးငယ်လည်း ကားကို ဂရုတစိုက်မောင်း၏။ အရှိန်ပိုတင်လိုက်၏။ နာရီဝက်အတွင်း ပုဂ္ဂလိကဆေးရုံကို ရောက်သွား၏။ ဘုန်းတို့ရောက်ချိန်မှာ မိုးကို ခွဲစိတ်ဖို့ ပြင်ဆင်နေပြီ။

"မိုးကို မခွဲနဲ့ . . သူ ဘာမှမဖြစ်ဘူး။ အကြောက်လွန်ပြီး မေ့သွားတာ"

ဘုန်းဝင်ပြော၍ အားလုံး အံ့အားသင့်ကုန်ကြ၏။ မိုး၏ ဖခင်က –

"ခွဲစိတ်ဆရာဝန်ကြီးဆီမှာ လက်မှတ် ထိုးပေးပြီးသွားပြီ"

"ထိုးပြီးလည်း မခွဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဖွဲက –

"ဒါ ဆရာဝန်ကြီးတွေကိစ္စ၊ သူတို့က နားလည်တတ်ကျွမ်းတယ်။ မင်းက ဘာတတ်လို့လဲ။ မိုး တစ်ခုခုဖြစ်သွားရင် မင်း ဘာတယ်တင်နိုင်လို့လဲ"

ခွဲစိတ်ဆရာဝန်ကြီးနဲ့အဖွဲ့ ခွဲစိတ်ခန်းရှေ့ကို ရောက်လာ၏။ မျက်နှာဖုံးတွေ တပ်ထား၏။

ထောင်ထောင်မောင်းမောင်း ဆရာဝန်ကြီးကို ကြည့်လိုက်သောအခါ ဘုန်း အံ့သြထိတ်လန့်သွား၏။

"အဲ့ . . အဲ့ဒါ . . သေ . . သေမင်း"

"ဟင်! . ."

"ဘာ! . ."

"ဟာ! . ."

"ဟုတ်လို့လား"

"ဟုတ်တယ် . . အဲ့ဒါ သေမင်း ဝင်ပူးနေတာ သူ့မျက်လုံး ကွ သေချာကြည့် ရဲတွတ် နီမြန်းနေတယ်၊ မျက်တောင် မခတ်ဘူး။ မိုးကို ဘာရောဂါမှမရှိဘဲ သူခွဲစိတ်ပြီး နောက်နေ့သုံးနာရီမှာ သေဆုံးအောင် သူလုပ်တော့မှာ . . ကျွန်တော်ပြောတာကို ယုံကြည်ပါ"

အားလုံး ဇဝေဇဝါတွေ ဖြစ်ကုန်၏။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိကြတော့။ ဖွဲရဲ့ဖခင်က –

"ဒါ ကလေးကစားစရာ မဟုတ်ဘူး . . အားနာဖို့ ကောင်း...တ်တာ၊ ဟိုမှာ . . ဆရာဝန်ကြီးက ဒီကပြောတာ အကုန်ကြားပြီး



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်နေပြီ”

မိုးရဲ့ဖခင်ကို သွယ်ရဲ့ဖခင်က တီးတိုးပြောလိုက်၏။ သွယ်ရဲ့ မိခင်ကလည်း မိုးရဲ့မိခင်ကို တိုးတိုး ကပ်ပြောနေပြန်သည်။ ခွဲစိတ်ဆရာဝန်ကြီး အခန်းထဲဝင်မည်ပြုစဉ် –

“သမားတော်ကြီး”

မိုးရဲ့ဖခင်က ခေါ်လိုက်ရာ သမားတော်ကြီး လှည့်ကြည့်၏။

“ကျွန်တော့သမီးကို မခွဲစိတ်တော့ဘူး”

“မရတော့ဘူး . . အားလုံး ပြင်ဆင်ပြီးသွားပြီ”

သမားတော်ကြီးနှင့်အတူ သုံးဦး အထဲဝင်သောအခါ ဘုန်းလည်း အတင်းလိုက် တိုးဝင်၏။

“ဟာ! . . ဟေ့ . . ဟေ့”

“ဟေ့ . . အထဲ မဝင်ရဘူး။ ပိုးတွေ ကူးကုန်မယ်။ အခု ချက်ချင်း ပြန်ထွက်၊ ဒါ ခွဲစိတ်ခန်း”

“မိုးကို မခွဲစိတ်ရဘူး . . မိုးကို မခွဲနဲ့”

“ဒီကောင့်ကို အပြင်ကို ဆွဲထုတ်လိုက်”

လက်ထောက် ဆရာဝန်နှစ်ယောက်က ဘုန်းကို ဖမ်းချုပ်၏။ ဘုန်းက ဖမ်းချုပ်မခံ။ ခွဲစိတ်ခန်းသုံး ကတ်ကြေးကိုင်ပြီး –

“အနားမကပ်နဲ့နော်၊ သူ အမိန့်ပေးတိုင်း လိုက်မလုပ်နဲ့ . . အဲ့ဒီသမားတော်ကြီးကို ပယောဂပူးနေတာ ကျုပ်ပြောတာယုံ”

“ဘာလဲကွ . . ဘာပယောဂလဲ၊ ရူးကြောင်ကြောင်နဲ့”

“လူနာကို မင်းလာသတ်နေတာလား”

“လာကယ်တာဗျ”





www.burmeseclassic.com

www.burmeseclassic.com

## သရဲဂိမ်း

သမားတော်ကြီးက ဘုန်းရဲ့ ကတ်ကြေးကိုင်လက်ကို ဖမ်းဆုပ်ပြီး ဆောင့်တွန်းလိုက်၏။ ဝရုန်းသုန်းကား ဖြစ်ကုန်၏။ ဦးလေးငယ်၊ မိုးရဲ့ဖခင်တို့ ပါဝင်လာပြီး ရန်ပွဲမဖြစ်အောင် တားဆီးကြ၏။ သမားတော်ကြီး ဒေါသထွက်ပြီး ဘုန်းကို လည်ပင်း အတင်းလိုက်ညှစ်၏။ သမားတော်ကြီး စိတ်လွတ်ကိုယ်လွတ် ဖြစ်နေတာကို ဝိုင်းဆွဲတားရ၏။

သမားတော်ကြီး မလှုပ်နိုင်မှ ဟင်းချသွား၏။

"ဟင်! . . ငါ ဘာဖြစ်တာလဲ၊ ငါ့ကို ဘာလို့ ဝိုင်းချုပ်ထားကြတာလဲ"

သမားတော်ကြီး ပယောဂ မပူးကပ်တော့မှ ပင်ကိုယ်အသိဝင်လာပြီး အားလုံး ဝိုင်းရှင်းပြတာကို သမားတော်ကြီး တအံ့တဩနားထောင်နေ၏။

"ငါ ဘာမှမသိဘူး . . နောက်ဆုံးသိတာ အနားယူခန်းထဲမှာ ငါအိပ်ပျော်နေခဲ့တာ၊ ငါ ဒီကိုရောက်လာတာ ခွဲစိတ်မယ်ဆိုတာ ငါ့စိတ်သဘောနဲ့ ငါလုပ်ခဲ့တာ မဟုတ်ဘူး"

နားမလည်နိုင်သူတွေ နားမလည်ကြ။ နားလည်သူတွေက နားလည်ကုန်ကြ၏။ နောက်ဆုံးအဖြေက လူနာကို မခွဲစိတ်လိုက်ဘာ ကံကောင်း။ ဘာ အတွင်းဒဏ်ရာမှ မရတဲ့လူနာကို ခွဲစိတ်စရာလိုအပ်။

"သမားတော်ကြီးပဲ ဆုံးဖြတ်ချက်ချပြီး မြန်မြန် ခွဲစိတ်ဖို့ဆုပ်နိုင်းတာလေ"

"ငါ မပြောပါဘူး . . ဒီလူနာ ရောက်လာတာတောင် ငါ



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး"

"ဆေးစစ်ချက်တွေပေးတုန်းက လူနာကို ချက်ချင်းလိုက်ကြည့်ပြီး ပြောခဲ့တာ . . နာ့(စ်)တွေရော၊ လက်ထောက် ခွဲစိတ်ဆရာဝန်တွေပါ အကုန်သိတယ်။ ဘေးနားမှာ အကုန်ရှိနေတယ်။ လူနာရှင်တွေလည်း မေးကြည့်ပါဦး"

အားလုံးက ဝိုင်းဝန်း ထောက်ခံပြောဆိုသောအခါ သမားတော်ကြီးက –

"အိုး! မိုင်ဂေါ့ဒ် . . ငါတော့ ရူးချင်လာပြီ။ ဟူး . . ငါမဟုတ်တာ အသေအချာပဲ . . ဘာတွေ ဖြစ်ကုန်ရတာလဲ။ ငါ နှစ်ကိုယ်ခွဲများ ရှိသွားတာလား။ ဒါမှမဟုတ် . . ဟိုကောင်လေးပြောသလို ပယောဂ ပူးကပ်နှောင့်ယှက်ပြီး ငါလိုလိုနဲ့ ဝင်ဟန်ဆောင်လုပ်သွားတာလား"

သမားတော်ကြီး အပြောကြောင့် လူကြီးရော လူငယ်တွေပါ အံ့အားသင့်ကုန်ကြ၏။ သမားတော်ကြီး ကံနိမ့်ချိန်နှင့် တိုက်ဆိုင်သွား၍ ပယောဂ ဝင်ကပ်နိုင်ခြင်းပင်။

❀ ❀ ❀

"လူနာ သတိပြန်ရလာပြီ . . ဒေါက်တာ"

နာ့စ်မလေးက သတင်းပို့၍ မိုးရှိရာ ဝိုင်းအုံရောက်ရှိသွားကြ၏။

"သမီး . . သမီး မိုး"

"မေ . . မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး . . သမီးနေရတာ သက်သာရဲ့လား"

"ဟုတ် . . ဖေဖေ"

"မိုး . . မိုး . . ဖွဲ့ကို မှတ်မိလား"

"အင်း"

အားလုံး ဝမ်းသာအားရ ဖြစ်ကုန်ကြ၏။

ဘုန်းကတော့ ဆေးရုံမီးတွေ တဖျပ်ဖျပ် လင်းချည်၊ မှိတ်ချည်ဖြစ်သွားတာကို စိုးရိမ်စိတ်ဖြင့် လိုက်ကြည့်နေ၏။ ဦးလေးငယ်က ဘုန်းရဲ့ပုခုံးကို လက်နှင့် ဆုပ်ကိုင်ရင်း–

"တရားကို နတ်စောင့်ပါတယ်ကွာ . . ငါ့တူလည်း မိုးကြိုးစက်ကွင်းမိပြီးမှ စွမ်းအင်ထူးတွေ ရလာတာပဲ။ ငါ့တူပြောတာ မယုံလို့ မဖြစ်တော့ဘူး"

နေက အနားရောက်လာ၏။

"မင်းပြောတာတွေက ဂွပ်ခနဲဆို ကွက်တိချည့် ဖြစ်နေတော့တာပဲ၊ သေမယ့်လူတွေ ဘယ်လိုသေရမယ်ကအစ သိနေတာ သိပ်အံ့ဩဖို့ကောင်းတယ် ဘုန်း"

"မိုးကို မနက်ဖြန်သုံးနာရီအထိ စောင့်ကြည့်ရဦးမယ်"

"သဘောပေါက်ပြီ . . မင်းကယ်မှရမှာ မဟုတ်လား"

"အေး"

"အဲ့ဒီသေမင်းက တို့အချင်းချင်းလောက်ပဲ သေမယ့်အရေးတွေ ပြောနေ၊ ပြနေတာလား"

"ငါသိသလောက်ကတော့ . . အဲဒါပဲ နေ"

"ဒါဆို ငါ့အလှည့်ရော . . ဘယ်တော့ရောက်လာမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း မကြာတော့ပါဘူး။ အတိအကျ မသိရသေးတာပဲ ရှိသေးတယ်။ အန္တရာယ်ရန့်ဆိုတာ လွယ်လွယ်နဲ့တော့ မရတတ်ဘူးပေါ့ကွာ"

နေ မျက်နှာမကောင်း။ ဘုန်းထံကို ခွဲပါ ရောက်လာ၏။ ခွဲက –

"အတော် ထူးဆန်းတာတွေပဲကွာ . . မင်းအပေါ် ငါ့အထင်လွဲမိတာ ခွင့်လွှတ်ပါ . . ဘုန်းရာ"

"သူငယ်ချင်းတွေပဲ ငါ ခွင့်လွှတ်ပါတယ်။ မင်းတို့နေရာမှာ ငါဆိုလည်း အဲ့လို ဖြစ်မိမှာပဲ။ ငါကိုယ်တိုင်က ဒါတွေ ဘာလို့ဖြစ်နေရတာလဲဆိုတာ ကိုယ့်ဘာသာကိုယ် နားမလည်နိုင်သေးဘူး"

သူတို့တတွေ ဆေးရုံကော်ရစ်ဒါအတိုင်း လမ်းလျှောက်ရင်း ပြောနေကြခြင်းပင်။

❁ ❁ ❁

အခန်းတစ်ခုရှေ့ ရောက်သောအခါ–

"ဝုန်း! . . ဒုန်း! . ."

တံခါးဆောင့်ဖွင့်ပြီး အထဲက လူသန်သန်မာမာကြီး တစ်ဦး အကြောတွေ လိမ်တွန့်ဆွဲပြီး ထွက်လာ၏။ မျက်နှာကြီးကလည်း ခက်ထန်ပြီး ကြောက်စရာကောင်းလှ၏။ တစ်ကိုယ်လုံး ဝတ်လစ်စလစ်။

ဘုန်းကို တွေ့တာနဲ့ ပြေးထိုး၏။

"ဟာ! . ."



www.burmeseclassic.com

www.burmeseclassic.com

## သရဲဝိမ်း

"ဟိုက်! . ."

"ဘေးဖယ်"

ဘုန်းက ဘေးက နေနဲ့ဖွဲကို တွန်းလွှတ်ပြီး ငုံ့ရှောင်လိုက်၏။

"ဝိုး! . ."

လက်သီးရှိန်ဟပ်ပြီး လွဲသွား၏။ ဆတ်ခနဲ ပြန်လှည့်ပြီး ဘုန်းကို မိမိရရ လိမ်ချိုးမည့်ဟန်မျိုးဖြင့် ဖမ်းချုပ်၏။

သန်မာလွန်းသောကြောင့် ဘုန်း မနည်း ရုန်းထွက်နေရ၏။ ဦးလေးငယ်က ငနဲကြီးကို နောက်က ဝင်ချုပ်၏။ နေနဲ့ဖွဲပါ အတင်းချုပ်ကိုင်ကြပြန်၏။ နောက်ထပ် ဆေးရုံသူနာပြု ယောကျာ်းနှစ်ယောက်၊ ဆရာမတစ်ယောက် အံ့သြထိတ်လန့်ပြီး ရောက်လာကာ အတင်းဝင်ချုပ်ကြ၏။

ငနဲကြီးလက်ထဲက ဘုန်းကို မနည်းပြန်ဆွဲထုတ်ရ၏။ ဆရာဝန်မက ဆေးထိုးအပ်ပြေးယူပြီး ငနဲကြီးရဲ့လည်ပင်းကို ထိုးချလိုက်၏။ ဒီတော့မှ ငနဲကြီး အားအင်တွေ ပျော့တွဲကာ ငြိမ်ကျသွားတော့၏။

ငနဲကြီးကို သူနာပြုအကူလုပ်သားတွေက အခန်းထဲပြန်ထည့်ပေးကြ၏။ ကျန်တဲ့ လုံခြုံရေးတွေပါ ရောက်လာကြ၏။ အတန်ကြာမှ အကြောင်းစုံသိရ၏။

သူဌေးကြီးတစ်ဦးရဲ့သား ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွား၏။ မိဘနှစ်ပါးက စင်ကာပူမှာ . .။

သူတို့သားအလောင်းကို ရေခဲရိုက်ပြီး ထိန်းသိမ်းထားဖို့ ဆေးရုံကို မှာထား၏။ ပုဂ္ဂလိကဆေးရုံမို့ ငွေရလျှင် ဖြစ်အောင် လုပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးထားကြခြင်းပင်။ လူသေကြီးက အပမှီ အသက်ဝင်ပြီး ဘုန်းကို ရွေးချယ် တိုက်ခိုက်ခြင်းပင်။ တကယ့်ကို အထူးအဆန်းဖြစ်ရပ်။

"လူသေကြီးက သန်လိုက်တာကွာ"

"ဟို ဆရာမ မှိန်းဆေး၊ အိပ်ဆေး ထည့်ထိုးပေးလိုက်တာ တဲ့"

"ဆရာဝန် စမ်းသပ်တော့ ပြန်သေသွားပြီတဲ့"

"အံ့သြရဖန်များလို့ ထုံသွားပြီကွ"

"အဲ့ဒါ . . အဲဒါ . . သရဲကြီးလား"

နေက လေသံ ကတုန်ကယင်နှင့် မေးလာ၏။

ဘုန်း တိုတိုတောင်းတောင်း ပြန်ဖြေလိုက်၏။

"သေမင်း"

❋ ❋ ❋

မိုး သတိရသော်လည်း အိပ်ရာထဲက မထနိုင်သေး။ ဘုန်း၏ ဦးဆောင်မှုကို အတော်များများ လက်ခံနေကြပြီ။ ဘုန်းက သမားတော်ကြီးကို အကျိုးအကြောင်းပြောပြပြီး မနက်မိုးလင်းမှာ ဆေးရုံက ဆင်းခွင့်တောင်း၏။

သမားတော်ကြီးလည်း ထူးဆန်းတဲ့အဖြစ်ကို သူ ကိုယ်တိုင် ကြုံခဲ့ရ၍ ဆင်းခွင့်ပြုလိုက်၏။ သမားတော်ကြီးက နာ့(စ်)မချောချော လေးတွေနှင့် မကြာခဏ နှစ်ပါးသွားခွင့်ရသော လူပျိုကြီးဖြစ်သည်။ လက်ရှိ နှစ်ပါးသွားနေသော နာ့(စ်)မလေးမှာ နို့နှစ်ရောင်လို ဖြူနု ချောသူလေး။



www.burmeseclassic.com

www.burmeseclassic.com

# သရဲဂိမ်း

နဒ်(စ်)မလေးက အပြောကားတွေထဲက အချစ်ခန်းတွေ အတိုင်း တသွေမတိမ်း လိုက်လုပ်ခိုင်း၏။ သမားတော်ကြီးက လိုက် လုပ်မိရာက ဘုန်းကံနိမ့်ပါးနေခြင်း ဖြစ်သည်။

မိုးတို့အိမ်မှာ မိုးကို သက်သာသလို နေစေ၏။ မိုး၏ မိသား စုက လိုက်လံစောင့်ကြည့်ပေးသော ဧည့်သည်တွေကို ချက်ပြုတ် ကျွေးမွေး၏။ လူကြီးတွေ လုပ်ငန်းတွေရှိ၍ ပြန်ကုန်ကြ၏။

နေ၊ ဖွဲ၊ ဇော်၊ ဘုန်းတို့ စောင့်ပေးမိ၏။ သွယ်နဲ့ သျှားတို့ သာရောက် အားဖြည့်အားပေးကြ၏။

"မိုး ပြန်ကောင်းမှာ သေချာရဲ့လား ဘုန်း"

ဖွဲက စိုးရိမ်ကြီးစွာ မေးလာ၏။

"ညနေ (၃)နာရီ သူ မသေရင် ပြန်ကောင်းလာမှာပါ"

"ဘာတွေ ကြုံနိုင်သေးလို့လဲ"

"ငါလည်း အတိအကျမသိဘူး . . မိုးဘေးမှာ ဝိုင်းစောင့် နေပေးကြပါ။ ဘာဆေးမှ မသောက်စေနဲ့ . . သူစိမ်းလူလည်း အဝင် မခံနဲ့"

"ဒီလိုမျိုးတွေကြတော့ ပယောဂဆရာနဲ့ ကုလို့လည်းမရ . . တိုးလို့ကန့်လန့်ကြီးနော်"

ဘုန်း နားထောင်နေရာက ငိုက်ခနဲဖြစ်သွား၏။

"မင်း ညက တစ်ညလုံး မအိပ်ခဲ့ရဘူး . . ခဏ မှေးလိုက်ပါ လား။ နှစ်နာရီပဲ ရှိသေးတယ်၊ သုံးနာရီ မထိုးခင် ငါနှိုးလိုက်မယ်"

"ရတယ် . . မင်းတို့လည်း အိပ်ခဲ့ရတာမှ မဟုတ်တာ"

"ငါတို့က နေ့ခင်းဘက် အိပ်ခဲ့ရသေးတယ် . . မှေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါကွာ"

သူငယ်ချင်းတွေ ဝိုင်းပြောနေ၍ (၁၀)မိနစ်လောက် အား ပြည့်သွားအောင် ဘုန်း ခဏမှေးလိုက်၏။ ခလောခနဲ အိပ်ပျော်သွား တော့၏။

❁ ❁ ❁

အမှောင်ထုထဲမှာ တံခါးတစ်ချပ် ပွင့်လာ၏။ စူးရှသော အလင်းရောင်တွေ ဝင်ရောက်လာသည်။ ဘုန်း အသာ ရပ်ကြည့် နေစဉ် အနက်ရောင် ပါးပါးလွှာလွှာဝတ်စုံနှင့် ဆံပင်ဖားလျား ချ ထားသော အမျိုးသမီးတစ်ဦး ဝင်လာ၏။ ဆံပင်တွေ၊ ဝတ်ရုံ အနား စတွေက လေမှာ အတန်သင့် လွင့်လျားနေသည်။

လေပြေက ကောက်ကြောင်း ထုဆစ်လိုက်၍ သူမရဲ့ခန္ဓာ ကိုယ်အလှတရားတွေ လုံးဝ ပေါ်လွင်သွား၏။ မျက်နှာကလည်း စူးရှသော အကြည့်၊ ရဲတင်းသော ဟန်ပန်ရှိ၏။ ပန်းသွေးနုနု ဖြေ သောမျက်နှာမှာ လင်းလက်အမှုန်လေးတွေက လင်းပဝင်းမြနေ ၏။ အတော်ကြီးကို ချောမောလှပသော အမျိုးသမီးက ဘုန်းကို မျက်တောင်မခတ်စတမ်း စိုက်ကြည့်နေ၏။

"ရှင် . . ကျွန်မကို သိလား"

သူမရဲ့နှုတ်ခမ်းတွေ မလှုပ်။ သူမစိတ်ထဲက လှိုက်လဲ ပြောလိုက်သော စကားသံကို ဘုန်း အလိုအလျောက် ကြားသိနေရ ၏။

"မသိဘူး . . မင်း ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ . . ရူပဧကရီ"

"ရူပဧကရီ . . သိပ်ချောတဲ့ ရူပနန္ဒာ ဇနပဒကလျာဏီ၊ ရူပနန္ဒီတို့တော့ ကြားဖူးတယ်။ မင်းက အလှဘုရင်မ ရူပဧကရီပေါ့"

သူမ ပြုံးသွား၏။ ပြုံးအလှပိုင်ရှင့်ဘွဲ့ပင် ပေးထိုက်၏။

"ရှင်က ဘဝပြောင်းသွားလို့ မေ့ပင်ကြီးအောက်ကို ရောက်ခဲ့ရလို့ မေ့သွားပေမယ့် ဇာတိဿရဉာဏ်ရထားတဲ့ ကျွန်မကတော့ မေ့လို့ မရပါဘူး။ အရင်ဘဝက ရှင်လည်း ကျွန်မတို့လို ပရလောကသားပဲ။ သန့်စင်တဲ့အလှူပွဲမှာ သာဓုအခေါ်ကောင်းလို့ ရှင် လူ့ဘဝကို ရောက်သွားခဲ့တာ၊ ရှင်နဲ့ကျွန်မ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်လေ"

❀ ❀ ❀

ဘုန်း အံ့သြငေးမောကာ နားစိုက်ထောင်နေမိ၏။ စိတ်ထဲမှာ ကြားရပြန်လေပြီ။

"ရှင်နဲ့ကျွန်မ ညားခါနီးဆဲဆဲမှာ မဟူရာမိစ္ဆာကြီးက ရှင့်ကို ချိုက်သုတ်သင်ခဲ့တယ်။ သူ့လက်ချက်ကြောင့် မဟုတ်တဲ့တိုင် သူ့ သာဂကြောင့် ရှင်သေခဲ့ရတယ်"

"မဟူရာမိစ္ဆာ . . ဘာကြီးလဲ ဘာကိုပြောတာလဲ"

"ပြိတ္တာလောက၊ သရဲတစ္ဆေလောကမှာ မကောင်းတဲ့ မိစ္ဆာသမျှ အုပ်ထိန်းရတဲ့အထဲမှာပါတဲ့ ပရလောကသားကြီးပေါ့"

"သူက ဘာရန်ငြိုးရှိလို့ ငါ့ကို သတ်သလို လုပ်ခဲ့ရတာလဲ"

"ကျွန်မကြောင့်ပေါ့"

"မင်းနဲ့လည်း ပတ်သက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . သူက ကျွန်မကို သူ့ရဲ့ မယားဇာတ်သွင်းချင်တယ်။ ကျွန်မက သူနဲ့လွတ်အောင် အမျိုးမျိုး ရှောင်နိုင်ခဲ့တယ်။ ပရလောကမှာ ရှင်ရှိနေလို့ သူ့ကို ကျွန်မပြန်ပြီး သဘောမကျတာ လက်မခံတာထင်ပြီး ရှင့်ကို အပြတ်ရှင်းခဲ့တာပဲ"

"ပုံပြင်တွေ၊ ဇာတ်လမ်းပမာတွေ ပြောနေတာလား"

သူမမျက်နှာ အနီရင့်ရောင် ပြောင်းလဲသွား၏။

"ရှင်မယုံရင် ရှင်ပဲခံရလိမ့်မယ်။ မဟာရာမိစ္ဆာကြီးရဲ့ ရှေ့တော်ပြေး သရဲကြီးက သေမင်းအမည်ခံ၊ ဟန်ဆောင်ပြီး ရှင့်ကို လုပ်ကြံခဲ့တာ ရှင်သိပါတယ်။ ရှင့်သူငယ်ချင်းတွေကို သေမယ့်နေ့ ဘယ်လိုသေရမယ်ဆိုတာတွေ ပြောပြပြီး သူ့စက်တန်ခိုးနဲ့ ဖန်ဆင်း လုပ်ဆောင်ခဲ့တာ . . ရှင်က လိုက်ကယ်တင်ခဲ့တာ၊ ရှင့် သူငယ်ချင်းတွေ အားလုံးကို ကယ်တင်ပြီးရင် ရှင့်ကို အပြတ်ရှင်းလို့ရပြီလေ"

"အဲ့ဒါတွေ အကွက်ကျကျ လုပ်ဆောင်ခဲ့တာ . . သရဲကြီးက ရှင့်ကို မသတ်နိုင်ခဲ့ဘူး။ ရှင့်သူငယ်ချင်းတွေကို ရှင် ကယ်တင်ပြီးတဲ့အချိန်ထိ သူ မစောင့်နိုင်ဘူး။ သူနဲ့ ရှင့်ကိုမရှင်းနိုင်မှန်း မဟာရာမိစ္ဆာကြီးသိသွားလို့ သရဲကြီးကို မဟာရာမိစ္ဆာကြီးက လက်စတုံးပစ်လိုက်ပြီ"

"အခု မဟာရာမိစ္ဆာကြီးကိုယ်တိုင် ရှင့်ကို သုတ်သင်တော့မှာ . . ရှင် ဘာသာရေးကို နှလုံးသွင်းထားပြီး သရဏဂုံကို မပျက်စေနဲ့ . . ငါးပါးသီလ မပျက်စေနဲ့။ ကံနိမ့်မယ့် ကိစ္စမျိုးတွေ မလုပ်စေအောင် ကျွန်မ လာသတိပေးတာ အရင်ဘဝက သံယောဇဉ်ကြီးလွန်းလို့ လာသတိပေးတာ"



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာ အရောင် ပြောင်းလဲသွား၏။ ဝမ်းနည်းကြေကွဲရိပ် လွှမ်းသွား၏။

"မင်းပြောတာ . . အားလုံး တကယ်ပဲလား"

"ဟုတ်တယ် . . ကျွန်မ စကားကို ယုံပါ"

ဘုန်း တွေဝေပြီး ကြည့်နေမိ၏။ သူမက ဘုန်းကို မျက်ရည်အွတွေကျပြီး စိုက်ကြည့်နေရာက ချာခနဲ လှည့်ထွက်သွားလေ၏။ အလင်းရောင်ဖြာထွက်နေတာလည်း တံခါးပိတ်ခြင်းနှင့်အတူ ပျောက်ကွယ်သွား၏။ ဆတ်ခနဲ ဘုန်း လန့်နိုးလာ၏။ နှုတ်ဖျားက -

"ဟော့ . . ဟိတ် . . နေဦးလေ . . ခဏနေပါဦး"

"ဘုန်း . . ဘာဖြစ်လို့လဲ"

"ဟင်! . . အိပ်မက် . . အိပ်မက်,မက်နေတာ"

"သုံးနာရီထိုးဖို့ ဆယ့်ငါးမိနစ်ပဲ လိုတော့တယ် . . နှိုးမလို့ပြင်နေတုန်း မင်းပြန်နိုးလာတာပဲ။ အခုချိန်ထိတော့ အေးဆေးနေသေးတယ်"

ဘုန်း လှူးလဲထလိုက်ပြီး မိုးကို သွားကြည့်၏။ မိုး အိပ်ပျော်နေ၏။ ဘေးနားမှာလည်း သူငယ်ချင်းတွေ ဝိုင်းထိုင်ပေးနေကြ၏။ စိုးရိမ်စိတ်ကဲသော မျက်နှာလေးတွေနှင့် . .။

ဘုန်းက သူမက်ခဲ့သော အိပ်မက်အကြောင်းကို ပြောပြလိုက်၏။ ယုံတဲ့သူရှိသလို၊ မယုံတဲ့သူလည်း ရှိ၏။ ဘုန်းက -

"ဘာပဲပြောပြော သူဟာ မျှော်လင့်မထားတဲ့သူပဲ၊ ပြီးတော့ လောကထဲမှာ ငါနေရတုန်းက သူက . . ငါ့ရဲ့ . . ငါ့ရဲ့ ချစ်သူ"

အားလုံး ငြိမ်ကြည့်နေကြ၏။ မိုးရဲ့မျက်လုံးတွေ မပွင့်။



www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းလေးတွေ လှုပ်လာတာကို ဘုန်း သတိပြုမိလိုက်၏။

❁ ❁ ❁

"မိုး . . မိုး . . နိုးပြီလား"

ဘုန်း ခေါ်လိုက်၍ ကျန်တဲ့သူတွေအားလုံး မိုးကို အာရုံစိုက်ကုန်ကြ၏။ မိုးက မျက်လုံး ပြူးကြောင်ကြောင်ဖြင့် အားလုံးကို လိုက်ကြည့်နေသည်။ ဘုန်းကိုတွေ့သောအခါ လက်ထောက်ပြီး ထထိုင်၏။ ဘုန်းကို လက်ဆန့်တန်းပေး၏။

ဘုန်းအနားကို ကပ်သွားသောအခါ ဘုန်းကို ဆွဲဖက်ပစ်လိုက်၏။ အားလုံး အံ့အားသင့်ကုန်၏။ ဖွဲဆိုတာ နေရ၊ ထိုင်ရတွေ ခက်လို့။

ဘုန်းကို မိုး ဖက်ထားတာ တင်းကျပ်လာ၏။ သွေးပေါင်ချိန်သော ညှစ်အားမျိုးသုံးပြီး ဘုန်းကို ကျစ်နေအောင် ဖက်ထား၏။ ဘုန်း အသက်ရှူမရ။ အကြောအခြင်တွေ ပြတ်ထွက်လုမတတ်။

"မိုး . . အ . . အစ် . . အစ်"

"ဟဲ့ . . မိုး . . အဲ့လောက်ကြီး မဖက်ထားနဲ့လေ"

"မိုး . . လွှတ် . . လွှတ်လိုက်"

ဘုန်း မျက်နှာနီမြန်း အစ်ထွက်ပြီး မျက်လုံးတွေ ပြူးအစ်ကုန်၏။ ဖွဲက အတင်းဆွဲဖြည်၏။ မိုးက ဖွဲကို ဆောင့်တွန်း ပစ်လိုက်၏။ လက်စကာပဟာအချိန်မှာ နေနဲ့ဇော်တို့ မိုးလက်ကို ဖမ်းဆွဲထားထားသည်။

"ဟင်း . . ဟင်း . . ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"မိုး . . အဲ့လို မလုပ်ရဘူးလေ"

"ဖယ်စမ်း"

မိုးလက်ထဲက ဘုန်းကို သွယ်နဲ့သျှားတို့ ဆွဲထုတ်လိုက်ကြ၏။ မိုးက နီးရာလူကို လက်တစ်ဘက်ဖြင့် ဖြတ်ရိုက်လိုက်၏။

"ဖောင်း! . ."

"အား! . ."

ဇော်ရဲ့နှားအုံကို သွားရိုက်မိပြီး ဇော် လည်ထွက်ကာ လဲကျသွား၏။ မိန်းကလေးတစ်ယောက် ရိုက်ချက်က အားကောင်းလောက်အောင်းသန် ယောကျ်ားရိုက်ချက်လောက် ပြင်းထန်နေတာ အံ့သြစရာ။

မိုးအနားကို ဘယ်သူမှ မကပ်ရဲကြတော့။ မိုးမေမေက မိုးဆွဲတားမည်ပြင်စဉ် မိုးဖခင်က ဆွဲတားထား၏။

"သမီးစိတ်တွေ ပုံမှန်မဟုတ်ဘူး . . မသွားနဲ့"

"မဖြစ်သင့်တာတွေ ဖြစ်ကုန်မှာပေါ့ရှင် . . သူ့ သူငယ်ချင်းတွေကို ရန်လုပ်နေတာ လွှတ်ထားလို့ဖြစ်မလား"

"အန်တီ မသွားပါနဲ့ . . ပယောဂ ပူးကပ်နေတယ်"

သျှား ဝင်တား၏။ ဇော့်ကို ဆွဲထူပြီး နောက်ဆုတ်နေသော သွယ်က ကြောက်စိတ်ကြောင့် ဒူးဆတ်ဆတ်တုန်နေ၏။

ဘုန်းကို စိမ်းစိမ်းဝင်းဝင်း တောက်နေသော မျက်လုံးတွေနှင့် ကြည့်နေသည့် မိုးရုပ်သွင်မှာ ကြောက်စရာကောင်းလောက်အောင် ခက်ထန် ကြမ်းထော်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မိုး . . မိုးကို ဝင်ပူးကပ်နေတာ ဘယ်သူလဲ"

နေက လှမ်းမေး၏။

"မင်း သောက်ကြောင်း မဟုတ်ဘူး"

ဩဩအူအူသံကြီးဖြင့် ပြန်ပြော၏။ မိုးရဲ့အသံ မဟုတ်
ဘုန်းက သျှားကို တီးတိုးကပ်ပြောလိုက်၏။ သျှားက မိုးမိခင်ကို ထ
ပြီး ကပ်ပြော၏။ မိုးမိခင်နဲ့ သျှားတို့ အခန်းထဲက ခပ်သုတ်သု
သွက်သွက် ထွက်သွားကြ၏။

"ဟား . . ဟား . . ဟား . . မင်း ဘယ်ပြေးမလဲ ဟေ့ရောင်"

ဘုန်းကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ဘုန်းဆီ လှမ်း
လျှောက်လာ၏။ ဘုန်းက –

"အခန်းထဲက အကုန် အမြန်ထွက်ကြ"

ဝရုန်းသုန်းကားဖြင့် အခန်းထဲက ထွက်ပြေးကုန်ကြ၏
ဘုန်းကို လှမ်းဆွဲဖမ်းဖို့ ကြိုးစား၏။ ဘုန်းလွတ်အောင် ရှောင်ပြီ
အခန်းထဲက နောက်ဆုံးပိတ်အနေဖြင့် ထွက်ဖို့အပြင်မှာ ဘု
လည်ကုပ်ကို ဆုပ်မိသွား၏။ ဘုန်းကိုမိတာနှင့် လည်ပင်းညှစ်တေ
၏။

ဘုန်းက မိုးရဲ့လက်တွေကို ဆောင့်ဆွဲရိုက်ချသော်လည်
ပြုတ်ထွက်မသွား။

"အား! . . အစ် . . အစ် . . အ"

သျှား ပြန်ရောက်လာ၏။ လက်ထဲမှာ ပရိတ်ရေပုလင်
နေက သျှားလက်ထဲက ပုလင်းကိုဆွဲယူ အဖုံးဖွင့်ပြီး မိုးကို လှမ်
ပက်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အ! . . အာ! . . အား! . . အား! . ."

အသံနက်ကြောကြီးနှင့် အော်ဟစ်ပြီး မိုး ပျော့ခွေလဲကျသွား၏။

"အဟွတ် . . အဟွတ် . . ဟွတ်"

ဘုန်းလည်း လည်ပင်းအစ်ပြီး ချောင်းဆိုးကုန်၏။ မနည်းအသက် ပြန်ရှုနေရသည်။ ဖွဲက ပြေးဝင်လာပြီး မိုးကို ကောက်ပွေ့ကာ ခုတင်ပေါ် ပြန်တင်ပေး၏။ သျှားက မိုးပါးစပ်ထဲကို ပရိတ်ရေတွေ လောင်းထည့်ပေးလိုက်၏။ သုံးနာရီလည်း ကျော်သွားပြီ။

"ဟင်း"

ဒီတော့မှ ဟင်းချပြီး မိုးပြန်သတိရလာတော့၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# STAGE – 5

နေ အိမ်ပြန်ရောက်လာ၏။ အိမ်မှာ ဘယ်သူမှမရှိ။ အိမ်သော့ကို ပန်းအိုးထဲမှာထားတာ နေတို့မိသားစုပဲ သိ၏။ ပန်းအိုးထဲ ကြည့်တော့ သော့ကိုတွေ့၏။ ကွက်တိ။

သော့ဖွင့်ပြီး အိမ်ထဲဝင်ခဲ့၏။ ညမိုးချုပ်စ အချိန်လေး ပေါ့။

မိုးဆီက ပြန်လာပြီး ပင်ပန်းနွမ်းနယ်နေပြီ။ ထူးဆန်းတာ ဆက်တိုက်ဖြစ်နေ၍လည်း စိတ်ရှုပ်ထွေးမိ၏။ ရေခဲသေတ္တာ ထဲက ရေခဲရေကို ပုလင်းလိုက် မော့သောက်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်"

"အ"

"ခလွမ်း"

နောက်ကနေ ပန်းကန်နှင့် ပိတ်ပေါက်ခံလိုက်ရ၏။

နောက်စေ့နာကျင်သွား၍ လက်နှင့်ပွတ်ပြီး ပစ်တဲ့လူကို လိုက်ရှာမိသည်။ မတွေ့။ လှစ်ခနဲ အိမ်ထဲ ပြေးဝင်သွားလေသလား အိမ်ရဲ့ သံဘာဂျာ တံခါးလည်း ပိတ်ခဲ့ပြီးပြီ။

ထိုစဉ်မှာပင် အစွက်လိုးမြားမြှောင် သူ့အလိုလို ထောင်တက် လာ၏။

"ဝှစ်! . ."

ခနဲ လှမ်းပေါက်လိုက်၍ ဆတ်ခနဲ ရှောင်ပေးလိုက်ရသည်။ နေ အံ့သြတုန်လှုပ်သွား၏။ မြားက နံရံအထပ်သားမှာ ဒုတ်ခနဲ သွား စိုက်၏။

နောက်ထပ် သားလိုးမြားတစ်ချောင်း ထောင်တက်လာ၏။ နေ အိမ်ရှေ့ခန်းကို ထွက်ပြေးရတော့၏။

"ဝှီး! . ."

"ဒုတ်! . ."

သစ်သားတိုင်မှာ စိုက်ဝင်နေ၏။ နေ အိမ်ရှေ့ခန်းအရောက် မှာ ခက်ရင်းတွေ၊ ပန်းကန်တွေ၊ ငရုတ်ကျည်ပွေ့တွေ ပျံဝဲလာ၏။

"ချွမ်း! . ."

"ဂလွမ်း! . ."

"ဒုန်း! . ."



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှာ ပုဏ္ဏားကတိုက်ထားသလို ဖြစ်ပျက်နေပြီး ကျေနေပြန်လာတော့ မိုးကိုပူးတဲ့ အကောင်ပလောင်ကြီး နောက်ကလိုက်လာခြင်း ဖြစ်မည်။ နေက သူ့ကို ပရိတ်ရေနဲ့ ပက်မဲ့တာကိုး။

နေလည်း ကြံရာမရသည့်အဆုံး ဘုရားခန်းထဲ ဝင်ပြေးရတော့၏။ ဘုရားခန်းတံခါးကိုပိတ်ပြီး မောဟိုက်နေတာကို အမောဖြေနေမိ၏။

ဘုရားပုံတော် အသေးလေးကိုပင့်ပြီး အခန်းပြင်ထွက်ကာ လိုက်ကြည့်၏။ သူခိုးမဟုတ်။ မိစ္ဆာ သရုပ်ပေါ်နေပြီ။

နေရဲ့နှုတ်ကလည်း ပဋ္ဌာန်းကို အကျဉ်းရွတ်ဖတ်နေ၏။ အဲ့လိုနည်းနဲ့ အိမ်ပေါ်အိမ်အောက် စည်းချသလို၊ လိုက်ရွတ်ဖတ်လိုက်၏။ ဓာချွေးတွေပျံ့ပြီး ထိတ်လန့်နေတာတွေ ပြေပျောက်သွား၏။

အိမ်သားတွေ ပြန်ရောက်လာတော့ ရှင်းပြမိ၏။

မိသားစုအားလုံး ဘုရားခန်းထဲဝင်ပြီး ဘုရားရှိခိုးကြ၏။ အန္တရာယ်ကင်းအောင် ပရိတ်တရားတော်ကို ရွတ်ဖတ်ပြီး ပရိတ်ရေနှင့် အိမ်အနှံ့ လိုက်ပက်ကြ၏။

အိမ်ထဲ သန့်သွားတော့မှ ဧည့်ခန်းမှာ ဝိုင်းထိုင်ပြီး အပန်းဖြေရ ရှိသေး၏။ ကားဘော်ဒီကို လက်ဖဝါးကြီးဖြင့် တဘုန်းဘုန်း ရိုက်ပုတ်သံတွေ ပေါ်ထွက်လာပြန်၏။ နေနဲ့ နေ့ဖေဖေတို့ ကားဆီသွားပြီး ပရိတ်ရွတ်ဖတ်၊ ပရိတ်ရေဖျန်းမှ ထပ်မဖြစ်တော့။

ရေစင်တိုင်ကီကို တုတ်နဲ့ရိုက်သံ ပေါ်ထွက်လာပြန်၏။ နေတို့ သားအဖလည်း ရေစင်တိုင်ကီကို ပရိတ်ရွတ်ပြီး ပရိတ်ရေ



www.burmeseclassic.com

www.burmeseclassic.com



သွားပက်ရ၏။ တစ်နေရာပြီး တစ်နေရာကနေ အသံပေးနှောင့်ယှက်နေတော့၏။

နောက်တော့ တစ်ခြံလုံး နေရာအနှံ့ ပရိတ်ရွတ်ကာ ပရိတ်ရေ သွားပြီး လိုက်ပတ်ရတော့၏။ အဲ့ဒီအခါကြမှ အသံတွေ ငြိမ်သွား၏။

"တော်တော်ဆိုးတဲ့ မကောင်းဆိုးဝါးပဲကွာ"

"လူတွေ ဘာမှဖြစ်မသွားတာဘဲ တော်ပါသေးရဲ့"

ခဏာထိုင်နားစဉ် အပြင် အချိန်ကလည်း သန်းခေါင်ကျော်ပြီ။

"ဂျိမ်း! . . ဂျိမ်း! . . ဒုန်း! . . ဒုန်း! . ."

ခြံတံခါးကြီးကို ကိုင်ဆောင့်သံတွေ ထပ်မံ ထွက်ပေါ်လာပြန်၏။ မတတ်နိုင်တော့။

"လုပ်ချင်သလို လုပ်ပါစေ။ ခြံပြင်ရောက်သွားရင် ပြီးရော ဟူး! . ."

နေတို့ မိသားစု မအိပ်ရတော့ . . မိုးလင်းခါနီးမှ အသံတွေ ငြိမ်သွား၍ မေးပျော်ကြရတော့သည်။

❋ ❋ ❋

"မိုး ပြန်ကောင်းသွားပြီ . . အခု ငါ့အလှည့် ဖြစ်လိမ့်မယ် . . ဘုန်း ငါ့အိမ်မှာ ပုဏ္ဏကတိုက်သလို လာသောင်းကျန်းသွားပြီးပြီ"

ဘုန်းက မျက်လုံးစုံမှိတ်ပြီး အာရုံစူးစိုက်ထား၏။

"အခုအလှည့်က ဇော်နဲ့ ဖွဲ့ နှစ်ယောက်ပေါင်း ခံရလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ရှုပကေရီ အိပ်မက်ပေးပြီး ပြောတယ်"

"ဟင်! . ."

"ဟာ! . ."

ဖွဲနဲ့ဇော်တို့ မျက်စိမျက်နှာပျက်ကုန်၏။ သျှားနဲ့ သွယ်တို့လည်း စိတ်မကောင်းဖြစ်သွားကြ၏။ နေက –

"ဟုတ်လို့လားကွာ . . မင်းကိုအရင်က သရဲကြီးက ပြောတယ်။ အခု သရဲမ ရှုပကေရီက ပြောတယ်။ အပြောင်းအလဲကာလမှာ ငါက အဦးဆုံးခံနေရတာ"

"ရှုပပြောတာ ငါယုံတယ်"

ဘုန်းက လေးနက်တည်ကြည်စွာ ပြောလိုက်၏။ ဖွဲက –

"တို့တွေမသေအောင် လိုက်ကယ်နေတော့ မင်းပါ မသေတော့ဘူးပေါ့ . . တို့တွေ သေပြီးရင် မင်းသေရမှာ မဟုတ်လား"

"အဲ့ဒီသဘောလို့ ငါမထင်ဘူး။ မင်းတို့ကို ကယ်ရတဲ့အဖြစ်ကိုပဲ ငါလုပ်ကိုင်ခဲ့ရမှာ အဲ့ဒီလိုကယ်တင်ပြီးရင် ငါ့အလှည့်ရောက်ပြီ ငါ့အလှည့်မှာ သေတစ်ကံ၊ ရှင်တစ်ကံပေါ့ကွာ"

ဘုန်းပြောလို့ အပြီးမှာ ဇော်က –

"ငါနဲ့ ဖွဲကော သေခြင်းက လွန်ပါ့မလား"

"ငါကတော့ အတတ်နိုင်ဆုံး ကယ်တင်မှာပဲ . . လက်သည်းညည်းတော့ အားကိုးလို့ မရဘူးလေ၊ ညှစ်အားလည်း သုံးရဦးမယ်။ မင်းတို့ကိုယ်တိုင်လည်း ဆင်ခြင်ပြီး သတိဝိရိယနဲ့နေကြပေါ့"

"ငါနဲ့ ဇော်က ဘယ်လို ဖြစ်ပျက်ကြမှာလဲ"

"ဒီနေ့ည (၁၀) နာရီမှာ သတိထား၊ လူ့စိတ်ဆိုက မကြာ



www.burmeseclassic.com

www.burmeseclassic.com



ခဏ မေ့လျော့တတ်တဲ့ သဘောရှိတယ်။ မှိုင်းမိရင် အန္တရာယ်ဆိုတာလည်း မသိတော့ဘူး။ သေချာတာကတော့ အက်ဆီးဒင့်တစ်ခု ဖြစ်လိမ့်မယ်”

ဇော်နဲ့ ဖွဲ့တို့ မျက်နှာမကောင်းကြတော့။ သူတို့အစောဆုံး ထပြန်သွားကြ၏။ နေ၊ ဘုန်း၊ သျှား၊ မိုး၊ သွယ်တို့ ငါးယောက်သာ ကျန်နေရစ်ခဲ့၏။

ငါးယောက်သား စကားပြောနေသော နေရာလေးမှာ မိုးတို့အိမ်ရဲ့ခြံတွင်း ဘန်ဂလိုပုံစံ အနားယူသည့် အဆောင်လေးထဲမှာ ဖြစ်၏။ မိုးမှာ ကျန်းမာရေး ပြန်ကောင်းသော်လည်း သိပ် မလန်းသေး။ ကြောက်ရွံ့စိုးရိမ်စိတ်လေးနှင့် ဟိုငေး၊ ဒီငေး သိမ်ငယ် ဆွေးလျှပန်လေး ဖြစ်နေပြန်၏။

“မိုး . . ကြောက်စိတ်တွေ ဖယ်ပစ်တော့ . . ရှေ့ဖြစ်မယ့်အရေးတွေက မိုးနဲ့ မဆိုင်တော့ဘူး”

“ဖွဲ့နဲ့ ဇော်အတွက် စိတ်ပူမိတာပါ ဘုန်းရယ်”

“ဖွဲ့အတွက်ပဲ ပူပါ . . ဇော့်အတွက် ကျွန်မ သွယ်ကပဲ စိတ်ပူပေးပါ့မယ်နော်”

နေက သဘောကျသွား၏။ သျှားကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်၏။ သျှားက–

“အကဲကို ကုန်တယ်။ သူတို့က အားနွဲ့တဲ့ မိန်းကလေးတွေမှ မဟုတ်တာ ကျားကျားလျားလျား ယောက်ျားတွေပါရှင့်”

“မဟူရာမိစ္ဆာကြီးဆိုတာ ဘယ်လောက် စွမ်းအားကြီးမှန်းမှ မသိတာ”



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းရဲ့ ရူပဗေကရိက မကယ်တင်နိုင်ဘူးလား"

"ကယ်တင်နိုင်ရင် ဒီလို ဘယ်လာ အသိပေးနေပါ့မလဲ"

"ဘုန်းဆိုရင်တော့ သူ ကယ်ချင်ကယ်မှာပေါ့"

သျှားက အစိပ္ပာယ်ပါပါကြည့်ရင်း ပြောလိုက်၏။ ဘုန်း ဘာမှ ပြန်မပြော။ အဆောင်ဝိုင်းလေးရဲ့အပေါ် ထုတ်တန်းပေါ်က သဲတွေ ကျလာ၏။ ပထမ မသိမသာ။

"ဟဲ့ . . သဲတွေ၊ ဘယ်က သဲတွေလဲ"

"အပေါ်ကကျတာ ဟဲ့၊ ခေါင်းတွေထဲ ဝင်ကုန်တော့မှာပဲ"

"အပေါ်မှာ ကြွက်ရှိလို့လား၊ ကြွက်သိုက်ရှိလို့လား မသိဘူး"

မိုးက အပေါ်မော့ကြည့်ပြီး –

"ဘာသိုက်မှ မရှိပါဘူး။ ခြံစောင့် ဦးချစ်ဆန်းက နေ့တိုင်း အပေါ်အောက် သန့်ရှင်းရေး လုပ်ပေးနေကြ"

"ဟာ! . . ဟော! . . ဟော"

သဲတွေ သိသိသာသာ ကျလာ၏။ သဲတွေ သွန်ချသလို ကျ ဘ၍ အံ့အားသင့်ပြီး နောက်ဆုတ်လိုက်ရ၏။ စားပွဲဝိုင်းပေါ်မှာ သဲ တွေ ပြန့်ကျဲကုန်ပြီ။ ဇီးထုပ်၊ နေကြာစေ့၊ ပင်လယ်အသားကင် တုတ် ဒိုးနဲ့ အချဉ်ရေပန်းကန်တွေ အယူမြန်သော်လည်း သဲအချို့ ဝင်ကုန် ပြီ။

ထုတ်တန်း ရှင်းရှင်းကြီးပေါ်ကနေ သဲတွေ သွန်ချနေတာက တော့ မျက်လှည့်ပြနေသလိုပင်။ မျက်လှည့်ဆရာ မရှိခြင်းသာ ခြား ၏။

"ဒါ . . ပုံမှန် မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ပန်းချီတွေဘက်ထဲက ကျောက်စရစ်ခဲလေးတွေ ပလူပျံ့သလို ဝင်လာ၏။

"ဟာ! . . အားလုံး ဝပ် . . ဝပ်"

"ဖြော! . . ဖရော"

"ဖြောက် . . ဖောက်! . . တောက်! . . တောက်!"

ကျောက်စရစ်ခဲလုံးတွေ ဆုပ်ပြီး လှမ်း ပစ်ပေါက်လိုက်သလိုပင်။ ဘုန်းက မသက်ာ၍ နီးရာ သံပိုက်လုံးဆွဲပြီး ချုံနောက်ကို ပြေးသွားကြည့်၏။

လူတစ်ယောက်ယောက်က ချောင်းမြောင်း လုပ်ကြံတာဟု ထင်နေမိ၏။ ချုံနောက်ရောက်တော့ ဘာဆို ဘာမှမရှိ။

❁ ❁ ❁

ကြက်သီးဖုကြီးတွေ သီးထသွား၏။ ခေါင်းနဘမ်းကြီး ထွက်သွား၏။ နေ့ခင်းကြောင်တောင်ကြီးမှာ မိုလို့သာပေါ့၊ ည သန်းခေါင်ယံဆို လိပ်ပြာလွင့်သွားလေမလား မသိ။

"ဘာတွေ့လဲ ဘုန်း"

"ဘယ်သူမှ မရှိဘူး"

"ဟင်! . ."

"ဟာ! . ."

"အဲ့တော်"

"နေ့ခင်းကြောင်တောင်ကြီးမှာ ဒါမျိုးကို သိပ်ပွဲပညာရှင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ဆုံးဖြတ်မလဲ”

“သဘာဝယုတ္တိလွန်ဖြစ်ရပ်လို့ သတ်မှတ်မှာပေါ့”

သူတို့ သရဲတစ္ဆေကားလိုမျိုးတွေမှာတော့ ဗိုင်းရပ်(စ်)ပိုးမွှား ကြောင့်လို့ပဲ အကြောင်းပြကြတယ်။ လူတွေရဲ့ ဦးနှောက်ဆဲလ်တွေ ကို ဗိုင်းရပ်(စ်)ပိုးတွေက ဖျက်ဆီးလိုက်လို့ လူတွေဟာ မကောင်း ဆိုးဝါးစိတ်၊ တိရစ္ဆာန်စိတ်တွေ ပေါက်ကုန်တာတဲ့”

“ဒီလို အဖြစ်အပျက်မျိုးကြတော့ ဗိုင်းရပ်(စ်)ကြောင့် မဟုတ်တော့ဘူး”

မိုးက ပြောသမျှစကားတွေ နားထောင်နေရာက ကြက်သီး ဖြန်းတက်ထရင်း –

“အဖေ . . အမေ”

အော်ဟစ်ပြီး အိမ်ဘက်ကို ပြေးတော့၏။ မိုးရဲ့မိဘတွေ လည်း အိမ်ပေါက်ဝ ထွက်လာ၏။ သျှားနဲ့သွယ်တို့ လိုက်သွားပြီး အကျိုးအကြောင်း ရှင်းပြနေ၏။

ဘုန်းနဲ့နေတို့ လျှောက်သွားသောအခါ အလှစိုက်ထား သော ထန်းပင်ပေါ်က ဗာဒံသီးတွေ ကြွေကျလာ၏။ တစ်လုံးထဲ မဟုတ်။ လေးငါးဆယ်လုံး ဗာဒံသီး အစိမ်းတွေ။

ဘုန်းနဲ့ နေ မော့ကြည့်တော့လည်း ငှက်တစ်ကောင်တလေ မရှိ။ ဘုန်းက ဗာဒံသီးကောက်ပြီး မိုးတို့အနား ရောက်လာ၏။

“ဦးတို့ တွေ့တယ် . . မဖြစ်သင့်တာတွေ ဖြစ်နေတာပဲ။ အရှေ့ရာယ်ကင်း ဆွမ်းကျွေးရမယ်။ သံဃာတော် အရှင်သူမြတ်တွေ ပင့်ဖိတ်ပြီး ကမ္မဝါဖတ်ကြားနိုင်းရမယ်”



www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ အိမ်ထဲမှာ ခဏဝင်နေကြရအောင် . . အန်ကယ်"

"အေး . . ကောင်းတယ်၊ ဝင်ကြ . . ဝင်ကြ"

အိမ်ထဲရောက်ပြီး မှန်တံခါးဆွဲပိတ်လိုက်၏။ အပြင်ကို အာရုံစိုက်ကြည့်လိုက်သောအခါ–

အမှိုက်ပုံးကြီး ဝုန်းခနဲ မြောက်လွင့်သွား၏။ တစ်စုံတစ် ယောက်က ဒေါသထွက်ပြီး ကျုံးကန်လိုက်၍ မြောက်တက်သွား သလိုမျိုး။ မိုးရဲ့ဖခင်က ခြံနောက်မှာ သစ်ပင်ရေလောင်းနေသော ခြံစောင့် ချစ်ဆန်းကို လှမ်းအော်ခေါ်၏။

"ချစ်ဆန်း ဟေ့ . . ချစ်ဆန်း"

"ဗျာ . . ဆရာ၊ လာပြီ"

"ခြံထဲမှာ ဘာတွေဖြစ်နေသလဲ လိုက်ကြည့်စမ်း၊ လက်နက် ကိုင်ထား"

"လက်နက် . . သေနတ်မှ မရှိတာ"

"ဟေ့ကောင် . . မြက်ခုတ်ဓား ကိုင်သွား"

"ဟုတ်ကဲ့"

ချစ်ဆန်း အိမ်ရှေ့ဘက် ရောက်လာ၏။

"ဘာတွေ့လဲ"

"ဘာမှ မတွေ့ဘူး . . ဆရာ"

"ခြံတံခါးသွားပိတ် သေချာရာစမ်း"

ချစ်ဆန်း ခြံတံခါးပြေးပိတ်ပြီး ဓားကိုင်လျက် ပြန်ရော လာ၏။ ဘုန်းက အရဲစွန့်ပြီး တစ်ယောက်တည်း အပြင်ထွက် ရှာ ကြည့်၏။ မထွက်ဖို့ ဝိုင်းတားကြသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းက ဖွတ် ခေါင်းမာပြီး ထွက်လာခြင်းပင်။ ချစ်ဆန်းက လျှောက်လာရင်း ဘုန်းကို စူးစိုက်ကြည့်၏။ အံကြိတ်ကြည့်ပြီး မြက်ခုတ်ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ ပြေးလိုက်တော့၏။

ဘုန်းလည်း လန့်ပြီး အိမ်ထဲဝင်ပြေးရ၏။ နေကာမှန်တံခါးကြီးဖွင့်ထား၍ တော်သေး၏။

မိုးက သံပန်းတံခါးကို ဆွဲပိတ်လိုက်၏။

"ခွမ်း! . . ဂလွမ်း! . ."

ချစ်ဆန်းက မှန်တံခါးကို အားပါလွန်းသော ဓားခုတ်ချက်ဖြင့် ခုတ်ခွဲပစ်လိုက်၏။

"ဟေ့ကောင် ချစ်ဆန်း . . ခွေးကောင်၊ မင်းဘာလို့ ငါ့မှန်တံခါးကို ဖျက်ဆီးရတာလဲ၊ မင်းကို အလုပ်ဖြုတ်မယ်။ ငါ့ မှန်တံခါး တန်ဖိုး ပြန်လျော်ပေး၊ မလျော်ပေးနိုင်ရင် စခန်းမှာ အမှုဖွင့်ပြီး ထောင်ချပစ်မယ်"

"အန်ကယ် . . ချစ်ဆန်းကို သေချာကြည့်ပါဦး . . ပုံမှန်မဟုတ်ဘူး။ သူ့ပုံစံက ကြောင်တောင်ကန်းတန်းနဲ့၊ ပယောဂ ပူးကပ်ခံနေရသလိုပဲ"

"ဒီကောင် အရက်ခိုးသောက်တယ် . . အရက်ကြောင်ကြောင်တာ နေမှာပေါ့"

"မဟုတ်ဘူး . . အရက်ကြောင်တာ ဒီလိုမဟုတ်ဘူး။ ဒီလူ ကျွန်တော့်ကို ရန်လိုတာထက် သတ်ဖြတ်ချင်နေတာ၊ သူနဲ့ ကျွန်တော် ဘာ ရန်ငြိုးရန်စမှ မရှိဘူး။ ဒီအိမ်ကို လာရင်းနဲ့ ခင်မင်နေတာပဲ အခုဟာက . . အပမှီလို့ ဒီလိုဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် . . အိမ်ဘေးကို ကွယ်သွားပြီ"

"ပြတင်းပေါက်တွေက သံပန်းတွေနဲ့ချည့်ပဲ"

"နောက်ဖေးတံခါးရော"

"ပိတ်ထားပြီးပြီလေ"

"တော်ပါသေးရဲ့"

"ဒီကောင် ဒီလိုဖြစ်နေရင် တို့ဘယ်လို အပြင်ထွက်လို့ရတော့မလဲ"

"သူ့ကို ဝရန်တာအောက် မျှားခေါ်ပြီး သူ့အပေါ်ကို ပရိတ်ရေ လောင်းချတာပေါ့။ ပရိတ်ရေပုလင်းရှိလား အန်တီ"

"ရှိတယ် . . ပွားထားတယ်၊ ရေသန့် နှစ်ဘူးစာ ရှိတယ်"

"ရေပုံးသန့်သန့်နဲ့ ပရိတ်ရွတ်ပြီး ပြန်ပွားလိုက်ပါ"

ဘုန်းကပြောပြီး ဝရန်တာပေါ် တက်သွား၏။

"ချစ်ဆန်း မဟူရာမိစ္ဆာကြီးရေ . . လာ . . ဒီကိုလာ . . ဒီး ဒီး ဒီး ဒီး တောက် တောက် တောက် တောက် . . ရို့ . . ရို့ . . အို့ အို့"

တိရစ္ဆာန်တွေ ခေါ်သလို အသံပေးပြီး ခေါ်လိုက်၏။ ချစ်ဆန်း ဝရန်းသုန်းကားနှင့် ခုန်ကျော်ပေါက်လွှား ရောက်လာ၏။ ဝရန်တာပေါ်ကို ဘီလူးသရဲစီးနေသော မျက်နှာကြီးဖြင့် မော့ကြည့်ရင်း အံတွေ ကျွလီ ကျွလီနှင့် ကြိတ်နေ၏။ လက်ထဲက ဓားနှင့် အပေါ်ကို လှမ်းပစ်ပေါက်၏။

"ဗွီး! . ."

ဓား အရှိန်လွန် ထောင်တက်သွားပြီး အောက်ပြန်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ ချစ်ဆန်းက ဓားကို ပြေးကောက်ပြီး အပေါ်က အရိပ် မြင်ရာကို အတင်း လှမ်းပစ်ပေါက်ပြန်၏။ တစ်ချီမှာ ဓားက ဝရန် တာပေါ် လာတင်နေ၍ ဓားကို သိမ်းထားလိုက်ရတော့၏။

ချစ်ဆန်း . . ကျားနာခဲ ခဲချင်သောပုံစံနှင့် အောက်ခြေ မှာ ရှုးရှုးရှားရှားဖြစ်နေ၏။ ဝရန်တာပေါ်ကို တိုင်ကတစ်ဆင့် တက်ဖို့ ကြိုးစားသေး၏။

တိုင်ဖက်တက်နေစဉ် ပရိတ်ရေ ပုလင်းလောင်းချလိုက် ၍ နောက်ပြန် ပြုတ်ကျသွား၏။

"ဘုန်း! . ."

"ဟိုက်! . ."

"သေပြီနဲ့ တူတယ်ဟ"

"မသေဘူး . . ကျောနဲ့ကျတာ ခေါင်းထောင်ပြီးမှ ပြန်ချ သွားတယ်။ သူ . . ပယောဂခွာသွားလို့ လူစိတ်ပြန်ပေါက်သွားပြီ နဲ့ တူတယ်။ အန်ကယ်"

"ဟုတ်လို့လား"

"သေချာအောင် အနီးကပ် သွားကြည့်မယ်"

"ဘယ်သူသွားမှာလဲ"

ဘုန်းက သူ့ရင်ဘတ်ကို လက်နဲ့ပုတ်ပြလိုက်ပြီး–

"ကျွန်တော် သွားမယ်"

"ဘုန်း"

"ဘာလဲ . . နေ"

"ငါပါ လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါမှ သူငယ်ချင်းကောင်းကွ"

ချစ်ဆန်းကြီး လူစိတ် ပြန်မှန်သွားပြီ။ မိုးရဲ့ဖခင်က အန္တရာယ်ကင်း ဆွမ်းကျွေးဖို့ အားချင်းစီစဉ်တော့၏။

ဘုန်းလည်း ကိုယ့်အိမ်ကို ပြန်လာနေလိုက်၏။ အိမ်အလုပ်တွေ ဝိုင်းကူလုပ်ပြီး သဘော်ာလိုက်ဖို့ မနက်ဖြန် သင်တန်းတစ်ခု ထပ်တက်ရမည်။

❁ ❁ ❁

ဒီည(၁၀)နာရီမထိုးခင် ဇော်နဲ့ဇွဲတို့ ဘေးနားမှာ ဘုန်းရှိနေမှ ဖြစ်မည်။ ဇွဲတို့အိမ်မှာ ဇော် လာအိပ်ဖို့ ဖုန်းဆက်ပြောလိုက်၏။

"တော်ပါတော့ကွာ . . ဒါကြီးက မပြီးနိုင်ဘူး။ ငါတို့ စိတ်ရော လူပါ ပင်ပန်းလွန်းနေပြီ။ အရင်တုန်းကလို သူငယ်ချင်းတွေ ပျော်ပျော်ရွှင်ရွှင်လေးပဲ ပြန်နေချင်တယ်။ ဒီပယောဂကြီးက အတင်းလာမွှေနေတာ လွန်ပြီ"

"မင်းတို့က သူတို့ကို ခေါ်မိတာကိုး . . သူတို့ကို ဂိမ်းတစ်ခုလို သဘောထားပြီး ဆော့ကစားမိရင်၊ အဲ့ဒီဂိမ်းကို ပြီးအောင်ဆက်ရှင်း . . ကုန်အောင် ဆက်ဆော့မှရမယ်။ မဟူရာမိစ္ဆာကြီးကို သုတ်သင်နိုင်မှ . . ဒီပွဲက ပြီးမှာ"

ဘုန်းစကားကြောင့် ဇော် ခေါင်းတဖျင်းဖျင်း ကုတ်သွား၏ ဇွဲက–

"စိုးရိမ်ထိတ်လန့်စိတ်နဲ့ စောင့်မနေနိုင်တော့ဘူး၊ ငါတို့က ယောကျ်ားတွေ သေတစ်နေ့၊ မွေးတစ်နေ့ပဲ။ တိုးဆိုတိုက်။



www.burmeseclassic.com

www.burmeseclassic.com



ကျားဆိုကိုက် ရဲရဲပြန်ရင်ဆိုင်မယ်"

"လာ . . ဟော့ကောင် ဖော် အပြင်မှာ ဘီယာ သွားသောက်မယ်။ မှူးလာရင် အဲ့ဒီမဟူရာမိစ္ဆာကြီးကို ပက်ဆဲပြီး စိန်ခေါ်မယ်"

"အေး . . အဲ့လိုလုပ်တာပဲ ကောင်းတယ်၊ သွားမယ်"

ဘုန်းက ပျာပျာသလဲ။

"အဲ့လိုမလုပ်နဲ့ . . မင်းတို့ ပိုဆိုးကုန်မယ် မသွားနဲ့၊ ကား အက်ဆီးဒင့် ဖြစ်လိမ့်မယ်"

"မရဘူး . . သွားမှာပဲ လာမတားနဲ့"

"မင်းတို့ ပြောလို့မရဘူးလား"

"အေး"

"အဲ့ဒါဆို ငါပါလိုက်မယ်၊ ကားကို ငါမောင်းမယ်"

"ရတယ် . . လိုက်ခဲ့"

သဘောတူညီမှုနှင့် အမိုးဖွင့်ကားပေါ်တက်ပြီး မောင်းထွက်လာကြတော့၏။ လူကြီးမိဘတွေ စိတ်ရှုပ်မှာ သောကရောက်မှာစိုး၍ အသိပေးမထားကြ။

ဘီယာဆိုင်ရှေ့ ရောက်သောအခါ–

"မင်းတို့ ဘီယာမသောက်နဲ့၊ စားစရာသာ မှာစားကြကွာ"

"ဘီယာဆိုတာ နိုင်ငံတကာမှာ မိန်းမတွေတောင် သောက်နေကြတာ အပျော့စားပါ။ အရက်ပြင်းမှမဟုတ်တာ ညစ်နေလို့ သောက်တာ . . မဟူရာမိစ္ဆာကြီးကို စိန်ခေါ်ဖို့ ရဲဆေးတင်တဲ့ အနေနဲ့ သောက်တာ"

"ဘီယာမှူးမှ . . ပြောရဲဆိုရဲတာ . . သတ္တိမှမဟုတ်တာ၊

www.burmeseclassic.com



အကောင်အထည်မမြင်ရတဲ့ ရန်သူကို သွားတိုက်ဖို့ရမလား။ နပန်းဖက်လုံးလို့လည်း မရ။ သေနတ်နဲ့ပစ်လို့လည်း မရ။ ဓား တွေ လှံတွေနဲ့လည်း ထိုးခုတ်လို့ မရနဲ့ . . မင်းတို့ကို ဟိုက ကုပ်ချိုး၊ ခါးချိုး၊ အူအသည်းတွေ ဆွဲနုတ်စားသွားရင် မခက်ဘူးလား"

"တော်! . . တော် . . အဲ့ဒါ ယုံတမ်းစကားတွေ . . အဲ့ဒီ သရဲတစ္ဆေတွေက လူကို အဲ့လောက်ကြီး ဒုက္ခပေးလို့မရဘူး"

"မရဘူး . . ဟုတ်လား၊ တန်ဆောင်းပောင်းကြီးမှာ နေတဲ့ တစ္ဆေကြီးက အမိုးက သွပ်လာခိုးတဲ့သူခိုးကို သွပ်မခွာဖို့ တား တယ်။ မရဘူး . . သုံးကြိမ်တားလို့မှ မရတာနဲ့ အမိုးပေါ်က တွန်း ချလိုက်ရော ဇက်ကြီးကျိုးပြီး မသေဘူး၊ ဖုတ်ဝင်သလိုလိုနဲ့"

"ဇက်ကျိုးမှတော့ သေပြီပေါ့ဟ"

"တစ္ဆေကြီးက သူ့ရဲ့ကမ္ဘဇိဒ္ဓိအစွမ်းနဲ့ ဘယ်လို အသက်ဆက် ထားလဲမှ မသိတာ . . အဲ့ဒါ ဇရာဝတီတိုင်း၊ ဓနုဖြူမြို့က သံတန်း ဆောင်းမှာ ၂၀၁၄ ခုနှစ်အတွင်းက တကယ်ဖြစ်ခဲ့တာ၊ သူခိုးက ဇက်ကျိုးကြီးနဲ့ စားနိုင်တယ်။ အိပ်ရာထဲက မထနိုင်တာ"

တစ္ဆေကြီးက သူခိုးကို အောက်ပိုင်းကနေစပြီး စားသွားတာ သူခိုး အောက်ပိုင်း သေတယ်။ နောက် ခါးပိုင်း၊ ရင်ခေါင်းပိုင်း သေ တယ်။ နောက် ခေါင်းပိုင်းသေပြီး ဇီဝိန်ချုပ်တယ်"

"အဲ့ဒီ တစ္ဆေကြီးက အသားတွေ ကိုက်ဖဲ့ စားသောက်နေ တာလား"

"သူတို့နည်း၊ သူတို့ဟန်နဲ့ စားတာပေါ့ကွ။ သူတို့က နာမ် ခန္ဓာတွေကို . . ရုပ်ခန္ဓာရှိမှ ရုပ်ခန္ဓာအစွတ္တဘော အငြောင်းကောင်

www.burmeseclassic.com



ကို စားပြလို့ရမှာပေါ့။ ငါပြောချင်တာက သူတို့တန်ခိုးကြီးရင်ကြီးသလောက် သူတို့ရဲ့ ပြုလုပ်ခံရမှာ ငါတို့လို လူတွေပဲ။ ကံနိမ့်ရင် နိမ့်သလောက် လုပ်ပစ်လိုက်လို့ရတယ်၊ လက်စတုံး ပစ်လိုက်လို့ ရတယ်။ ပေါ့သေးသေး မထင်နဲ့"

"သူ့ဘာသာ ပေါ့သေးသေးမကလို့ ပေါ့ကြီးကြီးကွာ . . ငါတို့ကတော့ လုံးဝ ဂရုမစိုက်ဘူး၊ ဟုတ်တယ် မဟုတ်လားကွ . . ငဇော်ကြီး"

"သိပ်ဟုတ်တာပေါ့ . . စိန်ခေါ်ရင် တိမ်ပေါ်အထိ လိုက်ခိုက်ရဲတဲ့ နှစ်ဆယ့်တစ်ရာစု လူငယ်တွေ၊ နေရာတကာ ဒင်းတို့လုပ်ချင်တိုင်း လုပ်လို့ရမလား . . သေမင်းအတု ဟန်ဆောင်လိုက်သေးတယ်။ အဲ့ဒါ အပြစ်ကြီးတယ်။ သေမင်းသိရင် လိုက်တုတဲ့ကောင်ကို တန်းခေါ်မှာပဲ"

"အဲ့ဒါကြောင့် သရဲကြီး ပါသွားပြီလေ"

"မဟုရာမိစ္ဆာကြီးကရော . . သေမင်းလက်က လွတ်နိုင်လို့လား။ ဟား . . ဟား ဟား သွားစမ်းပါ၊ သေမင်းလက်က ဒင်းလည်း မလွတ်ပါဘူး။ ဒင်းက တို့ထက် ပိုအပြစ်ကြီးတယ်။ ဒင်းခံရမှာ မကြာတော့ဘူး"

"အဲ့ဒါကို မင်းတို့က လိုက်ပြိုင်မိုက်ကြမလို့လား . . ကိုယ့်ဟည်း ကိုယ်ကာပြီး ကိုယ့်တာ ကိုယ်လုံအောင် ထိန်းဖို့ပဲ အရေးကြီးတာ၊ သူ့စရိတ်နဲ့သူ သွားလိမ့်မယ်လေကွာ၊ မိစ္ဆာနောက်မှာ အဖွဲ့ရိုလ် အပြစ်ကြွေးတွေက အရိပ်ပမာလိုက်နေတာ၊ မင်းတို့ . ."

မျက်နှာကို လမ်းမဘက်လှည့်ပြောပြီး ငဇော်နဲ့ ငမွဲတို့ဘက်



www.burmeseclassic.com

www.burmeseclassic.com

# ဓေတန်

ပြန်လှည့်လိုက်သောအခါ နှစ်ကောင်သားက ဘီယာဝိုင်းမှာထိုင်ပြီး ဘီယာနဲ့ အမြည်းတွေပင် မှာနေကုန်ကြပြီ။

❁ ❁ ❁

သွားပြီ။

ဖွဲနဲ့ ဇော်က ဘီယာကို အမူးသောက်ကြ၏။ ဘုန်းက တား သော်လည်း မရ။ သောက်ပြီးတော့ ဖွဲက ကားကို သူမောင်းမယ် ချည့်လုပ်နေ၍ ဘုန်းက အတင်းလုမောင်းရတော့၏။

"မဟူရာမိစ္ဆာဆိုတာ ပြိတ္တာပဲကွ"

"ပြိတ္တာကို ပါတိတ်လုပ်ပစ်မယ် . . ငါမသေဘူး၊ ရေကူး တတ်တယ်။ သတ် . . သူသေ၊ ကိုယ်သေ ဆော်ပစ်မယ်"

ဖွဲပါးစပ်က အရည်လေးဝင်သွားဘော့ ဂယောင်တွေ ပြော လာ၏ ။ ဘုန်းက –

"မင်းတို့ပါးစပ်က ပေါက်ကရတွေ မပြောနဲ့"

"ပြောတယ်ကွ . . ဘာဖြစ်လဲ"

"ဘယ်မှာလဲ . . အဲ့ဒီ မဟူရာမိစ္ဆာကောင်ကြီး၊ ငပေါကြီး" ဒီကောင်တွေ ဆက်ပြောနေကြပြန်၏။ ဘုန်းက ကားကို ဂရုတစိုက် မောင်းလာရာက –

"ဒိုင်း! . ."

ကားဘီးပေါက်သွား၏။ နောက်ဘီး –

"တွေ့လား . . စပြနေပြီ၊ ငါ ဒီလောက် တားရဲ့သားနဲ့ကွာ"

"မင်း ပါးစပ်ပုပ်ကြီးနဲ့ စကားဦးမသမ်းနဲ့ . . မလွှမ်းဘူး –



www.burmeseclassic.com

www.burmeseclassic.com



ဟော့ရောင်။ ဘီးပေါက်တာ ဘာဖြစ်လဲ . . ဘီးအပိုပါတာပဲ ဘီးလဲ
ထပ်ရုံပေါ့ ဟက် ဟက်"

"ဟုတ်တယ် . . ငဘုန်း ၊ မင်းက တို့ကို အနီးကပ် လိုက်
ခြောက်လှန့်သလို ဖြစ်နေပြီ၊ ညဆယ့်တစ်နာရီထိုးပြီ။ ခုထိ အေးရာ
အေးကြောင်းပဲ။ ဘာ မဟူရာမိစ္ဆာကြီးမှလည်း မလာဘူး။ လူကြမ်း
ရင် နတ်ကြမ်းတောင်မခံနိုင်ဘူး . . မှတ်ထား။ မင်းရဲ့မဟူရာမိစ္ဆာ
ကြီးက ဘာမို့လို့လဲ"

သူတို့ပြောနေကြစဉ် ဘုန်းတစ်ယောက် ကားမောင်းရာ
လမ်းကို လှမ်းကြည့်ရာက လန့်ဖျန့်ပြူးပြဲသွားပြီး–

"ဟော့ကောင်တွေ! . . ပလက်ဖောင်းပေါ် အမြန်တက်၊
တက်! . . မြန်မြန်"

ကျုံး အော်လိုက်၍ ဖွဲ့က ဘုန်း ပြူးကြည့်ရာကို လှမ်းကြည့်
လိုက်ပြီး –

"ဟာ! . ."

ပလက်ဖောင်းဘက်ကို အမြန် ပြေးတက်လိုက်၏။

ဇော်က ကားနောက်နားရပ်နေရာက ဖြည်းဖြည်းချင်း လှည့်
ကြည့်နေ၏။ ဘုန်းကပြေးပြီး ဇော့်လက်မောင်းကို ဆောင့်ဆွဲကာ
လက်ဖောင်းဘက်အခြမ်းကို အားကုန် ပစ်လှဲ၊ လှိမ့်ချလိုက်၏။

အရှိန်နှင့် ဝါးလုံးထိုးပြေးဝင်လာသော အရာကြီးက ရပ်
ထား သော ဘုန်းတို့ကားကို –

"ဂျိမ်း! . ."

"ဝုန်း! . ."



www.burmeseclassic.com

www.burmeseclassic.com



"ခွမ်း! . . ခလွမ်း! . ."

ဝိတ်ကျိုးပစ်လိုက်၏။ လူစီးဘတ်(စ်)ကား ဂိတ်သိမ်းပြီး ပြန်လာသော ကားကြီးဖြစ်နေ၏။ ဘုန်းတို့ကားလေး ရှေ့ကို လွင့်သွားပြီး ကြေမွ ရွဲပလဲကုန်ပြီး ကားကြီးကတော့ ဘာမှသိပ်မဖြစ်။ နောက်ကို ပြန်ဆုတ်ပြီး အခင်းဖြစ်နေရာကနေ အပြင်း မောင်းထွက်သွား၏။

"တို့ကားကို တမင်ဝင်တိုက်သွားတာ"

"ကားနံပါတ် မှတ် . . မှတ်"

"နံပါတ်ပြား မီးမှိတ်ထားတယ်"

"ကားအရောင်က အဝါရောင်၊ ကားလိုင်းက ဘာလဲ။ လိုင်းနံပါတ် ဘယ်လောက်လဲ"

"မတွေ့လိုက်ဘူး . . ယဉ်မောင်းနေရာကို ငါ အသေအချာကြည့်တာ . . ယာဉ်မောင်းကို မတွေ့ရဘူး။ မှောင်လည်း မှောင်နေတယ်။ ကားထဲကို မမြင်ရဘူး"

ဘုန်းက သိနေပြီ။ စကားဦးသမ်းတယ်ထင်မှာ စိုး၍ ဘာမှ မပြော။

"ဇော် ကံကောင်းလို့ . . ဘုန်း ကယ်လိုက်လို့၊ ဘုန်းမအော်ရင် ငါလည်း မသိဘူး။ ဝင်ကျိုးခံရမှာကွ . . ဒါ မရိုးသားဘူး။ မတော်ထာဆဖြစ်တာ မဟုတ်ဘူး။ တမင်ဝင်တိုက်တာ"

"ငါတို့ကို လုပ်ကြံတာပဲ"

"တရားခံ ဘယ်သူလဲ ??!"

ဖွဲ့အမေးကို ဇော်ရော၊ ဘုန်းပါ မသိ၍ မဖြေနိုင်ကြ။ ဖွဲ့က-



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်း . . မင်းပြောနေတဲ့ ဟာကြီးလား"

"အေး . . ဟုတ်မှာပေါ့"

"ဒါဆို ငါတို့သေဘေးက လွတ်သွားပြီပေါ့၊ ခုန လုပ်ကြံခဲ့တာ ငါတို့ မသေဘူးလေ"

"ဟုတ်တယ် . . ဒါပေမယ့် မင်းတို့ မဆင်မခြင်ပြောတဲ့ အပေါ်မှာ သူ ကျေနပ်တယ်၊ မကျေနပ်ဘူးဆိုတာ ငါမသိဘူး။ ခုဒါ ရှော့ခ်တော့ နည်းနည်းရှိတယ်"

"ဟာ! . . ဇယားကို ရှုပ်တယ်"

"ဟုတ်တယ် . . ကားဖိုးလည်း လျော်ကြေးမရ၊ ခုန ကားနောက်ကို တက္ကစီငှားပြီး လိုက်ကြမယ်။ ကားတားစမ်းကွာ"

"ဒီလမ်းမှာ ကားပြတ်လပ်နေတယ်။ လိုက်လည်း မှီမှာ ဟုတ်တော့ဘူး"

"ဖုန်းဆက်လေကွာ . . ဝပ်ရှော့တစ်ခုခုကို . . ကားပြန် ဆွဲခေါ်လို့ မရတော့ဘူး။ ကားဆွဲတဲ့ ကရိန်းကားပါ ခေါ်ခဲ့နိုင်းမှာ"

✻ ✻ ✻

သုံးယောက်သား ဖုန်းဆက်လိုက်၍ အတန်ကြာမှ ကရိန်းကား ရောက်လာပြီး ကားကို ဆွဲခေါ်သွား၏။ သုံးယောက်သား မှုးဝေဝေနှင့် မကျေမနပ်ဖြစ်ပြီး လမ်းမအတိုင်း လျှောက်လာကြစဉ် –

"ဝေါ! . . ဝေါ! . ."

"ဟာ! . . ရှေ့မှာ . . ရှေ့မှာ အမြန်ရှောင်"



www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မတာ

"ဝေါ! . ."

မီးမှိတ်ပြီး မောင်းလာသော ကားကြီးကို အမြန်လွတ်အောင် ရှောင်လိုက်ရ၏။ တိုက်မိပါက လွင့်စင်ပစ်ကျပြီး သေသွားနိုင်၏။ အရှိန်ပြင်းလွန်းလှ၏။ လမ်းမီးတိုင်တွေက မလာ။ လမ်းဘေးအိမ်တွေရဲ့ မီးရောင်တွေကလည်း ခြံဝင်းတွေထဲက စိုက်ပျိုးထားသော သစ်ပင်တွေကြောင့် လမ်းမဘက် အလင်းရောင် သိပ်မရော

ဘုန်းက တစ်ဘက်၊ ဇော်နဲ့ဖွဲ့က တစ်ဘက်၊ ပွတ်ကာသီကာ ခုန်ရှောင်လိုက်နိုင်၏။

"ကျွီ . . အီး . . အီး"

ကားကြီးက မီးပွိုင့်အလင်းရောင်နားမှာ ခပ်ကြမ်းကြမ်းပြန်ဆွဲကွေ့ပြီး ဘုန်းတို့ သုံးယောက်ကို စော့ဆိုင်ကြည့်နေ၏။ ခဏကျွဲကြီး ဆိုင်ကြည့်ပြီး ချာယက်နေသလိုပင်။

"ဟော့ကောင်တွေ! . . ပြေး . . ပြေး"

"ငဘုန်း . . တို့ကို အသေ လိုက် တိုက်သတ်နေတာလမ်းအတိုင်း ပြေးလို့မလွတ်ဘူး"

ငဇော်က တုန်အက်အက်အသံဖြင့် လှမ်းပြော၏။ ငဖွဲ့ကသွေးရူးသွေးတန်း အသံကြီးဖြင့် အော်မေး၏။

"ငါတို့ ဘာလုပ်ရမလဲ၊ ဘာလုပ်ကြမလဲ"

ဒီကောင်တွေ သေရတော့မယ်ဆိုတော့ သိပ်ကြောက်ပြီ။ ရဲဆေးတင်ပြီး သောက်ထားတာတွေ . . ဘယ်ပျောက်ဘုန်းမှမသိတော့။

ဘုန်းက ဘေးဘက် ပလက်ဖောင်းနှင့် အိမ်တန်းရှေ့



www.burmeseclassic.com

www.burmeseclassic.com



ညည်ပင်မြေကွက် အပိုအကျယ်ကို လှမ်းကြည့်လိုက်၏။ မြက်ခင်း၊ ခုံတန်း၊ သံပန်းအရံအတား။ အုတ်မြောင်းငယ် ဘောင်လေးတွေနှင့် အလှစိုက်ပန်းပင်တွေသာ ရှိ၏။ ခိုင်ခိုင်မာမာ အကာအရံမရှိ။

တစ်ဘက်လမ်းက ပိုဆိုးသေး၏။ ပြေးပေါက်က ဒီဘက်လမ်းသာ ရှိတော့၏။

"ဝူး . . ဝေါ . . ဝေါ"

"ကျွီ . . အီ"

ကားကြီးက အရှိန်နှင့် မောင်းထွက်လာပြီး–

"ဟော့ကောင်တွေ ပြေး . . ငါ့နောက်က ပြေးလိုက်ခဲ့ . . အောက်ကို သတိထား . . မြောင်းဘောင်ကျဉ်းလေးတွေ ရှိတယ်"

ဘုန်းက အော်ဟစ်ပြီး ရှေ့ဆုံးက ပြေး၏။ ဖွဲ့နဲ့ ဇော်တို့ သွေးရူးသွေးတန်း ပြေးလိုက်လာ၏။

"ဝူး! . . ဝုန်း! . . ဒုန်း! . . ဝွမ်း! . . ဝေါ! . ."

ကားကြီးက ပလက်ဖောင်းပေါ်ကို အရှိန်နှင့် ဆောင့်တိုက်အောင်းတင်ပြီး တွေ့မြင်ရာ အကုန်တိုက်ချသွား၏။ ပန်းချုံတွေ ပြတ်ပါကုန်၏။

"ဒုန်း! . . ဂလုန်း! . ."

မြောင်းဘောင်ကျဉ်းတွေကိုလည်း ဖြတ်ကျော် မောင်းလာ၏။ ဆင်ရိုင်းကြီး မုန်ယိုပြီး အတင်း ဖွတ်လိုက်လာသလိုပင်။ ဒွာနဆိုင်ရာ ခြံဝင်းကြီးတစ်ခုရဲ့ တံခါးပေါက်ကြီးက လူဝင်ပေါက်လေးဟနေတာကို ကံကောင်းထောက်မစွာ တွေ့လိုက်ရ၏။

တံခါးဆွဲဖွင့်ပြီး အဲ့ဒီလူဝင်ပေါက်လေးထဲ သုံးယောက်သား



www.burmeseclassic.com

www.burmeseclassic.com



ပြေးဝင်လိုက်ကြ၏။ အပြင်ကို ချောင်းကြည့်လိုက်တော့ –

ကားကြီးက ဝင်းတံခါးဘက်ကို ခေါင်းလှည့်ပြီး . . လီဗာ ပြင်းပြင်းပုတ်နေပြီ။

"ရူး . . ရူး . . ရူး"

"ငဇော်နဲ့ ငဖွဲ့ ဒီကောင်ကြီး အတင်းမောင်းဝင်ပြီး အရှိန်နဲ့ ပြေးတိုက်တော့မယ်။ ဒီနေရာ မလုံခြုံဘူး။ ဝင်းအတွင်းထဲ ဝင်ပြေးကြမယ်"

ဘုန်း ဦးဆောင်ပြီး ဌာနဆိုင်ရာ ဂိုဒေါင်ဟောင်းကြီးရှိရာ အားသွန်ပြေးကြ၏။ ဂိုဒေါင်တွေက လေးငါးလုံးခန့်စီ ဆောက်ထား၏။ ဂိုဒေါင်တစ်လုံးနဲ့တစ်လုံးကြားမှာ ကားကြီးတစ်စင်း ဝင်သာရုံ လမ်းပေါက်ရှိ၏။

ဂိုဒေါင်ကြီးဆီရောက်တာနှင့် ဝင်ပေါက်ဘက်ဆီက –

"ဂျိမ်း! . . ဝုန်း! . . ဒုန်း! . ."

"ဝေါ!. . ရူး! . . ရူး! . . ဝေါ! . ."

ခြံဝင်းသံတိုင်တံခါးကို အရှိန်နဲ့တိုက်ဖွင့်ပြီး . . ကားကြီး မောင်းဝင်လာ၏။ တံခါးလည်း ပြုတ်ထွက်။

ကားဘန်ကာတွေလည်း ပြုတ်ကွာကာ ရှေ့ပိုင်းကာဘာ တွေ ပိန်ချိုင့်ပြီး မီးခိုးတအူအူနှင့် ဝင်းထဲကို မောင်းဝင်လိုက်လာ ပြီး –

"ဂိုဒေါင်တံခါး ဖွင့်ထားသလား၊ ငဇော် ပြေးတက်ကြည့်စမ်း"

ဂိုဒေါင်က ကားဝင်ထွက်လို့ရအောင် လျှောဖောက်အင်တော အုတ်ခုံ ခင်းပေးထား၏။ ငဇော် တက်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"သော့ခတ်ထားတာ မတွေ့ဘူး။ ငါတစ်ယောက်တည်း အားနဲ့ တွန်းဖွင့်လို့လည်း မရဘူးကွ"

"ငါတို့ လာပြီ"

"ကားကြီး တို့တည့်တည့်ကို မောင်းလာပြီ"

ဘုန်းနဲ့ဇော်တို့ တံခါးဘေးရောက်လာပြီး ရောမတံခါးကြီးကို အတင်းတွန်းဖွင့်ကြ၏။

တံခါးကြီးက (၁၀)ပေခန့်မြင့်ပြီး ကြီးမားလေးလံ၏။ အတွင်းချက် ချထား၍လား မသိ။ အနည်းငယ်ပင် မရွေ့။ မီးလုံးတစ်ဘက်ကွဲ ကားကြီးက အရှိန်ပိုတင်ပြီး သူတို့သုံးယောက်ထံ ပစ်တိုးဖို့ ပြေးဝင်လာပြန်ပြီ။

"ဟာ! . ."

"ဟင်! . ."

"ဟေ့! . . ဘေးကို ခုန်ချလိုက်၊ တက်လာတာနဲ့ အချိန်ကိုက်၊ ခုန်ချလိုက်"

ကားကြီးတက်သော အုတ်လှေကားပေါ် ရောက်သည်နှင့် ဇော့်ကို ဘေးဘက်အရင် တွန်းချလိုက်၏။ ဇွဲက တစ်ဘက်ကို ခုန်ချသွားပြီး ကားကြီးက ဘုန်းကို တံခါးကြီးနှင့် ညှပ်တိုက်မိခါနီးမှာ ဘုန်း လျှင်လျှင်မြန်မြန် ဘေးဘက် ခုန်ချလိုက်၏။

"ဝုန်း! . . ဂျိမ်း! . . အုန်း! . ."

သွပ်ပြားဖြင့် ပြုလုပ်ထားသော တံခါးချပ်ကြီးကို ကားနဲ့ တိုက်ဖောက်ပြီး အထဲဝင်သွား၏ ။ ထိတ်လန့် ကြောက်ရွံ့ဖွယ်ရာ အတိ။



www.burmeseclassic.com

www.burmeseclassic.com

# ဧကောန်

ဘုန်း၊ ဖွဲ၊ ဇော်တို့ အတော်ကြီးကို ထိတ်လန့် သွေးပျက်နေကြပြီး လိုင်းကားကြီးလက်ထဲက လွတ်အောင် ပြေးမရ။

ဘေးဘက်မှာ လဲကျနေရာက သစ်သားစတစ်ခုက ဇော်ရဲ့ ပေါင်ကို လာစိုက်၏။ ကွာတားဘောင်းဘီ ဝတ်ထားသော ဇော် တစ်ယောက် ရူးရူးဝါးဝါး အော်ဟစ်၏။ ဘုန်းနဲ့ ဖွဲတို့သွားပြီး ပေါင်ထဲက သစ်သားစကို ဆွဲထုတ်ပစ်လိုက်၏။

ဇော်ရဲ့ မချိမဆန့် အော်သံက ပွက်ပွက်ညံသွား၏။ ဂိုဒေါင်ထဲမှာလည်း –

"ဝေါ! . . ဂူး! . . ကျွီ! . . အီ! . . အီ! . ."

ကားခေါင်းကို ဆွဲလှည့်လိုက်သံကြီး ကြားလိုက်ရ၏။

"ဖွဲ . . မင်း . . ဇော့်ကို တွဲခေါ်ပြီး တောင်ဘက်တန်းတန်းကနေ ထွက်သွား၊ ငါက အယောင်ပြပြီး ရင်ဆိုင်မယ်။ အဲ့ဒါမှ မင်းတို့ လွတ်မှာ"

"မင်းတစ်ယောက်ထဲ သေသွားမှာပေါ့"

"ဒီလောက် ဆူပွက်သောင်းကျန်းသံတွေကြောင့် အနားပတ်ဝန်းကျင်က လူတွေလည်း သက်ဆိုင်ရာကို ဖုန်းဆက်ခေါ်ထားပြီးလောက်ပြီ။ သက်ဆိုင်ရာက ရောက်လာတဲ့အထိ ငါ တောင့်ခံထားနိုင်တယ်။ နို့မို့ဆိုရင် သုံးယောက်လုံး သေလိမ့်မယ်။ ငါ့စကားကို နားထောင်၊ သွား . . သွားတော့"

ဖွဲလည်း ဇော့်ကို တွဲခေါ်ပြီး တောက်ဘက်အရပ်ဆီ သွား၏။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

# သရဲဂိမ်း

"ဝူး . . ဝေါ . . ဝေါ . . ဝေါ"

ကားကြီး အပြင်ကို ပြန်မောင်းထွက်လာ၏။

"ဝေါ! . ."

အဆင်းမှာ အရှိန်နှင့်မြောက်ပြီး–

"ဝုန်း! . . ဝူး! . . ဝေါ! . ."

ခြံစည်းရိုးပေါက်နားအထိ ရောက်သွား၏။

"ကျွီ . . အီး . . အီး"

ဘရိတ်နင်းပြီး ကားခေါင်းကို ပြန်လှည့်လာပြန်၏။ ကား မီးရောင် တစ်ဘက်ထဲနှင့် ထိုးထား၏။ မီးရောင်အောက်မှာ ဘုန်း ဆိုင် ရပ်နေလိုက်၏။

ဘုရား . . တရား . . သံဃာ . . ရတနာသုံးပါးအား ရဲ ဦးညွတ်ပူဇော်ပြီး စိတ်ထဲက သရဏဂုံတင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာကားကြီးကတော့ . . လီဗာပုတ်နင်းနေပြီး ဘုန်း
အရှိန်နဲ့ ပြေးတိုက်သတ်ဖို့ ပြင်နေပြီ။

"ဝူး! . . ဝေါ! . . ဝေါ! . ."

အသံဆိုးကြီးပေးကာ မောင်းချလာပြီး ဘုန်းရဲ့နောက်မှ
က ဂိုဒေါင်နံရံကြီး။

အနားရောက်ခါနီးမှာ ဘုန်းက တစ်ဘက်ကို အားသွန်ပြီး
လိမ့်ချလိုက်၏။

ကားကြီးက (အုန်း! . .)ခနဲ နံရံကို ပစ်ဆောင့်၏။ မီးလုံး
ကွဲပြီး မီးရောင်မရှိတော့။ ကားခေါင်းပိုင်းလည်း စိစိညက်ည
ကြေမွသွားပြီ။

ဘုန်းလည်း ပစ်လဲနေရာက ပြန်မထနိုင်။ မီးခိုးတလူလူ
နှင့် ကားထဲက တစ်စုံတရာ ထွက်လာသည်ကို မော့ပန်းနွမ်းလျ
ကြ ားက မြင်နေရ၏။

ထဖို့ ကြိုးစားသော်လည်း ခြေတွေလက်တွေ လှုပ်လို့မ
တစ်စုံတရာက ခြေတွေလက်တွေကို မြေကြီးနဲ့ ဆွဲကပ်ထားသ
ပင်။

ကားပေါက်က ထွက်လာတော့ သာမန်လူ အရွယ်အစ
တစ်ကိုယ်လုံး အနက်ရောင်၊ ဝတ်ရုံကလည်း လောင်းကုဒ် အန
ရောင်။ ခေါင်းမှာ ဦးချိုက ဘေးနှစ်ဘက်။ ငယ်ထိပ်မှာ ကြွခ
တစ်ခုက ထွက်နေသေး၏။

မြေကြီးပေါ်နင်းလာသံကိုက ဆယ်ပေါင်တူနဲ့ မြေကြီး
ထုလိုက်သလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်း လိပ်ပြာလွင့်သွားနိုင်၏။ ကြောက်စိတ်ကို ချုပ်ထားပြီး ဘုရားစာ ဖိရွတ်၏။

လူကောင်ကြီးက ဘုန်းအပေါ် စီးမိုးရပ်ကြည့်နေသည်မှာ ဆယ့်လေးပေခန့် ရှိလိမ့်မည်။ ကိုယ်ကာယကလည်း ကြံ့ခိုင်တောင့်တင်း၏။

မိစ္ဆာ . . မဟုရာ မိစ္ဆာကောင်ကြီး။

ဘုန်းအပေါ် စီးမိုး စိုက်ကြည့်နေ၏။ ဘုန်းက မှောင်မဲနေသော သူ့မျက်နှာကို မမြင်ရ။ သူ့ရဲ့ ကိုယ်လုံးကိုယ်ပေါက်နှင့် ဦးချိုတွေကိုသာ ကြယ်ရောင်ရေးရေးဖြင့် တွေ့နေရသည်။

"မရွတ်နဲ့"

ဘုန်းမျက်လုံးစုံမှိတ်ပြီး နှစ်ဆယ့်လေးပစ္စည်း (ပဋ္ဌာန်းဘုရားတော်)ကို ရွတ်ဆို၏။

မကောင်းဆိုးဝါးသံကြီးနှင့်။

"မရွတ်နဲ့၊ ဟေ့ကောင် . . မင်းကို ငါသတ်မှာ တိတ်စမ်း"

ဘုန်းက ပိုပြီး ဖိရွတ်၏။ အကောင်ကြီး နားနှစ်ဘက်ကို ပိတ်ပြီး ဗူးဗူးဝါးဝါးအော်ဟစ်ကာ ရုတ်တရက် လက်ကြီးတစ်ချောင်း မိုးပေါ်ထောင်ပြီး အုန်းသီးလုံးလောက်ရှိသော လက်သီးဆုပ်ကြီးဖြင့် ဘုန်းကို အားရပါးရ မုဆိုးဒူးထောက် ထိုင်ချရင်း ထိုးချလိုက်၏။

"ဝိုး! . . ဟီး . . ဟီး"

အချိန် အလွန် ပြင်းထန်၏။ ဘုန်းရဲ့ဆံပင်တွေ ထောင်ထတ်ပြီး ကျောရိုးထဲ စိမ့်ခနဲ၊ ကြက်သီးတွေ ဖျန်းခနဲ ဖျန်းခနဲ။

www.burmeseclassic.com

# ဧကောန်

"ဘုန်း! . ." ခနဲ မြေကြီးကို ထိုးမိ၍ မြေကြီး နှစ်ကျွံသွားသ
ကြားရ၏။ လက်သီးချက်က ဘုရား၊တရားရွတ်နေသော ဘုန်း
ကို မထိ။ ဘေးဘက်ထိတာပင် တော်လဲသံလို တုန်ခါထွက်သွား၏။

ဘုန်းလည်း လန့်ပြီး မေ့သွား၏။ ဘုန်းကတော့ သွားပြီ . .
သေပြီဟု ထင်လိုက်ခြင်းပင်။ ပတ်ဝန်းကျင်က လူတွေရော၊ သတ
ဆိုင်ရာကပါ အုံနဲ့ကျင်းနဲ့ ရောက်လာကြ၏။

ဘုန်းကတော့ ဘာမှမသိတော့။

❁ ❁ ❁

"ဘုန်း . . ပြန်သတိရလာပြီ"

"ငါ့တူ . . မောင်ဘုန်း"

"ဘုန်းရေ . . ငါ ဘျားလေ မှတ်မိလား"

"ဘုန်း . . ဘုန်း ငါက နေလေကွာ"

ဝေဝါးသောပုံရိပ်တွေကို မြင်နေရာက အမြင် ကြည်လ
လာ၏။ ရေဆာလွန်း၍ ရေတောင်းတော့ ပါးစပ်ကို ဝွမ်းစနှင့် ညှ
ချပေး၏။ ပြီးမှ ဖြည်းဖြည်းချင်း တိုက်၏။

ဘုန်း အားလုံးကို မှတ်မိကြောင်း ပြောဆိုလိုက်မှ အားလုံး
စိတ်အေးသွားကုန်၏။

ဇော်လည်း ဆေးရုံတက် ကုနေရ၏။ ဗိုးချဲနှင့် ရောက်လ
၏။ ဇော်က –

"မင်း နှစ်ရက်တောင် မေ့နေတာ . . ဖြစ်တဲ့ကိစ္စ ရဲတွေ
စစ်မေးတာနဲ့ ငါတို့လည်း မှန်တဲ့အတိုင်း ဖြေလိုက်ရတယ်။ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



တိုက်တဲ့ကားက ဒါရိုင်ဘာရော၊ စပယ်ယာရော ဂိတ်က ထမင်းဆိုင်မှာ မူးပြီး မှောက်နေတာ . . ကားသိမ်းပြီးပြီဆိုတော့ နားနေတာ။ ကားက သူ့ဘာသာသူ ထွက်သွားတာ . . မောင်းတဲ့လူကို အဖြေရှာလို့ မရဘူး ဖြစ်နေတယ်"

"ယာဉ်မောင်းမရှိတော့ . . သဘာဝလွန်ကိစ္စဖြစ်နေလို့ ရဲတွေလည်း အဲ့ဒီလို မှတ်ချက်ချသွားရပြီ။ ကားပိုင်ရှင်က ဘောစိကွ . . သူ့ကားချည်း (၁၀)စီးလောက်ရှိတာ . . အမှုမဖြစ်ရင်နေ၊ သူ့ကားကို သူပြန်ပြင်မယ်တဲ့ . . တိုက်မိတဲ့ဟာတွေ ပြန်လျှော်ပေးမယ်တဲ့။ အမှုမဖြစ်တာ တော်သေးတာပေါ့ကွာ"

"ဟုတ်လား . . ဒါ! . . ဒါဆို ဟို . . မကောင်းဆိုးဝါးကြီးကော ဘယ်ရောက်သွားပြီလဲ"

"ရဲတွေရောက်လာတော့ မင်း ပက်လက်ကြီးလဲနေတာပဲ တွေ့ကြတယ်တဲ့ . . မင်းကို ကားယူမောင်းတဲ့ ကားသူခိုးလို့တောင် အစောပိုင်းက ထင်နေကြသေးတာ . . ရှင်းပြမှ သဘောပေါက်သွားကြတယ်"

"အဲ့ဒီကောင်ကြီး လွတ်သွားပြီပေါ့၊ ငါမသေတာ ဘုရားတန်ခိုး၊ တရားတန်ခိုး၊ သံဃာတန်ခိုးကြောင့်ပေါ့ကွာ . . ကံကောင်းလို့"

"အေးကွာ . . ငါတို့လည်း အရမ်း Shock (လန့်)သွားပြီ။ နောက်ဆို စကားပြော ဆင်ခြင်တော့မယ်"

"မင်းတို့ကော လွတ်လာတာ အေးဆေးပဲလား"

"အေး . . တောင်ဘက်မှာ ဂိတ်ပေါက်ရှိတယ်၊ အဲ့ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



သော့ မခတ်ထားဘူး။ ဖွင့်ပြီး အငှားကားနဲ့ ရဲစခန်းပြေးရတာပေါ့။ ရဲစခန်းမှာ တို့ရောက်ပြီး စခန်းက ရဲတွေကလည်း အဲဒီအမှုကို သွားရှင်းနေတာဆိုတော့ အိုကေသွားတာပေါ့"

ဘုန်းတို့ ပြောဆိုနေတာကို လူကြီးမိဘတွေက နားထောင်နေကြ၏။ သျှားရဲ့ မိခင်၊ နေရဲ့ မိခင်တို့နှင့်အတူ ဘုန်းရဲ့ ဦးလေးလည်း အနားမှာ ရှိနေကြ၏။

"မင်းတို့ အနေအထိုင် ပိုပြီးဆင်ခြင်မှရမယ်။ မင်းတို့ ကိစ္စကြီးက အတော် နားလည်ရခက်တာကြီး"

"ဟုတ်တယ် . . မကောင်းဆိုးဝါး နှိမ်နင်းဖို့ . . ဆရာကောင်းကောင်းနဲ့ ပြကို ပြရလိမ့်မယ်"

"ရတနာသုံးပါး ဦးထိပ်ထားရင် ဆရာ ပြစရာမလိုပါဘူး အန်တီရယ်"

ဘုန်းတို့ပြောနေကြစဉ် ဆရာဝန်ကြီး ရောက်လာပြီး လာစစ်ဆေး၏။

"အားလုံးကောင်းတယ် . . ဆင်းချင်ရင် ဆင်းလို့ရပြီ။ နား ရှိလို့သာ ကြားရတယ်၊ ဒီအဖြစ်မျိုးတွေကို ဒီနေ့ခေတ်အထိ ရှိနေသေးတာ အံ့သြစရာပဲ။ ဘုရား၊ တရား မမေ့ကြနဲ့ပေါ့။ မမှုကို အမှေ့က သိမ်းပိုက်လို့ မရဘူး။ တရားကို မတရားမှုက သိမ်းပိုက်လို့ မရဘူးလေ"

အားလုံး သဘောပေါက် လက်ခံကြ၏။

ဆရာဝန်ကြီးနဲ့ သူနာပြုတွေ ပြန်ထွက်သွားသောအခါ သျှားနဲ့ နေတို့ သားအမိတွေ ပြန်ကုန်ကြ၏။ မိုးနဲ့ သွယ်၊ ဇော်နဲ့ ဖွဲ၊ ဦး

www.burmeseclassic.com

www.burmeseclassic.com



လေးငယ်တို့သာ ကျန်ရစ်ခဲ့၏။

ဘုန်းက တစ်နေရာကို စူးစိုက်ကြည့်ရင်း –

"ငါ နှစ်ရက်လောက် ပျောသွားတာ . . သရဲမ ရူပဧကရီ နောက် ပါသွားလို့ကွ"

"ဘာ! . ."

"ဟင်! . ."

"ဟယ်! . ."

"ဟုတ်လား . ."

"ဟုတ်တယ် . . ငါ အကုန် ပြန်မှတ်မိတယ်၊ မင်းတို့ကို ပြောပြမယ်။ ဦးလေးငယ်လည်း ယုံရင် နားထောင်၊ မယုံရင် နားထောင်လို့ ရပါတယ်"

"ပြောပါကွာ . . ငါ နားလည်ပါတယ်"

"ဒီလို ဦးလေးငယ်ရဲ့ . ."

❁ ❁ ❁

ကောင်းကင်ပေါ်မှာ ဖြူလွသော အရာတစ်ခု လွင့်ဝဲ ဝေ့သည် ကျရောက်လာ၏။ စက္ကူပန်းဖြူတစ်ပွင့် ကြွေကျလာသလို ပန်းပွင့်က ကြီးမားသည်။ မြေပြင်ပေါ်ရောက်သောအခါ မိန်းမ သားတစ်ယောက် ဖြစ်သွား၏။

အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသော မိန်းမလှလေး တစ်ယောက် . . ဘုန်း မှတ်မိသွားပြီ။

ရူပဧကရီ။



www.burmeseclassic.com

www.burmeseclassic.com



မဟူရာမိစ္ဆာကြီးက ဘုန်းကို ချွန်မြိုထက်မြသော လက်သည်းကြီးများဖြင့် ထိုးကုတ် သတ်ဖြတ်ရန် ပြင်လိုက်စဉ်မှာ သူမ ရောက်လာခြင်းပင်။

"နင် . . ဘေးဖယ်"

လှိုက်သံပါသော ဗလုံးဗထွေးသံကြီးဖြင့် မဟူရာမိစ္ဆာကြီး က ပြောလိုက်၏။

"မဖယ်ဘူး၊ နင် . . ငါ့ချစ်သူကို ထပ်ပြီး သတ်လို့မရဘူး"

"သတ်မယ် . . ဒီကောင် ဒီဘဝ သေပြီးရင် အသူရကာယ်ဘုံ ကိုသွားရမှာ . . ပြိတ္တာဘုံကို ပြန်လာလမ်း မရှိတော့ဘူး။ နင့်ကို ငါ သိမ်းပိုက်မယ် . . ဟား ဟား ဟား ဟား"

"ရှင် သိမ်းပိုက်ချင်တိုင်း သိမ်းပိုက်လို့မရသလို၊ သူ့ကို လည်း သတ်ချင်တိုင်း သတ်လို့မရဘူး"

"သတ်လို့ရလို့ သတ်နေတာပေါ့ . . နင် ဖယ်လိုက်၊ နင့် ကို ငါ ညှာတာနေခဲ့တာ ကြာပြီ။ နင့်အစွမ်း ဘယ်လောက် ထက် ထက်၊ တစ်ချိန်မှာ နင်ဟာ ငါ့မယားဖြစ်ရမှာပဲ။ ဓာတာပါပြီးသား . . ဓာတာကြောင့် ညှာတာနေတာ အကောင်း အောက်မေ့မနေနဲ့"

"ရှင် လုပ်ကြံဖန်တီးပြီးပြောနေတဲ့ ဓာတာကို ညှာတာ ပဲ ထင်ပြီးသား။ သူ့ကို ကျွန်မ ခေါ်သွားမယ်။ ရှင် နောက်ဆုတ်နေ

မဟူရာမိစ္ဆာကြီးက လက်ခံရှည်ကြီး ထွက်လာပြီး ဘုန်း ကို လှမ်းဆွဲ၏။ ကေရီထံမှ ပုဝါဖြူရှည်တစ်လက် ထွက်လာ လက်အနက်ရောင်ကြီးကို ဖမ်းလိမ်ကာဆွဲ၏။ လက်တစ်ဘက် ချုပ်ခံလိုက်ရသောအခါ နောက်လက်တစ်ဘက်ဖြင့် လှမ်းဆုပ်



www.burmeseclassic.com

www.burmeseclassic.com



ယူရန် ကြိုးစားပြန်၏။

ကေရီက ပုဝါဆန့်ထုတ်ပြီး ထပ်မံ ဖမ်းတား,ထားပြန်၏။

ကေရီနှင့် မဟူရာမိစ္ဆာကြီးတို့ ရင်ဆိုင် တိုက်ခိုက်နေကြစဉ် ဘုန်း လူးလဲ ထရပ်လိုက်၏။ ခေါင်းထဲမှာ မူးနောက် ရီဝေနေ၏။

"ဝှီး! . ."

"ဖတ်! . ."

"ရှီး! . ."

"ဖန်း! . ."

"အူး! . . အူး . . ဝူး . . ဝူး"

ကေရီရဲ့တိုက်ကွက် တစ်ချက်မိပြီး မဟူရာကြီး လွင့်ထွက်သွား၏။ ကေရီရဲ့ပုဝါက ဘုန်းကိုရစ်ပတ်ပြီး အပေါ်ကို ဆွဲခေါ်သွား၏။ ဘုန်း လေထဲရောက်သွား၏။ လေထဲမှာ ပျံဝဲရသလိုဖြစ်ပြီး ကေရီခေါ်ဆောင်ရာ လိုက်ပါသွားမိတော့၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# STAGE – 6

သစ်ပင်ကြီးတစ်ပင်ရဲ့ သစ်ခေါင်းကြီး။

သစ်ပင်ကလည်း ရောမကြီး။ သစ်ခေါင်းပေါက်က လှိုဏ်ခေါက်သဖွယ် . . အထဲကိုရောက်သောအခါ နန်းဆောင်သဖွယ်ပြင်ဆင်ထားတာ တွေ့ရ၏။ နန်းဆောင်ထဲကို ကေရီက ဦးဆောင်ဝင်သွား၏။ ဘုန်း နောက်က လိုက်ပါသွားမိ၏။

အသုံးအဆောင်တွေက ရှင်ဘုရင်ခေတ်က အသုံးအဆောင်တွေ စားပွဲပေါ်မှာ သစ်သီးဝလံတွေ တင်ထား၏။ သလွန် ...င်းမှာ ကေရီထိုင်လိုက်၏။ ဘုန်းကိုလည်း အတူ...ထိုင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လက်ကမ်းပေး၏။ ဘုန်းလည်း ဇေကရီ့ဘေးမှာ အသာ ဝင်ထိုင်လိုက်၏။ ရနံ့မွှေးမွှေးက သင်းသင်းလေး။

"ဘာမှ မစိုးရိမ်နဲ့တော့ မောင်တော် .. ဒီနေရာက နှမတော်ရဲ့ နန်းဆောင်ပါ .. လုံခြုံပါတယ်။ မဟူရာမိစ္ဆာကြီး လိုက် ဒုက္ခမပေးနိုင်တော့ပါဘူး"

ဘုန်းက ခန်းဆောင်တစ်ခုလုံးကို ပိုက်စိပ်တိုက်,လိုက်ကြည့်နေမိ၏။

"မောင်တော်နဲ့ နှမတော်လေးတို့နေခဲ့တဲ့ အဆောင်တော်ပါ။ ဘာ ထူးဆန်းတာ ရှိလို့လဲ၊ ဒီသလွန်က နှစ်ယောက်အိပ်လေး။ မောင်တော်နဲ့ နှမတော်တို့ အိပ်ခဲ့တဲ့နေရာပေါ့"

ဘုန်း အံ့သြနေ၏။ သစ်ပင်သစ်ခေါင်းတွေထဲမှာ ကမ္ဘာဦး တန်ခိုးတွေနဲ့ ဖန်ဆင်းထားသော စံနန်းဆောင်လေးက နေချင့်စဖွယ်။ ဒီလို ဖန်ဆင်းလို့ရပါလားဆိုတာကိုလည်း သတိပြုမိခဲ့သည်။

"မင်းက ဥစ္စာစောင့်လား .. ဥစ္စာစောင့်ဆိုလည်း သိုက်နန်းမှာ နေရမှာပေါ့"

ဘုန်းရဲ့စကားကြောင့် ဇေကရီ ဟက်ဟက်ပက်ပက် ရယ်မောသွား၏။ အတန်ကြာမှ–

"အင်းပေါ့လေ .. မောင်တော်က လူသားဖြစ်သွားပြီဆိုတော့ အတိတ်က ဘဝဟောင်းကို ဘယ်မှတ်မိတော့မလဲ။ မောင်တော်ရောက်လာရင် စားဖို့ သစ်သီးဝလံတွေ နှမလေးကိုယ်တိုင် ရှာဖွေထားခဲ့တာ၊ စားပါဦး မောင်တော် .. ယစ်ရေသည်တွေလည်း ရှိတယ်။ သောက်သုံးတော်မူပါ"



www.burmeseclassic.com

www.burmeseclassic.com



“နှမလေးကတော့ မိစ္ဆာကြီးနဲ့ တိုက်ခိုက်ရလို့ ပင်ပန်းသွားပြီ။ တစ်ရေး အိပ်စက် အနားယူလိုက်ဦးမယ်။ ဘယ်မှ ထွက်မသွားနဲ့နော်။ မောင်တော်ရဲ့ခန္ဓာကိုယ်ကအစ ပုစဉ်းလေးတစ်ကောင် စီးသွားလို့ရအောင် ဖန်ဆင်းကျုံ့ယူထားတာ . . ဒါမှ ဒီစံအိမ်တော်နဲ့ ဝင်ဆံ့မှာလေ”

“မောင်တော် . . မောင်တော်”

“ပြောလေ . . ဘာပြောချင်လို့လဲ”

“ပြန်ချင်တယ်”

“မပြန်ပါနဲ့ မောင်တော်ရယ် . . နှမလေးနဲ့ အတူနေကြရအောင်လေ”

ဘုန်း အသာ နှုတ်ဆိတ်နေလိုက်၏။ ဧကရီ စိတ်ဆိုးသွားအောင် လုပ်၍မဖြစ်။ ကိုယ့်အသက်က သူ့လက်ထဲမှာလိုမျိုး ဖြစ်နေတာကိုး။ ပြီးတော့ မဟာရာမိစ္ဆာကြီးရဲ့အန္တရာယ်က ရှိနေသေး၏။

“မောင်တော် . . လူ့ဘဝမှာ သာသနာပြုစရာ၊ လူမှုရေးကိစ္စဆောင်ရွက်စရာလေးတွေ ရှိသေးတယ်။ အဲဒါလေးတွေ ပြီးပြတ်သွားရင် နှမလေးနဲ့ အတူနေပါရစေ။ အဲဒီကြွေးတွေ မောင်တော် အတင် မခံနိုင်ဘူး။ သံသရာကြွေး ဖြစ်သွားလိမ့်မယ်”

ဧကရီ ယုံကြည်အောင် အမျိုးမျိုး ပြောပြလိုက်၏။ နောက်ဆုံးမှာ ဧကရီ ပြန်ခွင့်ပေးလိုက်၏။

“မောင်တော် အမြန်ပြန်မှဖြစ်မှာ . . မောင်တော် မျောက်သားကို သေပြီထင်ပြီး သင်္ဂြိုဟ်လိုက်ရင် ပြန်မရတော့ဘူး”

“ကဲ . . ဒါဆိုရင်လည်း နှမလေးကိုယ်တိုင် လိုက်ကူညီ



www.burmeseclassic.com

www.burmeseclassic.com



စီရင်ပေးမယ်။ သိပ်ချစ်ရတဲ့ မောင်တော့်ကို နှုတ်ဆက်ပါတယ်”

“နှမလေး . . မောင်တော့်ကို အရေးကြီးတဲ့ စကားလည်း အမှာတော် ပါးလိုက်ပါရစေ။ မဟူရာမိစ္ဆာကြီးက မောင့်ကို အရင်ဘဝက သတ်ခဲ့သလိုမျိုး၊ ဒီဘဝမှာလည်း ပြန်သတ်လိမ့်မယ်။

မောင့်ကိုမြင်တဲ့သူတိုင်း အရိုင်းအစိုင်းသတ္တဝါ ဖြစ်အောင် သူ့ပညာစက် နဲ့ ဖန်ဆင်းလုပ်ကြံလိမ့်မယ်”

“မောင်ဟာ အရင်ဘဝက တောဝက်ရိုင်းကြီးဖြစ်ပြီး လူ တွေကို ရန်မူ၊ ယာခင်းတွေကို ဖျက်ဆီး၊ သောင်းကျန်းချင်တိုင်း သောင်းကျန်းပြတော့ လူတွေက တောဝက်ဆိုးကြီးထင်ပြီး မောင့် ကို ဝိုင်းဝန်း သတ်ဖြတ်ပစ်လိုက်ကြတယ်လေ”

“မောင့်ရဲ့ဘုန်းကံနိမ့်ချိန်ကို စောင့်နေတာ၊ နိမ့်တာနဲ့ မောင့် ကို ဝင်ပူးကပ်ပြီး လူဆိုးဖြစ်အောင် လုပ်လိမ့်မယ်။ မောင့်လူတွေ မောင့်ကို ဝိုင်းသတ်ဖြတ်အောင် သူ ဖန်တီးလိမ့်မယ်။ မောင်တော် . . သတိကြီးကြီးထားပါ။ နှမလေးလည်း အသက် စွန့်ချင်စွန့်ရပါစေ မောင့်ကို ကယ်တင်မယ်။ ဒီစကားတွေကို မောင် မမေ့ပါနဲ့”

ဘုန်းလည်း ကြေကွဲရီဝေစွာ စိုက်ကြည့်ပြီး ဇေရီ့ကို နှုတ် ဆက် အနမ်းပန်းတွေ တစ်ပွင့်ပြီးတစ်ပွင့် ခြွေချမိလိုက်တော့သည်။

ဘုန်းရှင်းပြတာ အားလုံးနားထောင်နေရာက ပင့်သက်တွေ ရှိုက်ချမိကုန်၏။ ဘုန်းတို့ ပြန်ဆင်းလာကြ၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com





# STAGE – 7

“ဘုန်း”

“သွား”

“ကျွန်မ သွားမဟုတ်ဘူး။ ကေရီ”

“ဟင်! . . အဟုတ်”

“ဟုတ်တယ် . . သွားဆီမှာ ဝင်လိုက်၊ ထွက်လိုက် ပူးဝင်ပြီး မောင့်အနားမှာ စောင့်ရှောက်ချင်လို့ . . မောင့်ရဲ့ ဘုန်းကံက သိပ်နိမ့်တဲ့အချိန်ပိုင်းကို ရောက်နေပြီ။ မောင့်ကိုဝင်စီးပြီး သွားကို အဓမ္မပြုကျင့်တာမျိုး လုပ်ခိုင်းလိမ့်မယ်”

“အဲ့ဒါမျိုး မဖြစ်ရအောင် သွားရဲ့ကိုယ်မှာ ဝင်ပူးပြီး ကျွန်မ ကာကွယ်ရမယ်။ မောင့်ကိုဝင်ပူးတာနဲ့ သွားကို ဝေးရာ ရှောင်ရှား



www.burmeseclassic.com

www.burmeseclassic.com



နေရအောင် ကျွန်မ လုပ်မှဖြစ်မယ်။ ဒါမှ မောင် အရက်အကျွဲ အကျိုး နည်း မဖြစ်မှာ . . လူတွေက မောင့်ကို ဝိုင်း မမုန်းတော့မှာ"

"ဧကရီရယ် . . ကျေးဇူး အများကြီးတင်ပါတယ်"

ဘုန်းက သတိလက်လွှတ် သျှားရဲ့လက်ကို ဆွဲကိုင်ပြီး ဧကရီ အမှတ်နဲ့ သျှားရဲ့ပါးနုနုလေးကို နမ်းမိလိုက်၏။ နေရာက သျှားတို့အိမ်ရှေ့မှာ . . အိမ်သားတွေ ဘယ်သူမှ မရှိ။ အပြင်က ရောက် လာသော နေက ကားပေါ်က လှမ်းတွေ့သွား၏။ ကားကို ထိုးရပ် ပြီး အပြေးဆင်းလာ၏။

"ဟော့ကောင် . . ဘုန်း၊ မင်း . . မင်းက . . ငါ့ရည်းစားကို . . ငါ့ရည်းစားကို"

"မဟုတ်ဘူး၊ ငါ . . ဧကရီ"

"ဘာ ဧကရီလဲ . . ကဲကွာ"

"ခွပ် . . ခွပ်"

နှစ်ချက် ဆင့်ထိုးပစ်၏။ သျှားကိုယ်ထဲက ဧကရီ ပြန်ထွက် သွားသည်နှင့် သျှားလည်း အသိဝင်လာ၏။

"ဟင်! . . ဘာဖြစ်ကြတာလဲ"

"ဒီကောင် သျှားကို နမ်းတယ်လေ . . သျှားကလည်း ဘာ လို့ ငြိမ်နေတာလဲ အလိုတူ အလိုပါမို့လို့လား"

"အို! . . မဟုတ်ပါဘူး မနမ်းပါဘူး"

"နမ်းတယ် . . ဘာ ဖြောင်လိမ်နေတာလဲ။ တော်ကွာ . . မင်းတို့နှစ်ယောက်လုံးကို ငါ မုန်းတယ်၊ အရမ်းမုန်းတယ်။ အမှတ် မရှိကြဘူး။ သစ္စာတရားလည်း မရှိဘူး။ မင်းတို့ကျက်နှာတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ချင်တော့ဘူး"

"နေ . . နေ တစ်ဖက်သတ် မစွပ်စွဲပါနဲ့"

"တော်တော့ သျှား၊ ဟော့ကောင် ကြာကူလီ၊ မင်း စိတ်ဓာတ်ကို စောစောသိလိုက်ရတာ ငါ အရမ်း ကျေနပ်တယ်။ ထွီ . . မင်းကို စက်ဆုပ်ရွံ့ရှာတယ်"

နေ ပြန်ထွက်သွား၏။ ဘုန်းလည်း ရှင်းပြလို့မလွယ်တာကို လိုက် ရှင်းပြမနေတော့။ သျှားက ဘုန်းကို –

"ငါတို့ တကယ်နမ်းမိလို့လား"

"စိတ်မပျက်ပါနဲ့ . . မောင်၊ ဒီလောက်ဖြစ်တာ တော်သွားသေးတာ . . တုတ်နဲ့ ရိုက်ခံရမယ့်ကိန်းမှာ လက်သီးနဲ့ပဲ အထိုးခံရတဲ့ကိန်းဆိုက်သွားတာ၊ ကံနိမ့်ပြီဆို အကုသိုလ်ကံ အကျိုးပေးတွေက လှိမ့်ဝင်လာတော့တာ"

"မောင်တို့၊ ကျွန်မတို့ မသိနိုင်တဲ့ ဟိုး . . ဘဝပေါင်းများစွာက သူတို့ကို အနိုင်ယူခဲ့ဖူးလို့ အခုဘဝတွေမှာ လာခံနေရတာလေ။ ဘယ်သူမပြု မိမိမှုပါ။ ဝဋ်ကြွေးဆိုတာ ပေးဆပ်ရစမြဲလေ"

ကေရီ ပြောပြနေ၏။ ဘုန်းက မှိုင်တွေနေရာက –

"သူငယ်ချင်းတွေကပါ နားလည်မှုလွဲပြီး ကိုယ့်ကို အဆက်အသွယ် ဖြတ်သွားကြပြီလေ။ ဒီ့ထက်ဆိုးတာကြီးက ဘယ်တော့လောက် ဆက်ဖြစ်ဦးမှာလဲ"

"သိပ်မကြာတော့ဘူး . . မောင်၊ မောင်ကောင်းတဲ့ ကုသိုလ်တွေ များများလုပ်ပါ။ ဝဋ်ကြွေးအပြင်းစားတွေကို ဝဋ်ကြွေးအပျော့စား ဖြစ်သွားစေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မောင် နေရတာ မပျော်တော့ဘူး။ မောင် ဒီ အခြေအနေ ကြီးကို ရင်မဆိုင်နိုင်တော့ဘူး။ မောင် လုပ်ချင်ရာ လုပ်ပစ်ချင်စိတ် ပေါက်နေပြီ။ မောင် . . ဟာ! . . ရှုပ်တယ်ကွာ၊ မင်းလည်း ငါ့ အိပ်မက်ထဲ မလာနဲ့တော့ ထွက်သွား"

"မောင် . . အဲ့လို မလုပ်ရဘူးလေ"

"တော်စမ်းပါ။ ထွက်သွား . . ထွက်သွား"

"မောင် . . အဲ့လို မလုပ်ရဘူးလေ"

"တော်စမ်းပါ။ ထွက်သွား . . သွားကွာ"

ဘုန်း အော်ဟစ်ပြောဆိုရင်း အိပ်ရာက လန့်နိုးလာ၏။

စိတ်တွေက ကဏှာမငြိမ်။ ရေခဲသေတ္တာထဲက ရေခဲရေ ယူသောက်စဉ် ဦးလေးငယ် ဆေးဖြစ်ဝါးဖြစ်သောက်ဖို့ ဆောင်ထား သော ဘရန်ဒီပုလင်းကို သွားတွေ့၏။ အအေးရှိန် လျှော့ထား၏။ ယူပြီး မော့သောက်ပစ်လိုက်သည်။ မူးလာတော့ အိပ်ချင်၏။ အိပ် လိုက်တော့ အရာရာကို မေ့လျော့သွားလေပြီ။

အရှုပ်တွေကို ရှင်းအောင် လုပ်ခွင့်မရ။ ရှင်းလေ . . ရှုပ်လေ အခြေအနေ။ ကောရီနဲ့ ဆက်သွယ်မိတာတွေက နားရှိလို့သာ ကြားရ သိပ်မယုံချင်ကြတဲ့ အကြောင်းတွေ။ ဘုန်းက တမင် ဇာတ်လမ်းထွင် ပြောသလိုပင် ဖြစ်နေရ၏။ တော်ပါပြီလေ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ဟား. သိပ်ပျော့ညံ့တဲ့ ကောင်ပဲ၊ မင်း ဒီလိုနေလို့ ဘယ်ဖြစ်မလဲ။ မင်းအပေါ် အတင်းကာရော အထင်လွဲနေတဲ့ကောင်တွေကို လက်တုံ့ပြန်မှပေါ့၊ မင်းနောက်မှာ ငါရှိတယ်"

"မင်း လုပ်ချင်ရာလုပ်၊ မင်းကိုငါ ကာကွယ်ပေးမယ်။ မင်း လုပ်တိုင်း ဖြစ်စေရမယ်ကွာ။ မင်းလည်း ငါ၊ ငါလည်းမင်း အတူတူပဲလို့ သဘောထားလိုက်၊ ကဲ .. လောကကြီးမှာ မိုက်ကြည့်လိုက်စမ်းပါ"

မဟူရာမိစ္ဆာကြီးက ဝတ်ရုံနက်ကြီးက လွှားလွှားလွင့်ရင်း ...ြာလာ၏။ ဘုန်းစိတ်ကို စုစည်းပြီး တောင့်ခံထား၏။ မိစ္ဆာကြီး ဧရာမ လင်းနို့ကြွက်ကြီးပမာ ဘုန်းရဲ့ခန္ဓာကိုယ်ကို ထွင်းဖောက်ပျံသန်းသွားလိုက်၊ သစ်ကိုင်းခြောက်ကြီးမှာ ခိုနားလိုက်။ တစ်ဖန်



www.burmeseclassic.com

www.burmeseclassic.com



ပျံ့ဝဲ ထွင်းဖောက် ဝင်ကြည့်လိုက်၊ မရသောအခါ ကိုင်းခြောက်မှာ သွားနားလိုက် လုပ်နေ၏။

"မင်း . . ဘယ်လောက် တောင့်ခံနိုင်မှာလဲကွာ၊ မင်းနဲ့ ငါ ပူးပေါင်းလိုက်ရင် ပွဲပြီးပြီ။ မင်းနဲ့ငါ ဧကရီလေးကို အတူ သိမ်းပိုက်လို့ ရပြီပေါ့။ မင်းကောင်တွေကို စိတ်ရှိလက်ရှိ သုတ်သင်ပစ်လိုက်စမ်းပါ။ အဲ့လိုမှ မင်းမလုပ်ရင် မင်းကိုငါ ကုပ်ချိုးစားပစ်မယ်"

"မိစ္ဆာကောင်ကြီး ငါမလုပ်နိုင်ဘူး . . မင်း ငါ့ကို အရင်ဘဝကလည်း သတ်ထားတယ်၊ ဒီဘဝလည်း သတ်ဖို့ လုပ်နေပြန်ပြီ။ မင်းလိုကောင်က အဝီစိငရဲကို တန်းသွားရမယ့် တစ်လမ်းသွား မိစ္ဆာကြီး၊ မင်းနဲ့ငါ ဘာမှ မသက်ဆိုင်ဘူး။ ငါ့စိတ်တွေ လာမချုပ်နဲ့ . . ငါ ဘုရား၊ တရားကို အာရုံပြုထားမယ်"

"မင်းစိတ်တွေက သိပ်ကို ပျံ့လွင့်နေတယ် . . တစ်သမတ်တည်း စူးစိုက်ထားနိုင်တာလည်း မဟုတ်ဘဲနဲ့၊ မင်းရဲ့ဧကရီလေးကို ငါ့ အစွမ်းနဲ့ ဖမ်းနိုင်တော့မှာပါ။ မင်း ဒီမှာကြည့် . . ငါ့မျက်လုံးတွေကို ကြည့်လိုက်၊ မင်း ဧကရီ အခု ဘာဖြစ်နေပြီလဲဆိုတာ မင်းမြင်ရမယ်"

ဘုန်းလည်း မိစ္ဆာကြီးရဲ့မျက်လုံးထဲကို စိုက်ကြည့်လိုက်၏။ ညို့မာတ်မိသွားသော သားကောင်လို ဖြစ်သွားပြီ။ မိစ္ဆာကြီး၏ လှည့်ကွက်ထဲ ဝင်သွားပြီ။ ဘုန်းစိတ်တွေ ပန်းခင်းတွေ့သော လိပ်ပြာလို ဖြစ်သွားပြီ။ လွတ်လပ်ပျော်မြူးပြီး ပန်းရနံ့ လေရှူးတွေ လွင့်လိုက်ပါသွားမိတော့၏။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

# သရဲဝိမ်း

ဘုန်း အိပ်ပျော်နေရာက နိုးထလာ၏။ ဘုန်း ထရပ်ပြီး ပြင်ဘက်ကို ဆိုင်ဆိုင်ကြီး ကြည့်နေ၏။ ဦးလေးငယ်က –

"ဘုန်း . . ညနေစောင်းကြီး ဆက်မအိပ်နဲ့လေ . . ဖျား တတ်တယ်"

ဘုန်း ဘာမှမပြော။ အဝတ်ဗီရိုရှိရာ လျှောက်သွားလိုက် ၏။ ဗီရိုဖွင့်ပြီး အထဲက အဝတ်အစားရွေး၏။ လည်သာဂျာကင်၊ ဘောင်းဘီ အနက်၊ ဖိနပ်လည်း အနက်။ ပြီးတော့ မီးဖိုချောင်ထဲ သွား၏။ နှာခေါင်းကိုမော့ပြီး အနံ့ခံလိုက်၏။

စားပွဲပေါ်မှာ ကြက်ဆင်ကောင်လုံးကင်ကြီး ရှိ၏။ သုံး ဆောင်းရက်စာ, စားရုံရသော ကြက်ဆင်ကင်ကြီးကို အကုန်စားပစ် လိုက်၏။ အရိုးပါမထား။ အရိုးပါ အကုန်ဝါးသွား၍ ဘေးက ကြည့်နေသော ဦးလေးငယ်ပင် လန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အပြင် ထွက်မလို့လား"

"အင်း"

"ဘယ်သွားမှာလဲ"

ဦးလေးငယ်ကို ဘုကြည့် ပြန်ကြည့်လာ၏။ ဦးလေးငယ်လည်း လန့်သွား၏။ ဘုန်းရဲ့မျက်နှာပေါ်က အေးတိအေးစက်မာကြောခက်ထန်မှု ရှိသည်။ အံကြိတ်သံ ကျလိ . . ကျလိကိုလည်းကြားရသည်။

ဘုန်း ခြေလှမ်းကျဲကြီးနှင့် လှမ်းထွက်သွား၏။ ဦးလေးငယ် နားလည်ရခက်စွာ ကျန်ခဲ့၏။ ကားလည်း မယူ။ ခြေလျင်လျှောက်ထွက်သွား၏။ အချိန်က မှောင်ရီသန်းနေလေပြီ။

❁ ❁ ❁

သျှားတို့အိမ်ရှေ့ ဘန်ဂလိုပုံစံ ဇရပ်ကလေးမှာ နေ၊ ဇော်ခွဲ၊ သျှား၊ မိုး၊ သွယ်တို့တတွေ ကိုရီးယားတုတ်ထိုးနဲ့ အချိုရည်သောက်ပြီး စကားပြောနေကြ၏။

နေနဲ့ သျှားကို သူငယ်ချင်းတွေက ဝိုင်းဝန်း စေ့စပ်ပေးထား၍ ပြန်တည့်နေပြီ။ ဖွင့်ထားသော ခြံတံခါးအတိုင်း ဘုန်းလျှောက်ဝင်လာ၏။ သျှားရဲ့မိဘတွေက ဧည့်ခန်းမှာ T.Vကြည့်နေကြ၏။

"ဟင်! . . ဟိုကောင်"

"ဟာ! . ."

"ဟယ်! . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် ဘာလာလုပ်တာလဲ"

"ဒီကောင့်ကြည့်ရတာ မူမမှန်ဘူး။ နေ . . သတိထား"

နေ၊ ဖွဲ၊ ဇော်တို့ မတ်တပ်ရပ် စောင့်နေလိုက်၏။ သျှား၊ ဒီး သွယ်တို့က နောက်ပါးမှာ။

ဘုန်းက သူတို့ရှေ့မှာ ဆိုင်ပြီး ရပ်လိုက်၏။ ခါးထောက် ပြီး မိုက်တီ၊ မိုက်ကန်း ကြည့်နေလိုက်၏။

"ဟေ့ကောင် . . မင်း ဘာလာလုပ်တာလဲ။ သောက် နတ် ပြောင်လှချည့်လား"

"ငဘုန်း . . မင်း အေးဆေးပြန်တော့၊ ဒီမှာ . . ကွိုင်လာ ရှာနဲ့ . . အကြီးကြီး ပြဿနာတက်သွားမယ် . . ဒိုးတော့"

"မင်းတို့အပေါက်တွေ ပိတ်ထားစမ်း . . ငါ့ဇော်ကို ငါလာ ခေါ်တာ၊ သျှား . . လာခဲ့"

"ဘာကွ! . ."

"အောင်မာ . . ဒီကောင်တော့လား"

"မင်းတို့ ပိတ်ထားလို့ ပြောနေတယ်။ သျှား လာခဲ့ . . မင်းနဲ့ ငါနဲ့ ပျော်ပါးရအောင်"

"ဟာ! . . စော်ကားလှချည်လား"

"ဟင်! . . ဟုတ်ပါ့ ချကွာ"

"ကျား! . ."

နေက အရင် ပြေးထိုး၏။ နေရဲ့ လက်သီးတွဲလုံးအား လက်နဲ့ပုတ်ထုတ်ပြီး နေရဲ့ဝမ်းဗိုက်ကို ဆောင့်ကန်ပစ်လိုက် ၍ နေ မှောက်ခုံကြီး လမ်းပေါ်လွင့်ကျသွားသည်။ ဖွဲက ခုန်ကန်

www.burmeseclassic.com



ဝင်လာ၏။ ဖွဲ့ခြေထောက်ကို ဖမ်းချုပ်ပြီး လက်ဝါးစောင်းနှင့် ခုတ်
ချလိုက်၏။

"ဒုတ်! . ."

"အူး! . . အီး! . . အား! . ."

ဖွဲ့လည်း ခြေတစ်ပေါင်ကျိုးနှင့် ဖင်ထိုင်ကျသွား၏။ ဇော်
က ဒူးပုံ့နှင့် ပစ်တိုက်၏။ ဘုန်းက တံတောင်နှင့် ဆီးကာပြီး ဇော်
ရဲ့ ခါးကို ချုပ်ကိုင်ကာ နောက်ပြန်ဆွဲမြှောက်ပစ်၏။ ဗွမ်းပြ
ပြီး ကွန်ကရစ်အခင်းပေါ် ဇော် ပက်လက်ကြီး လဲကျသွား၏။ ကျော
နဲ့ ကြမ်းခင်း ကိုင်ရိုက်လိုက်သလို ဖြစ်သွားပြီး ဇော် မထနိုင်တော့

❋ ❋ ❋

"နင် . . နင် ရက်စက်လှချည်လား . . စော်ကား
ချည်လား ဘုန်း"

မိုးက ပိတ်အော်၏။ သွယ်ကလည်း –

"အချင်းချင်း ဒီလို မလုပ်သင့်ဘူး . . နင့်ကြောင့် သူ
တွေ ဒဏ်ရာရကုန်ကြပြီ"

သျှားက –

"တော်ပါတော့ဟယ် . . ဘုန်း နင် ပြန်ပါတော့၊ ငါ့
မှာ ငါ့မိဘတွေလည်း ရှိတယ်။ မဖြစ်သင့်တာတွေ မလုပ်ကြပါ

ဘုန်းက ဘာမှမပြောဘဲ သျှားလက်ကို တက်ဆွဲ
လိုက်စဉ် –

"ဟေ့ . . ဟေ့ . . မောင်ဘုန်း မင်း ဘယ်နှယ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



တုန်း၊ ဘာလို့ အချင်းချင်းတွေ ထိုးကြိတ်ကြရတာလဲ။ ဟော့! . . ဟိတ်! . . ပြောနေတယ်လေ”

သျှားရဲ့ဖခင်က အော်ဟစ်တားရင်း ပြေးလာ၏။ သျှားရဲ့ မိခင်လည်း နောက်ကပါလာ၏။

သျှား မျက်လုံးတွေ ရီဝေသွား၏။ ဖျတ်ခနဲ ပြန်ဖွင့်၊ ဆတ်ခနဲ တုန်ခါသွား၏။ သျှားခန္ဓာကိုယ်ထဲကို ကေရီ ဝင်ပူးသွားလေပြီ။ မဟူရာမိစ္ဆာကြီးဝင်စီးသော ဘုန်းလက်မှ လွတ်အောင် သျှား ထွက်ပြေးသွား၏။

ဘုန်း အနောက်က အတင်းလိုက်၏။ ဘေးက ဝိုင်းဝန်း အော်ဟစ်တားလည်း မရ။ နေ၊ ဖွဲ့တို့ ပြန်ထရပ်လာပြီး နီးရာ လက်နက်ရှာကြ၏။ စတိုခန်းဘေးမှာ ထောင်ထားသော တုတ်တွေ သွားတွေ့၏။ ပြေးယူကြပြီး ဘုန်းနောက်ကို ပြေးလိုက်၏။ သျှားနဲ့ ဘုန်းက ပန်းခြံထဲမှာ လိုက်တမ်း ပြေးတမ်းဆော့နေသလို ပင်။

အုတ်တိုက်အမိုးပေါ် သျှား ခြေကန် မြန်ဆန် ခုန်တက်သွား၏။ ဘုန်းကပါ ခြေသွက် လျှပ်တပြက် ပြေးတက်သွားပြန်၏။ သျှားက လွှားခနဲ ပြန်ခုန်ချ၏။ ဘုန်းကလည်း ဝဲခနဲ ပြန်ဆက်ရောက်လာ၏။

“ကျား! . .”

“ခွပ်! . .”

“ဖောင်း! . .”

ဘုန်းကို နေနဲ့ဖွဲ့တို့ ဝိုင်းရိုက်ကြ၏။ တုတ်တွေသာ ကျိုး



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ ဘုန်းက ဘာမှမဖြစ်။ သျှားရဲ့ဖခင်က အိမ်ထဲ ပြေးဝင်
သွား၏။ လိုင်စင်ဖြင့်ကိုင်သော ခြောက်လုံးပြူးကို ယူလာ၏။
သျှားရဲ့မိခင်က လိုက်ဆွဲတား၏။

"အဖေကြီး လွန်မယ် မလုပ်နဲ့ . . လူသတ်မှုတွေ ဖြစ်ကုန်
မယ်"

"နေစမ်းပါ . . ငါ့သမီးကို ဒုက္ခလိုက်ပေးနေတာ . . ငါ့
သမီးကို ထိမှ၊ ပစ်မှာပါ ဖယ်"

နေနဲ့ ဖွဲ့တို့ ဘုန်းကို ဝင်ဖက်လုံးကြ၏။ ဘုန်းက နှစ်
ယောက်လုံးကို ဆွဲခါရမ်းပြီး လွှင့်ပစ်လိုက်၏။ ခြံစောင့်နဲ့ မာလီတို့
ကို သျှားရဲ့ဖခင်က အော်ခေါ်လိုက်၏။ ဖြစ်ပျက်နေတာ သူတို့တွေ
သော်လည်း အိမ်ကြီးရှင် အမိန့်မရသေး၍ ဝင်မပါရဲကြ။ အခုတော့
ပါရပြီ။

ဘုန်းအနားကို ချုပ်ကိုင်ဖို့ ကပ်သွားကြ၏။ ဘုန်းက အဲဒီ
နှစ်ယောက်ကို အရေးပင်မလုပ်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com





# STAGE – 8

"ဟော့ . . ခြံစောင့် သိန်းလွင်နဲ့ မာလီမျိုးနိုင် . . မင်းတို့ မဖမ်းနိုင်ဘူးလား။ အလကား အရက်သမား ခွက်ပုန်းတွေ၊ သောက်ဖြစ်ကို မရှိတဲ့ ကောင်စားတွေ၊ ခွေးလိုနေ ခွေးလိုစား၊ ခွေးလိုကျင့်တဲ့ကောင်တွေ"

ငေါက်ငမ်းလိုက်တော့မှ ဒီနှစ်ယောက်လည်း ဒေါကန်ပြီး ဘုန်းကို အတင်းဝင် ဖမ်းချုပ်၏။ ဘုန်းက မာန်သွင်းပြီး ခါထုတ်ပစ်ရာ နှစ်ယောက်လုံး ဘေးဘက်တွေ လွင့်ကုန်ပြန်၏။

ဘုန်းက သျှားကို လှမ်းကြည့်၏။ သျှားရဲ့ မိဘနှစ်ပါးက သျှားကိုခေါ်ပြီး အိမ်ထဲသွင်းကာ တံခါးသော့ပိတ်နေပြီ။ ဘုန်း ပြေးသွားစဉ် –



www.burmeseclassic.com

www.burmeseclassic.com

# ဓေတာန်

နေ့က တုတ်နဲ့ ခြေထောက်ကို ဖြတ်ရိုက်၏။ ခလုတ်တိုက်မိသလောက်သာဖြစ်သွားသော ဘုန်းကို ဇော်က တူရွင်းပြားနှင့် ဇက်ပိုးကို ရိုက်ချ၏။

"ဖောင်း! . ."

ငိုက်ခနဲသာ ဖြစ်သွား၏။ သိန်းလွင်နဲ့မျိုးနိုင်က ခုန်အုပ်ပြီး ဖမ်း၏။ လဲကျသွားသော ဘုန်းအပေါ်ကို သိန်းလွင်၊ မျိုးနိုင်၊ နေ၊ ဖွဲ့တို့ တက်ဖိပြီး အတင်းချုပ်ထား၏။

ဘုန်းက မာန်သွင်းပြီး အတင်း ကုန်းထသောအခါ ဒီကောင်တွေ ချုပ်မထားနိုင်တော့။ ဘုန်းက လက်သီးတစ်ချက်ဆို တစ်ချက်ထိရောက်စွာ လေးယောက်လုံးကို ကျွေးပစ်လိုက်၏။ လေးယောက်သား မှူးမှောက်ကုန်၏။

ဘုန်း အိမ်ပေါက်ဝရှေ့ကို လျှောက်လာ၏။ သျှားရဲ့ဖခင်က သံပန်းတံခါးနောက်ကနေ ခြောက်လုံးပြူးဖြင့် ထိုးချိန်ပြီး–

"လာစမ်း . . ဒီလောက် သောင်းကျန်းတဲ့ကောင်၊ ပစ်သတ်ပစ်မယ်။ ငါ့ကို ဘာကောင် အောက်မေ့နေသလဲ မသိဘူး"

သျှားက သေနတ်ကို အတင်းလုယူပြီး ညှော့ခန်းထဲ လွှင့်ပစ်လိုက်၏။

"သမီး . . အဲ့ဒါ ဘာလုပ်တာလဲ"

"မပစ်နဲ့ ဖေဖေ . . သူ့ကို သမီးထိန်းလို့ရတယ်"

"ဒီလောက်ဆိုးနေတာ ဘယ်လိုထိန်းမှာလဲ"

သျှား . . အိမ်ပေါ်ကို ပြေးတက်သွား၏။ ဘုန်းက သံပန်းတံခါးကြီးကို ကိုင်လှုပ်ပြီး ဆွဲဖြုတ်ဖို့ ကြိုးစားနေ၏။ သျှားရဲ့ ဖခင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရဲကို ဖုန်းဆက်ခေါ်ရလေပြီ။

တံခါးဖြုတ်မရ၍ ဒေါသထွက်နေသော ဘုန်းပုံစံက . . ကြောက်ဖို့၊ လန့်ဖို့ အလွန်ကောင်း၏။ ရဲကားဝါယာလက် ဥဩသံကြားသောအခါ ဆတ်ခနဲ အပေါ်ကို မော့ကြည့်ပြီး ခြံဘေးဘက်ကို ထွက်ပြေးသွား၏။ ခြံစည်းရိုးကို လွှားခနဲ ခုန်ကျော်သွား၏။ သျှားကို အိမ်ပေါ် လိုက်ရှာကြည့်တော့ မရှိတော့။

❋ ❋ ❋

"ကေရီ . . မင်းလွတ်အောင် ပြေးလည်း အလကားပဲ။ ငါလိုချင်တာ အဲ့ဒီလိပ်ပြာရှင်မှ မဟုတ်တာ နင့်ကောင်ကိုသတ်ဖို့ပဲ။ ဒီကောင့်ကို လမ်းဆုံ လူထူထူအရပ်မှာ ကြုံရာမိန်းကလေးတစ်ယောက်ကို ပေါ်တင် မုဒိမ်းကျင့်ခိုင်းလိုက်ရင် လူတွေ ဝိုင်းရိုက်တာနဲ့ သေမှာပဲ ဟား . . ဟား . . ဟား"

သျှားကိုယ်မှာ ဝင်ပူးနေသော ဧကရီ တုံ့ရပ်သွား၏။

"မိစ္ဆာကောင်ကြီး . . နင် လုပ်ရဲလုပ်ကြည့်စမ်း"

"သိပ်လုပ်တာပေါ့၊ ဟော . . ဟိုမှာ လူတွေ အားကြီးပဲ။ ပွဲဈေးတန်းနဲ့ တူတယ်။ အဲ့ဒီမှာ ဒီကောင့်ကို တွေ့တဲ့မိန်းမ မုဒိမ်းကျင့်ခိုင်းလိုက်မယ်၊ ဟား . . ဟား . . ဟား"

ဧကရီ လှမ်းကြည့်လိုက်၏။ သစ်ပင်ထိပ်ဖျား သစ်ကိုင်းလေးများအပေါ်မှာ ပြေးလွှားရင်း ပွဲဈေးတန်း ရောက်လာခြင်းအင်။ ဘုရားပွဲဈေးတန်း ဖြစ်နေ၏။ ရွှေရောင်တဝင်းဝင်းနဲ့ သပ္ပာယ်ကြည်ညိုဖွယ်ရာ စေတီတော်ကြီးက မီးဆလိုက်ပင့်ထိုးထား၍



www.burmeseclassic.com

www.burmeseclassic.com

## ဓေတာန်

ဘုန်းတန်ခိုးရိပ်တွေ ဖြာကျနေသလိုပင်။

အဲ့ဒီလိုနေရာမျိုးမှာ မိစ္ဆာတွေ အစွမ်းမထက်။ ထက်သည့် အစွမ်းပင် ကုန်ခမ်းပျက်သုန်းသွားနိုင်၏။

"နင် မလုပ်ရဲပါဘူး . . မိစ္ဆာကြီးရယ်"

"သိပ်လုပ်ရဲတာပေါ့ . . ကြည့်နေ"

သွေးထိုးပေးလိုက်တာနှင့် မိစ္ဆာကြီး အောက်ကို လျှောခနဲ ဆင်းသွား၏။ ဘုန်းကို သေစေလိုသောအား ကြီးနေ၏။ ဘုရားဝတ္တက မြေထဲမှာ ဝန်းကျယ်ပြီး လူပိုစည်၏။ ချားရဟတ်ကြီးလည်း ရောင်စုံမီး တထိန်ထိန်နဲ့ လည်ပတ်နေ၏။

ကြက်ပျံမကျ စည်ကားသော လူအုပ်ကြီးထဲ လျှပ်တပြက် ရောက်ရှိသွား၏။ ဧကရီလည်း လျှပ်တပြက် ဝင်ရောက်ပြီး လိုက် ရှာကြည့်၏။

တွေ့ပြီ။ မိစ္ဆာကြီးက သီလမရှိသော၊ ဘုန်းကံနိမ့်ပါးသော မိန်းမမျိုးကို လိုက်ရှာနေ၏။ ကွမ်းယာရောင်းသော ကောင်မလေး တစ်ယောက် ခေါက်စားပွဲလေးနှင့် သူမရဲ့ကွမ်းယာ ရောင်းကောင်း အောင် ထုံးထဲမှာ မဟုတ်တဲ့အစီအရင်တွေ ဖျော်ထည့်ထား၍ သူမ မှာ အတော်ကြီးကို ဘုန်းကံနိမ့်နေ၏။

ဘုန်း လျှော့က်လှမ်း တိုးကပ်သွား၏။ သျှားက ပြေးဝင် ပြီး ဘုန်းကို ဖမ်းတားလိုက်၏။

"ဘာလဲ . . နင်က တန်ဆာခံ လုပ်ပေးမလို့လား"

သျှား ခေါင်းညိတ်ပြလိုက်၏။

"ဟား . . ဟား . . ဟား ပိုအဆင်ပြေတာပေါ့၊ လာခဲ့ . .



www.burmeseclassic.com

www.burmeseclassic.com



လူကြားထဲ သွားမယ်”

ဆူညံနေသော ဘောက်စက် ရဟတ်ပိုင်ရှင်ရဲ့ စားပွဲပေါ်မှာ ဘုရားပုံတော်နှင့် ပန်းအိုး၊ ဘုရားပွဲပေးထား၏။ ရဟတ်ဘေးမှာ ဘုန်းက သျှားကို အတင်းဖက်နမ်းသောအခါ သျှားက ကျင်လည်စွာ ရှောင်တိမ်းပြီး ရဟတ်ပိုင်ရှင် စားပွဲနားကို ထွက်ပြေး၏။ ဘုန်းက ပြေးလိုက်လာ၏။

သျှား ကိုယ်ထဲက ကေရီ ပြန်ခွာထွက်လိုက်၏။ ဝါးခနဲ သမ်းဝေပြီး ကြောင်တောင်တောင်ဖြစ်နေသော သျှားကို စိတ်ထဲက ပြောလိုက်၏။

“ဘုရားရုပ်ပွားတော်ကို ပင့်ကိုင်ဆောင်လိုက် . . ဘုရား၊ တရား၊ သံဃာ၊ သရဏဂုံသုံးပါးကို ဆက်တိုက် ရွတ်ဆိုပြီး ဟိုမှာ . . ပြေးလာတဲ့ ဘုန်းရဲ့ခေါင်းပေါ်ကို ဘုရားပုံတော် ဝဲဖျန်းပေးလိုက်”

သျှားလည်း စိတ်ထဲက ကြားသိနေ၏။ စားမယ် . . ဝါးမယ် ဘီလူးသဘက်သဖွယ် ခါးပတ်ကြီးချွတ်ရင်း ပြေးလာသော ဘုန်းကို ငဲ့ကြည့်လိုက်၏။

ဘုန်းက အားပါးတရ ပြေးဖက်စဉ်–

သျှားက ဘုရားပုံတော်ကို သရဏဂုံရွတ်ရင်း ပင့်ဆောင်လိုက်၏။ ပိုင်ရှင်မိန်းမကြီးက . . ငွေတွေ ရေတွက်နေ၍ ဒီအဖြစ်အပျက်တွေ သတိမထားမိလိုက်။ ဖက်လုလု . . ဘုန်းရဲ့ခေါင်းပေါ် ဘုရားပုံတော် ပင့်ဆောင် စံမြန်းစေလိုက်၏။

ဘုန်းလက်တွေ လေထဲမှာတန့်သွား၏။ ဘုန်းရဲ့ခန္ဓာကိုယ်ထဲက အနက်ရောင်တွေ တဖွားဖွားလွင့်ထွက်ပြီး အသံနက်ကြော



www.burmeseclassic.com

www.burmeseclassic.com

## ဓေတာန်

ကြီးနှင့် –

"အ! . . အာ! . . အား! . . အား! . ."

မြေငလျင်ဗဟိုချက်က စလှုပ်သလိုမျိုး စက်ဝိုင်းပုံ လှိုင်း တွေ ပြေးထွက်ပြီး ဝေးရာကို ပျောက်ကွယ်သွားတော့၏။ မဟာရာ မိစ္ဆာကြီးရဲ့ စက်ပညာစွမ်းတွေ လွတ်ထွက်သွားပြီး ရတနာသုံးပါး ရဲ့အစွမ်းသတ္တိကြောင့် မဟာရာမိစ္ဆာကြီး အရိပ်အယောင်ကနေ အခိုး အငွေ့ဖြစ်ပြီး အခိုးတွေကို မြေကြီးက စုပ်ယူသွားတော့၏။

မိစ္ဆာကြီး သေဆုံးပြီဆိုတော့ . . အကောင်ပလောင်လေး ပင် သက်သေမပြနိုင်။ မြေကြီးက စုပ်ယူသွားပြီး မဟာရာမိစ္ဆာကြီး ကို အဝီစိငရဲ တန်းပို့လိုက်လေပြီ။

ဘုန်းလည်း ဆတ်ဆတ်တုန်နေရာက ဟုန်တာရပ်သွား ပြီး ပြူးကြောင်ကြောင်ဖြင့် လိုက်ကြည့်နေမိ၏။

❀ ❀ ❀

"ဘုန်း . . ဘုန်း"

"သျှား"

"နင် ဘာမှ မဖြစ်ဘူးနော်"

"အေး . . ငါ ဘယ်ရောက်နေတာလဲ"

နင် လှုစိတ်ပျောက်ပြီး ငါ့နောက် အတင်းလိုက်တာပဲ မှ မိတော့တယ်။ ပြီးတော့ ဒီရောက်နေတာပဲ၊ အသံရှင် . . နင်ပြော တဲ့ ကေရီ ဖြစ်လိမ့်မယ်။ နင့်ကို အစွဲချွတ်ပေးလိုက်တ

သုံးလူ့ရှင်ပင် မြတ်ဗုဒ္ဓဘုရားရှင်ရဲ့ ရုပ်ပွားတော်လေးကို



www.burmeseclassic.com

www.burmeseclassic.com



နေရာတကျ ပြန်ပင့်ပြီး စံမြန်းစေလိုက်သည်။ နှစ်ယောက်သား ကြည်ညို အားကိုးယုံကြည်စွာဖြင့် လက်အုပ်ချီမိုး ရှိခိုးလိုက်ကြ၏။

လူအုပ်ကြီးကတော့ သူ့အာရုံနဲ့သူ ဘာဆို ဘာမှမသိလိုက်ကြ။ နှစ်ဦးသား မှတ်ဉာဏ်ထဲမှာ ဖြစ်ပြီးသမျှတွေ တရေးရေး ပြန်မြင်ယောင်လာကြ၏။

"ကေရီ . . ကေရီ မင်းဘယ်မှာလဲ၊ ကေရီ . . ကေရီ"

ဘုန်း လိုက်ရှာပြီး ခေါ်မိ၏။ သျှားလည်း လိုက်ကူ ရှာကြည့်၏။ ထိုစဉ်မှာပင် ကောင်းကင်ပေါ်မှာ ငွမ်းမှို့လေးသဖွယ် ကျသာပြီး ဘုန်း လက်ဆန့်တန်းလိုက်သည်နှင့် လက်ထဲမှာ လာတည်နေ၏။

ဘုန်း ဆုပ်ယူပြီး လက်ကိုဖွင့်ကြည့်သောအခါ ပိုးစုန်းကြူးရောင်စုံလေးတွေ ကွန့်မြူးပြီး ကောင်းကင်ထဲကို ပျံတက်သွား၏။ အားလုံးတွေက သတိ မထားမိကြ။ ဘုန်းနဲ့ သျှားသာ သတိထားမိကြသည်။

"ဘုန်း ကေရီလား ဟင်!"

"ဟုတ်တယ် . . ပြိတ္တာဘဝက သူကျွတ်ချိန်ကျလို့ ကျွတ်သွားပြီ။ ဟိုးမှာလေ . . တို့ကိုနှုတ်ဆက်ပြီး ကောင်းကင်ပေါ်ကို ပျံတက်သွားပြီ"

"ဩော် . . ဘုန်းရယ်၊ နင်တစ်ယောက်ထဲ ကျန်ခဲ့ရပြီ ကွယ်"

✽ ✽ ✽



www.burmeseclassic.com

www.burmeseclassic.com

မေတန်

## နောက်ဆုံး၌

သျှားကပင် အားလုံး နားလည်သွားအောင် ရှင်းပြလိုက်၏။ အားလုံး အံ့အံ့သြသြနှင့် နားလည်သွားကြကုန်၏။ ဦးလေး ငယ်ကလည်း ဘုန်း ကြိုပြောပြခဲ့တဲ့ အိပ်မက်အကြောင်းတွေ ပြော ပြ၏။ ကေရီ ဝင်ပူးခံရ၍ သျှားမှာ ဘာမှမသိ။

"နေ . . ရှင် နားလည်တာ တကယ်ပါနော်"

"တကယ်ပါ . . ဘုန်းလည်း သူ့စိတ်သဘောနဲ့ ဖြစ်ခဲ့ရ တာမှ မဟုတ်တာ၊ ဒီကောင့်အတွက် စိတ်မကောင်းဘူး။ ဒီကောင် ဘယ်ရောက်နေလဲ။ လိုက်ရှာပြီး အားပေး နှစ်သိမ့်ရအောင်။ ထ . . ထ . . အခုပဲ သွားရှာကြမယ်"

အားလုံး ကားတွေပေါ်တက်ကာ ဘုန်း ရှိမည်ထင်သော နေရာတွေကို အသည်းအသန် လိုက်ရှာကြကုန်၏။ ဘုန်းက မြို့ နှင့် အလှမ်းဝေးသော တောကျောင်းလေးတစ်ကျောင်းမှာ ကိုရင် ကြီး ဝတ်ပြီးသွားပြီ။

မကြာခင် ရဟန်းပြုတော့မည်။ ကိုရင်ကြီးဘဝနှင့်ပင် သံဝေဂရပြီး နေ့ညမပြတ် တရားအားထုတ်နေလေတော့၏။

လူ့ဘဝရဲ့လမ်းမှန်ဆိုတာ အတုမဲ့ ရှင်တော်ဗုဒ္ဓဘုရား လမ်း ညွှန်တော်မူထားသည့် မြတ်သောတရားတော်ကို ကျင့်ကြံရန်ပင် ဖြစ်လေတော့သတည်း။ (၃၁)ဘုံ ကျင်လည်ကုန်သမျှ အား သည် အနိစ္စချည်းပါတကား။

✍ ✍ ✍

မေတန်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# စေတန်



# NOTE (1)

"ဝေါ . . ဝေါ"

"ဝူး . . ဝူး . . ဝူး"

"တီ . . တီ . . တီ"

ကားအင်ဂျင်စက်သံ၊ ဟွန်းတီးသံတွေက ပေတစ်ရာလမ်းမကြီးပေါ် ဆူညံပွက်လောရိုက်နေလျက်။ အချိန်အားဖြင့် ည(၁၀:၀၀) နာရီတိတိ။

ဒီလိုမျိုး အများသူငှာ အိပ်ချိန်ကြီးမှာ ကားလီဗာကို ဖြင်းဖြင်းနင်းပြီး အိပ်ဇောကနေ မီးခိုးတလူလူ မှုတ်ထုတ်နေကြသည့် သကောင့်သား လမ်းဖိုက်တာ နှစ်ဦးကတော့ဖြင့်။

www.burmeseclassic.com

www.burmeseclassic.com

# ကားသရဲ



"စိုင်း . . ရယ်ဒီပဲလား"

"ရယ်ဒီ"

"ကျော်ဗလကော ရယ်ဒီပဲလား"

"ရယ်ဒီ"

"အိုကေ . . အသင့်ပြင်ထားကြပါ။ ငါအချက်ပြတာနဲ့ ...မယ်"

...ဆိုခဲ့သည့်အတိုင်းပါပဲ။ တစ်ယောက်က စိုင်း။ နာမည် ...ပြည့်အစုံက စိုင်းဝဏ္ဏ၊ နောက်တစ်ယောက် ကျော်ဗလ။

နှစ်ကောင်စလုံးက ဆရာကြီးတွေပါပဲ။ စိတ်ညစ်စရာကြီး ...တွေပါ။ သူတို့နှစ်ဦးစလုံးမှာ ကိုယ့်ကားထဲကိုယ်နေရာယူပြီး ဒိုင် ...ချက်ပြတာနှင့် သူနိုင်၊ ကိုယ်နိုင် အပြိုင်ကြဲကြမည့် ကားမောင်း ...သမားနှစ်ဦးပါပဲ။

နိုင်ငံတကာပြိုင်ပွဲတော့မဟုတ်။ သူ့ပိုက်ဆံ၊ ကိုယ့်ပိုက်ဆံ ...လောင်းကြေးထပ်ပြီး ယှဉ်ပြိုင်ကြမည့် ပွဲတစ်ပွဲပါပဲ။

"ရူး . . ရူး . . ရူး"

စိုင်းဝဏ္ဏ ကားကို လီဗာခပ်ကြမ်းကြမ်း ပုတ်ပြလိုက်၏ ။ ...ကြည့်ရတာ . . သကောင့်သားခမျာ သွေးဆာနေတဲ့ ဒရက်ကူလာ ...နဲ့ ဖြစ်နေလျက်။ ကားကလည်း နောက်ဆုံးပေါ် ပြိုင်ကားဆိုတော့။

ကျော်ဗလ ကားကို လီဗာထိုးထားပြီးသား တစ်ဖက်ကား ...လီဗာသံပေးနေတော့ ဒင်းလည်း လီဗာပေါ် ခြေကရောက်နှင့်နေ ...သား။ ဒါပေမယ့် ကျော်ဗလကားက ပြိုင်ကားတော့ မဟုတ်။

Update ဖြစ်နေတဲ့ ဆန်နီပစ်ကပ် ကားအမျိုးအစား။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



တော့ အပြင် လောင်းကြေးက ကျော်ဇလကားဆီမှာ မရှိ။ ပြိုင်ကာ
မင်းသား စိုင်းဝဏ္ဏဆီမှာသာ လောင်းကြေးက ပုံနေတာဆိုတော့ ဒါ
လည်း အဆန်း မဟုတ်။

"စိုင်းဝဏ္ဏ . . စိုင်းဝဏ္ဏ . . စိုင်းဝဏ္ဏ"

အားပေးသံတွေက ကျော်ဇလဆိုပြီး လုံးဝထွက်မလာ
ခံပြင်းလိုက်ပါဘိ။ ကျော်ဇလရယ် . . ဟင်း ဟင်း။

ဤသို့ဖြင့် ပြိုင်ပွဲက စတင်လေပြီ။

"ဝမ်း . . တူး . . သရီး"

ဒိုင်အမှတ်စဉ်ရေပြီးတာနှင့် ပထမဦးဆုံး ပြေးထွက်သွားသူ
က စိုင်းဝဏ္ဏ။

"ဝူး . . ဝေါ"

လျှင်မြန်လွန်းလှပါဘိ။ မောင်းထဲက မြင်းလွှတ်လိုက်
သလားပဲ။

"ဝူး . . ဝေါ"

ကျော်ဇလ နောက်ကနေ လိုက်ပေါပြီ။ ဒါပေမယ့် ကားက
ထင်ထားတာထက် ပိုမပြေး။ ဂီယာချိန်းပြီး လီဗာကို ပြန်နင်းကြည့်
လိုက်သည်။ ၉၀ ထက်ပိုမောင်းလို့ မရ။ သွားပြီ . . စိုင်းဝဏ္ဏ ကား
ကို နောက်မီးခွက်ပင် မမြင်ရတော့။

မောင်းနေရင်းမှ ရှေ့ဘောနပ်အဖုံးမှ မီးခိုးတွေ ထွက်လာ
ချေပြီ။

"ကျွီ" ကားကို လမ်းဘေးတစ်နေရာမှာ ဘရိတ်မိမ်းပြီး ရပ်
ပစ်လိုက်ရတော့၏ ။ ထင်တဲ့အတိုင်းပါပဲ။ အင်ဂျင်(ဂန့်)သွားပါပြီ

www.burmeseclassic.com

www.burmeseclassic.com





"တောက်! . . နွားလှည်းနဲ့ ဝင်ပြိုင်ရင်တောင်မှ စိုင်းဝဏ္ဏတို မှီနိုင်ဦးမယ်။ ဒီကားစုတ်နဲ့ကျမှကွာ"

ကျော်ဗလ ပေါက်ကွဲနေလေပြီ။

"တီ . . တီ . . တီ . . တီ"

"ဝေါ"

"ကျွီ"

စိုင်းဝဏ္ဏ တစ်ပတ်ပတ်ပြီး ပြန်အလှည့်လာ ကျော်ဗလကား အနားရောက်တော့ ဟွန်းသံပေး ဘရိတ်အုပ်ပြီး–

"ရော့ . . ကျော်ဗလ၊ နောက်တစ်ခါကျရင် ဒါလေး ဆောင်ထား"

စိုင်းဝဏ္ဏပေးလာသည့် အရာကိုကြည့်လိုက်ပြီး ကျော်ဗလ ဒေါသတွေ ငယ်ထိပ်ရောက်သွားတော့၏ ။ စိုင်းဝဏ္ဏလှမ်းပေးသည့် အရာကား မီးခြစ်ဖြစ်နေသောကြောင့်ပင်တည်း။

"ဟား . . ဟား . . ဟား . . ဟား"

အောင်နိုင်သူပမာ ရယ်မောသွားသူကတော့ စိုင်းဝဏ္ဏ။

"ဝေါ"ကားကို ဒရကြမ်းမောင်းထွက်သွားချိန်မှာတော့ ကျော်ဗလပါးစပ်မှ ထွက်လာတဲ့အာမေဋိတ်အသံ။

"တောက်! . ."

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဗလ ကားကို ဝပ်ရှော့ပို့ထားလိုက်ပါပြီ။ လောင်းကြေးလည်း ငါးပုံး(ငါးသိန်း)လောက် ပါသွားလေတော့ အဖြစ်က မနှစ်ကနဲ့မတူ။ စုပ်လည်း စူး၊ စားလည်း ရှူး၊ ရှူလည်း မူးတဲ့ ပဒိုင်းသီးမှ တကယ့် ပဒိုင်းသီးကြီးပါပဲ။

ယခုကိစ္စ ဘိုးတော်(အဖေ) သိလျှင်တော့ မျက်နှာမှာ ဒုပြုသီးတွေမှည့်တော့မှာ မုချမလွဲ။ မတတ်နိုင် . . ကားကိုလည်း ဝပ်ရှော့ပို့ထားတော့ သူငယ်ချင်းသြကြီး အိမ်မှာ တစ်ပတ်လောက် သွားခွေ



www.burmeseclassic.com

www.burmeseclassic.com



ရတော့မည်။ ဒါမှသာ မိုးကြိုးစက်ကွင်းမှ လွတ်နိုင်မည် မဟုတ်လော။

"ဘယ် . . ဘယ်လိုရယ်၊ ငါ့အိမ်မှာ တစ်ပတ်လောက်နေမလို့ ဟုတ်လား . . ကျော်ဇလ"

"မင်းကလည်း ဒါလေးပြောတာနဲ့ အခွက်က ဘာဖြစ်သွားရတာတုံး"

"အသေသာ သတ်သွားလိုက်ပါ . . ကျော်ဇလရယ်။ အိမ်မှာလည်း ကျိုင်တက်နေတာ။ ငါတောင် ဘယ်မှာ သွားခွေရမလဲ မသိဖြစ်နေလို့ပါဟ"

"သောပဲကွာ . . ကျွတ်! . ."

ကျော်ဇလ ဘာဆက်လုပ်ရမည်နည်း။ သူငယ်ချင်းတွေက ရှိတုန်းက စားပြီး ဟောအခု . . မရှိလေတော့၊ အနားတောင် အကပ်မခံ။ အခုမှ ဘဝကလည်း ဗြဟ္မာကြီးဦးခေါင်းလို ဟိုလူ မယူချင်၊ ဒီလူ မကိုင်ချင်နဲ့။ မှတ်ဟ ကျော်ဇလရယ်။ မှတ်လိုက်စမ်းပါ။

"လိမ့်ပြီကွာ"

နောက်ဆုံး ကျော်ဇလခမျာ သွားစရာ နေရာက မရှိတော့။ ကွန်းခိုရာ ဂျက်ကာဖြစ်တဲ့ အိမ်ကိုသာ ပြန်ရတော့၏ ။

"ခွပ်"

အသံအောင်လိုက်ပါဘိ။ ကျော်ဇလမျက်လုံးတွေထဲ ဂြိုဟ်ကြီးခုနစ်စင်း အကွင်းလိုက် မြင်လိုက်ရသလို။ တစ်ချက်ဆို၊ ဒါ့သလောက်ပါပဲ။ ကျော်ဇလတစ်ယောက် သမံတလင်း ကြမ်းခင်းပေါ် မဆွတ်ခင်က ညွှတ်ကျပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



## စေတန်

"ခွေးထက် မိုက်တဲ့ကောင် . . ခွေးသူတောင်းစား"

ကြားရတာ နားဝင်ချိုလိုက်ပါဘိ။ ရင်ဘတ်ဖိနပ်နဲ့ ဆောင့်ကန်သလား၊ ဘာဆိုဘာမှ ပြန်လုပ်လို့မရ။ မော်တောင် ကြည့်လို့မရတဲ့ အဖြစ်။ အဖေလေ . . အဖေ။

"ပိုက်ဆံ ငါးသိန်း ကုန်တဲ့အပြင် ကားပါ ဝပ်ရှော့ ပို့ထားလိုက်ရပြီ။ မင်းနော် . . မင်း၊ ဟော့ကောင် . . ကျော်ဇလ"

"ဂျာ . . အဲ . . ဗျာ"

"ဒါ ပထမဦးဆုံးနဲ့ နောက်ဆုံး ဖြစ်ပါစေ။ နောက် ဒါမျိုး ထပ်ဖြစ်လို့ကတော့ ဟင်း ဟင်း သိတယ်မဟုတ်လား။ အောင်ကြီးတဲ့နော်"

"ဟုတ် . . ဟုတ်ကဲ့"

ကျော်ဇလခမျာ အမြီးကုပ်နေရှာတဲ့ ပူစီလေးလို။ ကုပ်ချောင်းချောင်းနှင့် အိမ်ထဲ ဝင်သွားလိုက်၏ ။

ဖခင်ဖြစ်သူ ဦးအောင်ကြီးခမျာလည်း မိတဆိုးသားကို ဘယ်လိုဆုံးမလို့ ဆုံးမရမှန်းမသိ။ ကုမ္ပဏီမှာ လက်အောက်ငယ်သား ဝန်ထမ်းများစွာကို အုပ်ချုပ်နိုင်ပေမယ့် ဒီရွှေကိုယ်တော် သားတော်မောင်ကိုတော့ဖြင့် ဦးအောင်ကြီး မနိုင်ရေးချ၊ မနိုင်ပါ။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com

ကားသရဲ





# NOTE (2)

ဖြစ်သမျှ ကိစ္စတွေအတွက် တာဝန်အရှိဆုံးက ကျော်ဇလ
ယ်ပါ။ ဒါကို ကိုယ်တိုင်လည်းမသိ။

"လိမ္မာပါတော့ ကိုရယ်နော် . ."

ဆည်းလည်းအသံလေးလို ကျော်ဇလရင်ထဲ အေးချမ်းသွား
တဲ့ အသံပိုင်ရှင်က တခြားလူတော့ မဟုတ်။ အချစ်ဆုံး ချစ်ရသူ
သား ယုယခင်ဖြစ်၏ ။ ကျော်ဇလက တခြားသူစကားထက် သူ့ယ
င်စကားဆိုလျှင် ပိုပြီးနားထောင်တဲ့ ဆဒ္ဒါန်ဆင်မင်းလို အမျိုးအစား

www.burmeseclassic.com

www.burmeseclassic.com



ထဲကပါပဲ။

"စိတ်ချပါ ချစ်ရယ် . . ကိုယ့်ကြောင့် ချစ် စိတ်မဆင်းရဲရ
ရဘူး ဟုတ်ပြီလား"

"ပြောတာပဲ . . အလုပ်လေး ဘာလေးလည်းလုပ်တော့
ကို၊ ဒါမှ ချစ်နဲ့ မြန်မြန်နီးစပ်မှာ"

"အခုလည်း နီးစပ်လို့ ရနေတာပဲ ချစ်ရယ်။ ဘာလဲ ကိုယ်
တို့က ဆင်းရဲနေလို့လား"

"ဆင်းရဲတာ ချမ်းသာတာနဲ့မဆိုင်ဘူး ကို၊ လူဆိုတာ
အလုပ်ရှိမှ ဘဝရှိတာ . . ဒီတော့ . ."

"တော်ပါတော့ ချစ်ရယ် . . ချစ်ဖြစ်စေချင်တဲ့အတိုင်း ဖြ
ရစေမယ်။ ကိုယ် ကတိပေးတယ်"

"တကယ်နော်"

"တကယ်ကွာ"

"ရွှတ်"

"အို! . ."

ချစ်သူရဲ့ပါးပြင်ပေါ် အနမ်းတစ်ပွင့် ခြွေချလိုက်တော့ သူ
နှစ်ဦးကိုကြည့်ပြီး သစ်ကိုင်းပေါ်မှာ နားနေတဲ့ ငှက်ကလေးတွေ
ရှက်လို့ ထင်ပါရဲ့။ ကျလီ . . ကျလီ အော်ပြီး ပျံသွားလေရဲ့။

ကျော်ဗလတစ်ယောက် ချစ်သူနဲ့တွေ့ပြီး ပြန်အလာလ
မှာ အမှတ်မထင် ဆုံမိလိုက်သူက ဒေဝဒတ်ရဲ့မွေးစားသား စိုင်း
ပျော်လာတဲ့အပျော်လေးတွေတောင် ဘယ်ကိုလွင့်သွားမှန်းမသိ

"ကျွိ"



www.burmeseclassic.com

www.burmeseclassic.com

# ကားသရဲ



"ဟော့ကောင် . . ဒါကားကွ။ တိုက်ရင် ပရုပ်ဆီလိမ်းလို့ ရဘူး"

ပြင်းလိုက်တဲ့ ဟောက်စား။ ပြိုင်ကားပေါ်ကဆိုတော့ ဘဝင် လေဟပ်နေလေခြင်း။

"စိုင်းဝဏ္ဏ မင်းသိပ်ပြီး မာန်မထနဲ့။ မင်းကို သိပ်ပြီး အစာ ကြေတာမဟုတ်ဘူး . . နားလည်လား"

သိကြားနဲ့ အသူရာ စစ်ခင်းနေခြင်းဖြစ်၏ ။

"ငါလို မာန်ထချင်ရင် ငါ့လို အလန်းလေးပိုင်ထားရတယ် ကွ"

စိုင်းဝဏ္ဏက သူ့ကားကို လက်ဖြင့်ပွတ်ပြပြီး ရိနေပြီ။

"မင်း . . ဒိုးလိုက်တော့ ဟော့ရောင်"

"ဒိုးမှာပါ။ ဒီမယ် . . ကျော်ဇလ၊ နောက်တစ်ခါ ငါ့ကို အယှဉ်မယ်ဆိုရင် အရည်ကျိုလောက်နဲ့ တက်မလာနဲ့ ဟား ဟား ဟား"

"ဝေါ"

"ဝူး ဝူး"

"တောက်! . ."

"ခွေးသား၊ ဒါတောင် ဟောင်သွားသေးတယ်။ မင်း နေဝင် နီနီးလာပြီ စိုင်းဝဏ္ဏ၊ ခံနိုင်ရည်ရှိအောင် ကြိုးစားထား"

ကျော်ဇလ ရင်ထဲ သွေးတွေက ဗလောင်ဆူနေ၏။ သူ့ကို ကုမ္ပဏီပိုင်ရှင်တစ်ယောက်ရဲ့သားက သူများအပြောကိုခံရပြီး ပြိုင် ကားတောင် ဝယ်မစီးနိုင်ဆိုတော့။ ညစ်ညစ်နဲ့ အိမ်ပြန်အလာ–



www.burmeseclassic.com

www.burmeseclassic.com



"သား ခဏကွာ"

ဖခင်ဖြစ်သူကခေါ်သဖြင့် ကျော်ဗလ ကျောနည်းနည်းစိ
သွား၏ ။ အတိတ်ကာလကို ပြန်တွေးကြည့်တော့လည်း သူ ဘာ
အမှားမလုပ်ထား။

"ခိုင်းစရာရှိလို့လား ဒယ်ဒီ"

ကျော်ဗလအသံက ရေခဲရိုက်ထားသလို။

"မရှိပါဘူး သားရယ်။ သန်ဘက်ခါကျ ဒယ်ဒီနဲ့ သီလ
ဆိပ်ကမ်း ခဏလိုက်ခဲ့ပေးဖို့ပါ"

"ဟုတ် . . လိုက်ခဲ့ပါမယ် ဒယ်ဒီ"

"အေး . . အေး၊ ဒါဆိုလည်း သား နားလိုက်တော့လေ

"ဟုတ်ကဲ့ . . ဒယ်ဒီ"

တော်သေးတယ်။ ခေါ်ဆူတာ မဟုတ်လို့။ ဒယ်ဒီက လိုက်
မယ်ဆိုတော့ သူလိုက်ရတော့မည်။ ငြင်းလို့မရ။ အထွန့်တက်လို့
သိတယ်မဟုတ်လား . . ဦးအောင်ကြီးလေ။

အလိုလိုက်တဲ့နေရာမှာ၊ သားကိုချစ်တဲ့နေရာမှာတော
ဗိမ္ဗိသာရမင်းကြီးလို လူစားမျိုး။ ပေါက်ကွဲပြီဟေ့ဆိုလျှင်လည်း ဟ
ရှီးမားကို အနုမြူဗုံးကြဲတာထက် ဆိုးသွားမယ်။

ကျော်ဗလ ခေတ်သစ်အဇာတသတ် လုပ်လို့မရ။ ဘိုးတော်
ဦးအောင်ကြီးက နှစ်ဆယ့်တစ်ရာစု အဖေလေ။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com





# NOTE (3)

သီလဝါဆိပ်ကမ်းရောက်တော့ ဖခင်ဦးအောင်ကြီးက ဆိပ်ကမ်းမှတာဝန်ရှိသူများနှင့် စကားပြောနေခိုက်၊ ကျော်ဗလ မျက်စိထဲ မြင်သိသွားသည့်အရာများက အစီအရီ တန်းစီထားတဲ့ ကားများ။

အမျိုးအစား စုံလင်လှပြီး သူစိတ်ကြိုက်ကားများပင်တည်း။ ကျော်ဗလ တံထွေးကို မနည်းမြိုချနေရ၏ ။ ဒီလိုကားမျိုးနဲ့တာဆိုလို့ကတော့ ဟင်း ဟင်း ဟင်း။

www.burmeseclassic.com

www.burmeseclassic.com



# စေတန်

ကျော်ဗလ လူတစ်ယောက်ကို ပြေးမြင်မိပြီ။ တခြားသူ တော့ မဟုတ်။ မဟာရန်သူတော် ပြိုင်ဘက်ကြီး စိုင်းဝဏ္ဏ။

"ဒါမျိုးလေးတွေနဲ့ ပူးလိုက်လို့ကတော့ ဒင်းတော့လား။ ကျွတ်ကျဲပြီး ဘွတ်အဲလို့ အော်သွားစေရမယ်"

စိတ်ကူးနဲ့ရှူးလို့ ကောင်းနေတုန်း။

"သားရေ . . လာဟေ့၊ ဒီမှာ လာကြည့်ပါဦးကွ"

ဖခင်ဖြစ်သူအသံကြောင့် အတွေးများ လေထဲဝဲပျံကုန်ပြီ။ ကျော်ဗလသွားကြည့်လိုက်တော့–

"ဝါး . . ကားက လန်းလှချည်လား။ အရောင်ကလဲ ဖွတ် တယ် ဒီကားက"

"မင်းအတွက် ဒယ်ဒီဝယ်ပေးတဲ့ မွေးနေ့လက်ဆောင်ပေါ့ ကွာ"

"ဗျာ! . . မွေးနေ့လက်ဆောင် ဟုတ်လား ဒယ်ဒီ"

"ဒီနေ့ သားရဲ့မွေးနေ့လေကွာ၊ မေ့နေပြီလား"

"အိုး! . . ဟုတ်ပါရဲ့။ ဒီနေ့ သူ့အသက်နှစ်ဆယ့်ငါးနှစ် ပြည့်တဲ့နေ့" ဒါကို သူတောင် မသိ။ ကျော်ဗလတစ်ယောက် ဖခင် ကိုပိုပြီး ရိုသေလေးစားသွားပြီလေ။

"ဘယ်နှယ့် သား၊ ဒီကားကို မင်းကြိုက်ရဲ့လား"

"ဟို့ . . ဟို ဆန်နီကားက"

"ဒယ်ဒီ စလစ်အပ်လိုက်ပြီလေကွာ။ ဒါကြောင့် သားကား ရတာပေါ့"

အဲဒီလိုကိုး။ မှတ်လိုက်ဟ ကျော်ဗလရဲ့ . . မင်းပါးပါးက

www.burmeseclassic.com

www.burmeseclassic.com





ခင်းထက် တစ်မိုင်လောက်ကို ပြေးတယ်ဆိုတာ။

ကျော်ဗလ ကားကို သေချာကြည့်သည်။ သူလိုချင်တဲ့ ဗြိုင်ကားမျိုးတော့ မဟုတ်။ ယခု ဒီကားက Toyota Hiace အမျိုး အစား ခြောက်ယောက်စီး။ ဘယ်လိုပဲဖြစ်ဖြစ် ကျော်ဗလ ကျေနပ် နေသည်။

"ဒီကားကို ငါ့သားကြိုက်သလို၊ ပြန်ရှိုင်း . . ဒါပေမယ့် ဒယ်ဒီမကြိုက်တာတော့ မလုပ်ပါဘူးလို့ ကတိပေးရမယ်"

ဖခင်ဖြစ်သူရဲ့စကား ဘာကို ဆိုလိုတာလဲ၊ ကျော်ဗလ ပေါက်ပြီးသား။

"စိတ်ချ ဒယ်ဒီ။ ဒယ်ဒီမကြိုက်တာ . . သား ဘာမှမလုပ် ဘူး၊ ကတိပေးတယ်"

"ဒီလိုမှပေါ့ကွ"

ကျော်ဗလ ကတိကို လွယ်လွယ်ပေးလိုက်၏ ။ စိတ်ထဲမှာ တော့ "သား ကြိုက်တာပဲ သားလုပ်မှာပါ . . ဒယ်ဒီရယ်"လို့ ပြောနေ သံကိုဖြင့် ဦးအောင်ကြီး မကြားနိုင်ပါ။

ကားကို အိပ်ဇောလေးလုံး ပြန်ထိုးသည်။ ဘော်ဒါတစ် ယောက်ဆိုင်မှာ နိုက်ထရိုဂျင် (N2) ထိုးပြီး ရှော့ဘားတွေပါ တပ် ဆင်လိုက်တော့ လုံးဝကို အလန်း။ အရောင်အသွေးကအစ ဂါလာ ပြန် Change ပြီး ကားဘီးတွေကိုလည်း ပွိုင့် ချိန်း(Change) လိုက် ပြန်၏ ။

"ကားက အော်တိုဂီယာဆိုပေမယ့် ငါ နိုက်ထရိုဂျင် ထိုးပေး ထားတယ်။ စတီယာရင်တိုင်ကိုလည်း ပါဝါ ပြန်လဲထားတယ်။ မင်း

www.burmeseclassic.com

## စေတန်

ကား အခုလက်ရှိအနေအထားနဲ့ဆို မာဆေးလ်က တီပီဂျီကိုတောင် ကောင်းကောင်း ယှဉ်နိုင်ပြီ ကျော်ဇလ"

(မာဆေးလ် = ပြင်သစ်နိုင်ငံမှ မြို့ကြီးတစ်မြို့)

(တီပီဂျီ = မြန်နှုန်းမြင့် ကျည်ဆံရထား)

ကြားရတဲ့စကားများ နားဝမှာ ချိုလိုက်ပါဘိ။

"ဒါဆို ငါ ဘယ်နေ့လောက် ကားလာယူရမလဲ သားကြီး"

"လာမယ့် Friday လာခဲ့ကွာ။ ငါလိုအပ်တာ ကြည့်ရှိုင်းလိုက်ဦးမယ်"

"Ok . . ငါ စိတ်ချမယ်နော်"

"စိတ်ချလိုက်ကွာ"

တွေ့တော့ တွေ့နေပါပြီ။ ဘုန်းကြီးရူးနဲ့ လေ့လူး။ ကျော်ဇလဆိုတဲ့ကောင်က ကားနဲ့ပတ်သက်လာရင် ထမင်းလွတ်၊ ဟင်းလွတ်ကို ရူးတဲ့ Car Crazy (ကားရူး)။

နောက်တစ်ကောင်ကလည်း ကျော်ဇလလိုပါပဲ။ နာမည်ကတော့ စိုင်ကြီးတဲ့။ ကားပြင်၊ ကားဆင်တဲ့နေရာမှာ တကယ့် ဖိုက်တာတစ်ယောက်။ ယခုလည်း ကျော်ဇလကားကို ထည့်လို့ရသမျှ အကုန်ထည့်ပေးထားပြီး အကျအန ဆင်ထားပေးပြီးသား။

လီဗာနင်းလို့ အိပ်ဇောမှုတ်ရင်တောင် မီးခိုးနဲ့မရ၊ အမွှေးဆီတစ်မျိုးကိုပါ ထည့်ထားပေးပြီးသား။ ဒါတောင် ဒုံးကျည်တပ်မစလို့သာပေါ့။ မဟုတ်ရင် တော်ပီဒိုတွေပါ တပ်ပေးမလား မသိ။

ဘယ်သူတွေ ဘယ်လို မျက်ခုံးလှုပ်ကြဦးမလဲ မသိ။


⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com





# NOTE (4)

အချိန် ည (၁၁:၃၀)။

နေရာ ညီညာဖြောင့်ဖြူးသော ပေတစ်ရာလမ်းမကြီးပေါ်။

တဝေါဝေါ၊ တဂူးဂူးနဲ့ သူ့ထက်ငါ အပြိုင်အဆိုင်ကို ဖြတ်နေလိုက်ကြတာများ။ ဒီအချိန်က ရန်ကုန်မြို့ကြီးမှ မိကောင်းဖခင် သားသမီး ကားဖိုက်တာတွေ စုဝေးနေတဲ့အချိန်။

ကားသံတွေရော၊ ဆူညံအော်ဟစ် အားပေးသံတွေပါ ပွက်လောရိုက်နေကြလျက်။ ထုံးစံအတိုင်း လမ်းမကြီးပေါ် ကားပြိုင်



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

မောင်းနေကြတဲ့ ကားများထဲမှ ဦးဆောင်လေကျယ်နေသူက ပြိုင်ကားမင်းသား စိုင်းဝဏ္ဏ။

မကြာပါ။ သူတို့ကြားထဲရောက်လာသူက Toyota Hiace နဲ့ ကျော်ဇလ။ အားလုံးရဲ့အကြည့်တွေက ကျော်ဇလကားဆီမှာ။

"ဝူး . . ဝူး . . ဝူး"

ကျော်ဇလ လီဗာကို ခပ်ကြမ်းကြမ်းနင်းပြလိုက်တော့ အိပ်ဇောမှထွက်လာတဲ့ မီးခိုးရနံ့တွေက အလွန်မွှေးကြိုင်လွန်းလှပေစွာ။ စော်လေးတွေဆိုတာများ ဖလန်း ဖလန်းကိုထလို့။

"ကားက လန်းလှချည်လား . . ကျော်ဇလ။ ဘယ်လိုလဲ . . ထုံးစံအတိုင်းပါမှာလား"

ဒိုင်လုပ်သူက ကျော်ဇလကို မေးလာခြင်းဖြစ်၏ ။

"ပါမယ် . . ဒါပေမယ့် ငါ စိုင်းဝဏ္ဏနဲ့ပဲ ပြိုင်ချင်တယ်"

"Ok ဖြစ်ရစေမယ်၊ ကြေးကကော"

"ခုနစ်ပုံးကြေး (ခုနစ်သိန်း)"

"ဝါး! . ." (အားလုံးရဲ့ အံ့ဩသံ)

သိပ်မကြာလိုက်။ ကျော်ဇလနှင့် စိုင်းဝဏ္ဏနှစ်ယောက်ထဲ ယှဉ်ပြိုင်ရမည့် အလှည့်ကျလာတော့။

"မီးခြစ်ဆောင်ထားလား ကျော်ဇလ"

ဒါက စိုင်းဝဏ္ဏရဲ့ ခနဲ့တဲ့တဲ့စကား။ ကျော်ဇလ ဘာမှ ပြန်မပြော။ စိတ်ထဲမှာတော့ဖြင့်– 'မင်း ငါ့ကို ဒီည ဒေါက်ဖြုတ်ပြီးမယ်သားရေ"ဆိုပြီး ကြုံးဝါးနေလျက်။

"စမယ် . . အသင့်"



www.burmeseclassic.com

www.burmeseclassic.com

# ကားသရဲ



"ဝမ်း . . တူး . . သရီး . . Go"

စိုင်းဝဏ္ဏ ပြောပါပြီ။

"ဝေါ . . ဝူး"

သုတ်သွားလိုက်တာများ လှစ်ခနဲ၊ လှစ်ခနဲ။ ကျော်ဗလ ပုံမှန်အတိုင်းပဲ မောင်းလာပြီး လမ်းတစ်ဝက်ရောက်တော့မှ ဂီယာချိန်း၊ နိုက်ထရိုဂျင် (N2) ဖွင့်ကာ လီဗာကို နင်းလိုက်တော့–

"ဝူး . . ဝေါ"

"ဝရော . . ဝရော"

ခဏလေးပါပဲ။ စိုင်းဝဏ္ဏကားကို ကျော်တက်သွားတာ . . စိုင်းဝဏ္ဏခမျာ ကျော်ဗလကား အသံပဲကြားလိုက်ရသည်။ အိပ်ဇော အမှုတ်ထုတ်လိုက်တဲ့ မီးခိုးတွေကြား၊ အရိပ်အယောင်မျှပင် မမြင်လိုက်ရ။ မျက်လုံးပါပြူး။ ပါးစပ်ပါ ဟ။ အလွန်အမင်း အံ့သြသွားရပေပြီ။

"ဝေါ . ."

"တီ . . တီ . . တီ"

"ဝူး . . ဝူး"

"ကျွီ . . ကျွီ"

ပြတ်ကရော။ ကျော်ဗလ ပန်းဝင်ပြီး နာရီဝက်ကြာတာတောင် စိုင်းဝဏ္ဏကား ဝင်မလာသေး။

"မြန်လှချည်လား ကျော်ဗလရယ်။ မင်း မောင်းချိန်က (၄) မိနစ်၊ (၂)စက္ကန့်ပဲ ကြာတယ်"

"အပိုတွေ မပြောနဲ့ . . ငါ့နိုင်ကြေး ဘယ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



# ဓေတန်

“ရှော့ . . ရှော့ပါကွာ၊ ဒီမှာပါ”

ကျော်ဗလ နိုင်ကြေးတွေယူပြီး ထိုနေရာမှ ထွက်လာခဲ့တော့၏။ ကျော်ဗလထွက်သွားပြီးနောက် စိုင်းဝဏ္ဏကား ဝင်လာချေပြီ။

“ကျွီ . .”

“ဟိုကောင်ကော”

“သွား . . သွားပြီ စိုင်းဝဏ္ဏ”

“တောက်! . . ဒီကောင်က ကားကို တက်တူးထိုးထားတာကွ”

“ဘယ်လိုရယ် . . တက်တူးထိုးထားတာ ဟုတ်လား”

စိုင်းဝဏ္ဏ ခေါင်းညိတ်ပြလိုက်၏ ။ တက်တူးဆိုတာ သူတို့လို ကားဖိုက်တာတွေအခေါ် နိုက်ထရိုဂျင် (N2) ကိုဆိုလိုခြင်းပင်ဖြစ်တော့၏ ။ ဘယ်လိုပဲဖြစ်ဖြစ်၊ စိုင်းဝဏ္ဏတစ်ယောက် ဒီတစ်ချီတော့ဖြင့် ဦးကျိုးသွားခဲ့လေပြီ။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com

## ကားသရဲ





# NOTE (5)

ဒီညအဖို့ ကျော်ဇလ အပျော်ဆုံးဖြစ်နေလျက်။ သူ့ကားကို ဆင်ယင်ပေးထားသည့် သူ့ဘော်ဒါစိုင်ကြီးကို ခေါ်ကာ ကလပ်သွား ကြတော့၏ ။

သောက်တယ်၊ မူးတယ်၊ ပျော်မယ်၊ ကဲမယ်၊ ခုနစ်သိန်း ဆောင် နိုင်လာတာဆိုတော့ ဝှန်းချင်တိုင်းကို ဝှန်းနေတော့၏ ။ သူတွေလည်း Limit ကျော်ပြီး ဟိုဘက်ကမ်းတောင် ရောက်နေကျ ပြီး ဘေးမှာလည်း စော်တစ်ယောက် နှစ်ပွေစီနှင့်။



www.burmeseclassic.com

www.burmeseclassic.com



# ဓောတန်

"ဆရာ . . ဆရာ"

"အင်! . . ဟင်! . . အေ့ . . ဘာ . . ဘာလဲကွ အေ့"

Security Man က လာရောက်ခေါ်နေသဖြင့် ကျော်ဗလ မှူးမှူးနှင့် ကြည့်လိုက်မိသည်။

"ကားပါကင်မှာထိုးထားတဲ့ (၃၈/ . .)က ဆရာကားလား ခင်ဗျာ"

"ဟုတ် . . ဟုတ် တယ်အေ့"

"ကားက စက်နှိုးထားတာ အရမ်းကြာနေပြီ ခင်ဗျ။ နောက် ပြီး အလန်း (Alarm) တွေလည်း အော်နေတာ။ ခုထိ မရပ်သေးဘူး ခင်ဗျ"

ကျော်ဗလ အမူးများပင် ပြေသွားသယောင်။

"မင်း ပေါက်ကရတွေ လာ မပြောနဲ့ အေ့ ဂေ့"

"သွားကြည့်လိုက်ကွာ . . ကျော်ဗလရယ်၊ အာရုံနောက် တယ်"

စိုင်ကြီးကလည်း ပြောလာတော့ ကျော်ဗလ ဒယိမ်းဒယိုင် နှင့်ထပြီး ကားပါကင်ဆီသွားရတော့ပြီ။ ဟိုရောက်တော့ . .

"ရှူး . . ရှူး . . ရှူး . . ရှူး"

"တီ တီ တီ . . တီ တီ တီ"

ကောင်းရော . .။ Security Man ပြောသည့်အတိုင်း ကား စက်နှိုးထားပြီး Alarm တွေပါ ထအော်နေတာ။ နားမလည်နိုင်အောင် ဖြစ်သွားသူက ကျော်ဗလ။

ချက်ချင်း ကားစက်သတ်ပြီး Alarm တွေပါ ပိတ်ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com





တော့မှ ကားကငြိမ်သွား၏ ။ ဘယ်လိုကြောင့်ပါလိမ့်။ သူပဲ မေ့လျော့နေလေသလား။ ကျော်ဇလကားကို ပတ်ကြည့်လိုက်ပြန်၏ ။ မှန်ပါပဲ။

“သောက်ထားတာတွေတောင် ဘယ်ရောက်သွားပါလိမ့်”

တစ်ယောက်ထဲ ရေရွတ်ရင်း စိုင်ကြီးကို သွားခေါ်ကာ ပြန် အစီအစဉ်ဆွဲရတော့ပြီ။ ငနဲကတော့ တော်တော်ကို ကောင်းနေချက် ဖက်တောင် ကျိုးကျနေလေ၏ ။ ကျော်ဇလ ကားစက်နှိုးရန် သော့ဖွင့်လိုက်ရာ –

“ဟာ! . . ဆီ လုံးဝ မရှိတော့ပါလား”

မျက်လုံးပြူးပြီး ခေါင်းမွေးများပင် ထောင်သွားလျက်။

“တောက်! . . ကားစက် အကြာကြီးနှိုးထားမှတော့ ဆီကုန် ပေါ့။ ဘယ်သူဘယ်လို နှိုးသွားသလဲကွာ . . စဉ်းစားလို့ကို မရ ။ အလာတုန်းက ငါကိုယ်တိုင် တံခါးတွေ Lock ချထားခဲ့တာပဲ”

တစ်ယောက်ထဲ ပဟေဠိ အဖြေညှိရင်း ရလိုရငြား ကားစက် ကြည့်လိုက်၏ ။

“ဝူး . . ဝူး . . ဝူး”

“ဟာ . . ဟ . . ဘယ်လိုတွေများ ဖြစ်ကုန်ပါလိမ့်။ ဆီ မရှိပေမယ့် စက်နှိုးလို့ ရနေပါလား။ ဒီညအဖို့ ငါတော့ အထူး ဆန်းတွေချည်း ကြုံနေတာပဲ”

ကျော်ဇလ ကားလီဗာကို စမ်းနင်းကြည့်လိုက်သည်။

“ဝူး”

“အလို . . ရွှေ့တယ်ဟ။ ဒါဆို မောင်းလို့ရသေးတယ်”



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ဂီယာနံပါတ် သရီးထည့်ပြီး အိမ်အပြန်လမ်း
စံမြန်းခဲ့ကြတော့၏ ။ စိုင်ကြီးကိုလိုက်ပို့ပြီး ကျော်ဇလ အိမ်ပြ
ရောက်တော့ ကားကို ဂိုဒေါင်ထဲထည့်၊ တံခါးတွေ Lock ချပြီး အိမ်
ထဲ ဝင်လာခဲ့တော့၏ ။

"ဆီ လုံးဝ မရှိတာတောင် ကားက အိမ်ပြန်ရောက်အော
မောင်းလို့ရတယ်။ ငါ့တစ်သက်နဲ့ တစ်ခါ မကြုံဖူးဘူး"

အိပ်ရာဝင်ရင်းမှ စဉ်းစားခန်း ထုတ်လိုက်ပြန်၏ ။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com







# NOTE (၆)

မနက် Breakfast ကို ဖခင်နှင့်အတူ စားဖြစ်ကြ၏ ။ ညက သောက်ထားတာတွေက အခုထိ ခေါင်းကိုက်နေတုန်း အိပ်ရာက မထချင်၊ ထချင်နှင့် ထခဲ့ရပေမယ့် Breakfast စားချိန်ကိုတော့ ပျက်လို့မရ။ ဘိုးတော်က အမိန့်ထုတ်ပြီးသား။ မနက် Breakfast စားလျှင် သားအဖနှစ်ယောက် စုံပြီး စားချင်သည်ဟူ၍ပင်။

"ဒီနေ့ အပြင်ထွက်ဖို့ရှိလား သား"

မေးလာပါပြီ။

"ခိုင်းစရာရှိလို့လား . . ဒယ်ဒီ"



www.burmeseclassic.com

www.burmeseclassic.com

# စေတန်

"အေး . . ဒီနေ့ ဒယ်ဒီ ကုမ္ပဏီက ဧည့်သည်တွေကို ကျိုက်ထိုမှာရှိတဲ့ ဒယ်ဒီ Hotel ကို မင်းကားနဲ့ လိုက်ပို့စေချင်တယ်ကွာ"

ကျော်ဗလ ထင်တဲ့အတိုင်းပါပဲ။ ငြင်းလို့ကလည်း မရ။ ငြင်းပိုင်ခွင့်ကို မရှိတာ။ ဒီတော့ . .

"ဟုတ် . . ဟုတ်ကဲ့ . . ရပါတယ် ဒယ်ဒီ။ ဘယ်အချိန်လောက် ပို့ပေးရမလဲ"

"ရန်ကုန်ကနေ မနက် ဆယ်နာရီလောက် ထွက်ကွာ။ ဒယ်ဒီ လမ်းမှာ စိတ်ချပါရစေ"

"ဟုတ် . . ဟုတ်ကဲ့ပါ ဒယ်ဒီ စိတ်ချပါ"

Breakfast စားပြီးနောက် ကျော်ဗလလည်း ဂိုဒေါင်ထဲ သွားပြီး ကား သွားထုတ်ရတော့ပြီ။ ကားသော့တပ်ပြီး စက်နှိုးမယ်လုပ်တော့—

"ဟိုက်! . ."

ကျော်ဗလ နားထင်မွေးတွေ ထောင်ကုန်လေပြီ။ အကြောင်းမှာ မနေ့ညက ဆီဂိတ်မှာ ဆီမရှိကြောင်း မိုင်းနပ်စ်ပြပေမယ့် ယခုအချိန်မှာတော့ဖြင့် ဆီအပြည့်ရှိနေကြောင်း ဆီဂိတ်မှပြနေ၏ ။

"ဟုတ်မှ ဟုတ်ပါလေစ"

ကျော်ဗလ အသေအချာကို စစ်ဆေးကြည့်သည်။ ဆီက လုံးဝကို Full အပြည့်။

ကျော်ဗလ နားမလည်တော့ လိုက်လို့ မမှီတော့ပေ။ ဟယ်ထို့ ပဲဖြစ်ဖြစ်၊ ဆီအပြည့်ရှိနေတာကိုက ကျော်ဗလအဖို့ သာစရာ။



www.burmeseclassic.com

www.burmeseclassic.com

# ကားသရဲ



မနက်ဆယ်နာရီလောက်မှာ ဖခင်ဖြစ်သူရဲ့ ဧည့်သည်တွေကို ခေါ်ပြီး ရန်ကုန်နယ်နမိတ်မှ စတင်ထွက်လာခဲ့ကြတော့၏ ။ နေ့လယ်နှစ်နာရီခွဲလောက်မှာ ကျိုက်ထိုမြို့ရှိ ဖခင် ဦးအောင်ကြီးပိုင် Hotel သို့ ရောက်ရှိလာခဲ့ကြကာ ဧည့်သည်တွေကို ထားခဲ့ပြီး ကျော်ဗလ ချက်ချင်းပင် ရန်ကုန် ပြန်ဆင်းလာခဲ့၏ ။

ညခုနှစ်နာရီလောက်တွင် ရန်ကုန်မြို့သို့ ပြန်ရောက်ပြီး ဆိုင်တစ်ဆိုင်မှာ ခဏတစ်ဖြုတ် ဝင်ထိုင်လိုက်၏ ။ အမောပြေ ဘီယာရှုပ်ရင်း ဖီလင် ယူနေလိုက်၏ ။

"ဆရာ . . ဆရာ"

ဖီလင်ယူကောင်းနေတုန်း စားပွဲထိုးလေးရဲ့အသံကြောင့် ကျော်ဗလ စည်းစိမ်ပျက်သွားသည်။

"ဟေ . . ပြော ပြောလေ"

"ဆိုင်ရှေ့မှာ ရပ်ထားတဲ့ (၃ခ/ . .) ကားက ဆရာကားလားခင်ဗျာ"

"အေး . . ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ကားထဲမှာ လူတစ်ယောက် အသည်းအသန် အော်ဟစ်နေလို့ ခင်ဗျာ . . အဲဒါ ဆရာလိုက်ကြည့်ပေးပါလား"

"ဘာ! . . ဘယ်လိုရယ်ကွ"

ကျော်ဗလ ကိုယ့်နားတောင် ကိုယ်မယုံနိုင်တော့။ ယခုအဖြစ်က ဟိုတစ်ညက အဖြစ်နဲ့တူနေပါလား။ စားပွဲထိုးလေးကိုကြည့်တော့လည်း လာဖိန့်နေတာတော့ မဟုတ်။ အသေအချာကြီးကို ပြောနေတာ။

www.burmeseclassic.com

www.burmeseclassic.com



# စေဘာန်

"ကားများ မှားသလားကွာ"

"မမှားဘူး ခင်ဗျာ . . ၃၈/ . . ကားပါ"

သေချာပြီ။ သူ့ကားမှ သူ့ကားအစစ်။

"အဲ . . အဲဒီလူက ယောကျာ်းလား . . မိန်းမလား"

"မသိဘူး ခင်ဗျာ . . အနေအထားကတော့ တော်တော်ဆိုးဆိုးဝါးဝါးပဲ။ ရောဂါတစ်ခုခုကို အပြင်းအထန် ခံစားနေပုံရတယ် ခင်ဗျ"

"ဟာကွာ . . သွားကြည့်ရအောင်"

ကျော်ဗလလည်း စားပွဲထိုးလေးကိုပါ ခေါ်ပြီး ကားအနား လျှောက်လာခဲ့ကြ၏ ။

"ဘယ်မှာလဲကွ . . မင်းပြောတဲ့လူ"

ကျော်ဗလ ကားကို တံခါးဖွင့်ပြီး စားပွဲထိုးလေးကိုပြတော့ ဘာဆိုဘာမှ မရှိ။ စားပွဲထိုးလေးခမျာ ဟိုကြည့်၊ ဒီကြည့်နှင့် ကြောင်ကြောင် ဖြစ်နေပုံရ၏ ။

"ကျွန် . . ကျွန်တော် အသေအချာကို တွေ့ခဲ့၊ မြင်ခဲ့ရ ပါ ခင်ဗျာ။ အခု ဘာမှ မရှိဘူးဆိုတော့"

"ငါ့ညီ မင်းသောက်ထားလား"

"ကြံကြံဖန်ဖန် ဆရာရယ်၊ ကျွန်တော် မသောက်တတ် ဘူးဗျာ"

"ကဲ . . အခု မင်းမြင်တဲ့အတိုင်းပဲနော်။ မင်းကြောင် ဖီးအောက်သွားပြီ"

"ဟို . . ဟို မန်နေဂျာနဲ့တော့ မတိုင်ပါနဲ့ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တောင်းပန်ပါတယ်။ အခုဟာက ကျွန်တော် အမြင်မှား သာနေမှာပါ"

စားပွဲထိုးလေးခမျာ မန်နေဂျာနဲ့ အတိုင်ခံရမှာ ကြောက်လန့် နေပုံရ၏ ။ ကျော်ဗလက ရယ်ကျဲကျဲလုပ်ရင်း –

"မတိုင်ပါဘူးကွာ၊ ဒါမျိုးက ဖြစ်တတ်ပါတယ်။ နောက်ဆို ဘာပဲဖြစ်ဖြစ် အသေအချာ စူးစမ်းပြီးမှလုပ်၊ ဟုတ်ပြီလား"

"ဟုတ် . . ဟုတ်ကဲ့ပါ ဆရာ"

ဤသို့ဖြင့် ကျော်ဗလလည်း ဆက်ထိုင်ရန် စိတ်ကူးမရှိလေ သော့ ကျသင့်ငွေရှင်းပြီး ဆိုင်မှ ထွက်လာခဲ့လိုက်တော့၏ ။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com







# NOTE (7)

ကားသာ မောင်းနေရသည်။ အတွေးတွေက စားပွဲထိုးကောင်လေးပြောသည့် အကြောင်းအရာများဆီသို့ . . စဉ်းစားရင်းတွေးရင်းမှ စိတ်ကအိုက်လာပြီ။ ကျော်ဗလ ကားမှန်တွေ တင်လိုက်ပြီး အဲယားကွန်းဖွင့်လိုက်၏ ။ ကားထဲ အအေးဓာတ်လေးရတော့မှ စိတ်သက်သာရသွား၏ ။

ကားကို ပုံမှန်အတိုင်းလေးပဲ မောင်းလာရင်း လှည်းတန်းရောက်တော့ မီးပွိုင့်က မိသွားပြန်ပြီ။ ကားတွေက ရှေ့မှာ ဈေးတန်းကြီး ပွဲကလှတော့ လှပြီ။

www.burmeseclassic.com



"အားပါး . . အဲယားကွန်းက အေးလှချည်လား"

ကျော်ဗလ စိတ်ထဲ ကားအဲယားကွန်းမှ အရမ်းအေးလာသည်အထင်နှင့် အအေးခာတ်လျှော့ချလိုက်၏ ။

"အခုမှ အိုကေသွားတယ်"

မီးပွိုင့်က စိမ်းနေပြီ။ ရှေ့ကားတွေက တွန့်ဆုတ်၊ တွန့်ဆုတ်နဲ့ တိုးနေတော့ လိုရာ မရောက်နိုင်။ မိပြန်ပြီ နောက် တစ်ပွိုင့်။

"အဲယားကွန်းက တော်တော်ကို အအေးခာတ်များပါလား။ ငါ လျှော့ထားတာတောင်မှ အေးနေတုန်း"

ကျော်ဗလ ကားအဲယားကွန်းကို ထပ်လျှော့လိုက်ပြန်သည်။ ဒါလည်း အေးနေတုန်း။ အေးတာမှ တော်တော်ကြီးကို အေးနေတာ။ နောက်ဆုံး အဲယားကွန်းကို အကုန်ပိတ်ပြီး မှန်တွေ ချလိုက်သည်။

"ဟာ! . . ဘယ်လိုပါလိမ့်၊ ဒါလည်း အေးနေတုန်းပါပဲလား"

"အဲယားကွန်း ပိတ်ထားတာတောင် အအေးခာတ်က ပိုနေတုန်း။ ဘယ်လို အအေးမျိုးမှန်း မသိ။ ကျော်ဗလ တစ်ကိုယ်လုံး ကျောရိုးထဲပါမကျန်၊ စိမ့်လာတာ"

ဒါ အဲယားကွန်း အအေးကြောင့်တော့ မဟုတ်နိုင်တော့။ ဒီလို အအေးမျိုးက . .

"တီ တီ တီ"

နောက်ကားက ဟွန်းသံပေးတော့မှ မီးပွိုင့်စိမ်းနေမှန်း ကျော်ဗလ သိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

# ကားသရဲ



"ရူး . . ရူး"

လီဗာကို ခပ်ကြမ်းကြမ်းနင်းပြီး မောင်းထွက်လာတော့မှ ခုနက အအေးဓာတ် လုံး၀ကို ပျောက်ကွယ်သွားတော့ပြီ။

⌘ ⌘ ⌘

"ဟယ်လို"

". . ."

"ဟုတ်ကဲ့ . . ဒယ်ဒီ ဟုတ်ကဲ့"

". . ."

"အခုပဲ ထွက်လာခဲ့လိုက်မယ်လေ"

". . ."

"စိတ်ချပါ . . ဒယ်ဒီရယ်၊ ဟုတ်ကဲ့ . . ဒါဆို ကျွန်တော် အခု လာပြီနော်"

အရေးပေါ်။ ဖခင်ဖြစ်သူရဲ့ကား ပျက်လို့ ကျော်ဇလဆီ ဖုန်းဆက်ပြီး လှမ်းခေါ်နေခြင်းဖြစ်၏ ။ ချက်ချင်း ကားထုတ်ပြီး လိုက်ရတော့ပြီ။ နေရာက ဆယ်မိုင်ကုန်း မီးပွိုင့်အကျော်။

ကျော်ဇလ မောင်းပုံမျိုးနှင့် ဆယ်မိုင်ကုန်းကို ခဏလေးပဲ။ ဖခင်ဖြစ်သူရဲ့ကားကို တွေ့တော့ ကျော်ဇလ ကားကို လမ်းဘေးကပ် ရပ်လိုက်သည်။

"ကားက ဘာဖြစ်သွားတာလဲ ဒယ်ဒီ"

"ရေဆူပြီး Heat တက်တယ်ဆိုလား၊ ဒရိုင်ဘာ မောင်မိုး တော့ လုပ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

"ဒယ်ဒီကိစ္စ အရေးကြီးနေလို့လား။ ကျွန်တော် ဘာလုပ်ပေးရမလဲ ဒယ်ဒီ"

"စင်္ကာပူက ဒယ်ဒီ့ပါတနာတွေ၊ ဒီနေ့ Flight နဲ့ရောက်မှာ။ Taxi နဲ့လည်း မကြိုချင်ဘူးကွာ။ ဒါကြောင့် သားကို ခေါ်လိုက်ရတာ"

ဒီလောက်ဆို ကျော်ဇလ သဘောပေါက်လိုက်ပြီ။

"ကိုင်း . . ဒါဖြင့် သွားရအောင် ဒယ်ဒီ။ တော်ကြာ နောက်ကျနေဦးမယ်"

"အေး . . အေး . . ဟော့ မောင်မိုးရေ . . မင်း ကားပြင်ပြီးတာနဲ့ ကုမ္ပဏီကိုသာ မောင်းလာခဲ့လိုက်ကွာ"

"ဟုတ်ကဲ့ . . အာစရိ၊ ဟုတ်ကဲ့"

ဒရိုင်ဘာ မောင်မိုးကို လိုအပ်တာ မှာကြားပြီး ဖခင်နှင့်အတူ လေဆိပ်ဘက် မောင်းလာခဲ့ကြ၏ ။ စင်္ကာပူ Flight ဆိုက်ပြီးတာနှင့် ဦးအောင်ကြီးနှင့် သူ့ပါတနာတွေပါ ကုမ္ပဏီထိရောက်အောင် ကျော်ဇလ လိုက်ပို့ရပြန်၏ ။

အားလုံးပြီးစီးသည်ဆိုမှ ကျော်ဇလ သူသွားချင်တဲ့နေရာဖြစ်တဲ့ ချစ်သူ ယုယခင်တို့၏ အိမ်ဘက် ကားကို မောင်းထွက်လာခဲ့လိုက်၏ ။ မီးပွိုင့်တစ်ပွိုင့်နားရောက်တော့ ထုံးစံအတိုင်း မီးနီ မိပြန်သည်။ ကက်ဆက်ဖွင့်ပြီး သီချင်းနားထောင်ရန် C.D ကိုထိုး လိုက်တော့ အသံက လုံးဝ ထွက်မလာ။

"ဘာတွေ ဘယ်လို ကြောင်နေတာလဲကွာ"

ကျော်ဇလ စိတ်တိုစွာဖြင့် အခွေပြန်ထုတ်ဖို့ လုပ်လိုက်မှ

www.burmeseclassic.com

www.burmeseclassic.com

## ကားသရဲ



သီချင်းသံက ထွက်ပေါ်လာ၏ ။

"ငါမှားတာ × × ရှိရင် တောင်းပန်ပါတယ်"

"အို . . မင်းရဲ့အနားမှာပဲ ×× သံမှိုစွဲကပ်ထားသလို ××"

"ဟုတ်တော့ ဟုတ်နေပြီဟ"

မီးပွိုင့်စိမ်းသွားပြီ။ ကျော်ဗလ ဂီယာထိုးပြီး နောက်ကြည့်မှန်ကို အမှတ်မထင် ကြည့်လိုက်တော့ . .

မိန်းမကြီး တစ်ယောက်။ ကျော်ဗလ ချက်ချင်း လှည့်ကြည့်လိုက်၏ ။ ဘာဆိုဘာမှ မရှိ။ သေချာအောင် နောက်ကြည့်မှန်ထဲ ပြန်ကြည့်လိုက်တော့လည်း ဗလာနတ္ထိ၊ ဘာမှမရှိ။

"ငါတော့ ရှာသာကြီး သွားရတော့မယ်ထင်တယ်"

ကိုယ့်ကိုကိုယ် အားပေးရင်း ကျော်ဗလ ကားကို ခပ်ကြမ်းကြမ်း မောင်းလာလိုက်တော့ တစ်ဖက်ကားသမားတွေက ဝိုင်းပြီး မေတ္တာပို့လိုက်ကြပုံများက . .

"မင်းအမေလင်ပိုင်တဲ့ လမ်းမဟုတ်ဘူးကွ၊ ခွေးသားရဲ့"

"ရေဝေး အအေးတိုက်မှာ အလောင်းလိုနေတယ် ငါ့သားရဲ့"

ဒါတွေကိုလည်း ကျော်ဗလ ကြားနိုင်၊ သိနိုင်မှာမဟုတ်။

⌘ ⌘ ⌘

www.burmeseclassic.com

www.burmeseclassic.com







# NOTE (8)

မတွေ့တာကြာပြီဖြစ်တဲ့ ချစ်သူ ယုယခင်နှင့် ဒီနေ့ တစ်နေ့ကုန် လျှောက်ပြီး အချိန်ဖြုန်းပစ်ခဲ့ကြ၏ ။ ညနေစောင်းသည်အထိ တွေ့လို့မဝသေး။ ကျော်ဇလ ရင်ထဲ ချစ်တင်းနှောချင်နေသေး၏ ။ ဒါကြောင့် ကားကို ကန်တော်ကြီးပတ်လမ်းအထိ မောင်းလာပြီး လိုချင်တဲ့နေရာရောက်မှ ကားကိုရပ်လိုက်၏ ။

ချစ်သူကို ရင်ခွင်ထဲထည့်ပြီး အနမ်းမိုးတွေ ရွာနေလိုက်၏။

"နီးစပ်ချင်ပြီ ချစ်ရယ်"

ကျော်ဇလအသံက သြောင်နာနာနှင့်။



www.burmeseclassic.com

www.burmeseclassic.com

# ကားသရဲ



"ကြိုးစားပေါ့ ကိုယ်ရယ်"

"ကိုယ့်ကို ချစ်လားဟင်"

"ချစ်တာပေါ့ ကိုယ်ရယ်၊ အဆုံးအစမရှိအောင် ချစ်တာ"

ဒီစကားနဲ့တင် ကျော်ဇလ အရည်ပျော်ပြီ။ လာထား . . အာဘွား။

"ရွတ်"

"အို! . ."

"ဟင့်! . ."

"ချစ်တယ်ကွာ"

"ကိုယ် မကောင်းဘူးကွာ"

ချစ်သူနှစ်ဦး သာယာငြိမ့်ညောင်းမိန်းမောနေကြစဉ် ရုတ်တရက်ဆိုသလို၊ ကားတစ်စီးလုံး ကဆုန်ပေါက်လျက်။

"ဒုန်း . . ဒုန်း . . ဒုန်း . . ဒုန်း"

"အုန်း . . အုန်း . . ဒုန်း . . ဒုန်း"

အသံတွေက ကားခေါင်မိုးပေါ်က လာနေတာ။ အနေအထားက ဖနောင့်နှင့်ပေါက်ပြီး ခုန်ပေါက်နေဟန်။

"ဘာ . . ဘာဖြစ်တာလဲ ကိုယ်"

ယုယခင် ကြောက်နေလေပြီ။

"မသိဘူး ချစ်၊ လာ . . ဆင်းကြည့်ရအောင်"

ကျော်ဇလလည်း လုံးဝကို နားမလည်နိုင်တော့။ ကားဆ ဘော်တော်လေးကို လှုပ်ခါနေတာ။ အသံတွေကလည်း ဆူညံမြဲ ဆူညံလျက်။ နှစ်ယောက်သား ကားပေါ်က ဆင်းကြည့်တော့ ဘာဆိုဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ မရှိတဲ့အပြင် ကားပါ ငြိမ်ကျသွား၏ ။

ကျော်ဇလနှင့် ယုယခင် တစ်ယောက်မျက်နှာ၊ တစ်ယောက် ကြည့်ပြီး စဉ်းစားလို့ မတတ်။ ထိုအခိုက် ကားနားမှ ဖြတ်လျှောက် သွားသည့် မိသားစုတစ်စုမှ ကလေးငယ်တစ်ယောက်က ကျော်ဇလ ကားကို လက်ညှိုးထိုးပြီး . .

"ဦး . . ဦး ကားပေါ်မှာ ထိုင်နေတယ် ထိုင်နေတယ်"

လို့ ပြောလည်းပြောပြီးနောက် ရှိုက်ကြီးတငင် ငိုကာ အော်ပါတော့၏ ။

"ဟီး ဟီး အား! . . ကြောက်တယ် . . သား ကြောက်တယ်"

"သား . . သားလေး . . အို! . . ဒုက္ခပါပဲ၊ မြန်မြန် သွားကြစမ်းပါဟဲ့။ ကလေးက ဘာတွေမြင်သွားလဲ မသိဘူး"

ကလေးရဲ့မိခင်က ကျော်ဇလကားကိုကြည့်ကာ သူ့ကလေးကိုလည်း မြန်မြန်ချီခေါ်ပြီး နေရာမှ အတင်းကို ထွက်ခွာသွားတော့၏ ။ ကလေး ဘာကိုမြင်သွားသလဲ။ နောက်ပြီး ကားပေါ်မှာ ထိုင်နေတယ်တဲ့။ ဒီကလေး ဘာကိုပြောသွားတာလဲ။

"ကိုယ် . . ချစ် Taxi နဲ့ပဲ ပြန်တော့မယ်နော်"

"ဟာ! . . ချစ် . . ချစ်နေဦးလေ"

ကျော်ဇလခမျာ ယုယခင်ကို တားလို့ပင် မမီတော့။ ယုယခင်လည်း Taxi တစ်စီး ခပ်မြန်မြန်ငှားပြီး ကြောက်ကြောက်လန့်လန့်နှင့် ပြန်သွားတော့ပြီ။

ဒီကားနဲ့ ဘယ်လိုစခန်းသွားရမလဲ။ ကျော်ဇလ မတွေးတတ်။ စိတ်ကိုတင်းပြီး ကားထဲပြန်ဝင်လိုက်တော့ နေရာအားလုံး



www.burmeseclassic.com

www.burmeseclassic.com





ပုံမှန်ပါပဲ။ ဘာဆိုဘာမှ မဖြစ်။

"သြော် . . လူတွေ၊ လူတွေ"

ကျော်ဗလ ကားစက်နှိုးပြီး ပြန်လာခဲ့တော့၏ ။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com







# NOTE (၇)

အိမ်ပြန်ရောက်သည်နှင့် ကားကို ဂိုဒေါင်ထဲထည့်ပြီး
ကျော်ဇလလည်း ရေမိုးချိုး၊ ညစာစားပြီး အိပ်ရာဝင်တော့ပြီ။ မည်မျှ
ကြာအောင် အိပ်ပျော်သွားသလဲ မသိ။ နားထဲ "တရူးရူး"နှင့် ကား
စက်နှိုးသံကြားတော့မှ ကျော်ဇလ မျက်လုံးဖွင့်ကြည့်လိုက်၏ ။ နာရီ
ကိုကြည့်လိုက်တော့ ည(၁၂:၀၀)နာရီတိတိ။

"ဘယ်အိမ်က ကားပါလိမ့်။ ညကြီးမိုးချုပ်၊ အချိန်မတော်
ကားစက်ထနှိုးနေတာ တောက်! . ."

ကျော်ဇလ ပြတင်းပေါက်ဖွင့်ပြီး အသံကိုနားထောင်ကြည့်





www.burmeseclassic.com

www.burmeseclassic.com





လိုက်တော့မှ–

"ဟာ! . . ဒါ . . ဒါ ငါ့ကားပဲ။ ဘယ်သူများ စက်နှိုးနေတာလဲ ဒယ်ဒီလား၊ ဒရိုင်ဘာ မောင်မိုးလား။ ဒယ်ဒီတော့ မဖြစ်နိုင်ဘူး။ ဒါတော့ ငါသိတယ်။ ဒရိုင်ဘာမောင်မိုးနေမှာ . . ဒီလူတော့ကွာ"

ကျော်ဇလ ကြိမ်းဝါးပြီး ဂိုဒေါင်ဘက် ဆင်းလာခဲ့လိုက်၏။ ဒရိုင်ဘာမောင်မိုး ဒင်း ဟုတ်လို့ကတော့ . . ဟင်း ဟင်း ဟင်း။

ကားဂိုဒေါင်ထဲရောက်တော့ ကျော်ဇလ အထင်နှင့်အမြင်က တခြားစီ။ ကားထဲမှာ ဘယ်သူမှ ရှိမနေ။ ဒါပေမယ့် ကားကတော့ စက်နှိုးလျက်သား။ နောက်ပြီး ရှေ့မီးကြီးတွေ၊ Silent မီးတွေလည်း အကုန် ဖွင့်ထားလျက်သား။

"ဝူး . . ဝူး . . ဝူး . . ဝူး"

ကျော်ဇလ ဝေခွဲလို့မတတ်။ လူလည်း တစ်ယောက်မှ ရှိနေပါပဲ ကားက ဘာလို့ စက်နှိုးထားပြီး မီးတွေလင်းနေရတာလဲ။

ထိုစဉ် –

"ရှပ် . . ရှပ် . . ရှပ်"

ခြေသံတစ်စုံ။ ဒါကို ကျော်ဇလ ကြားပြီးသား။ သူခိုးများလား။ ဂျိုင့်ထောက်ပိုက်ကို ကိုင်ပြီး ခြေသံလာရာဘက်သို့ ဦးတည်လိုက်၏ ။

"ဟာ! . . အမယ်လေး . . လန့်လိုက်တာ အကိုလေးရယ်"

ဒရိုင်ဘာ မောင်မိုး။ ဒီအချိန်ကြီးကျမှ ဒင်းက ဘာလုပ်နေတာလဲ။

www.burmeseclassic.com

www.burmeseclassic.com

## စေတန်

"ခင်ဗျား . . ဒီကားကို နှိုးထားတာလား ကိုမိုး"

ကျော်ဗလ လိုရင်းကိုသာ မေးလိုက်၏ ။ ဒရိုင်ဘာ မောင်မိုး ကလည်း ကျော်ဗလစကားကို နားမလည်စွာဖြင့်–

"အစ်ကိုလေးကလည်း . . လုပ်ပြီ . . ဒီကားကို အစ်ကိုလေး ပဲ နှိုးထားတာလေ"

"ဘာဗျ . ." ကျော်ဗလ အံ့ဩပြီး အသံပါ ကျယ်သွား လေ၏ ။

"ကျုပ် . . ကျုပ် နှိုးထားတာ ဟုတ်လား ကိုမိုး"

"ဟုတ်တယ်လေ ဗျာ . . လွန်ခဲ့တဲ့ တစ်နာရီလောက်က အစ်ကိုလေးပဲ။ ကားထဲထိုင်ပြီး စက်နှိုးနေတာ ကျွန်တော် အတွေ့ ပဲဟာ"

ဒီစကား . . ဒီစကား . . ဘာအဓိပ္ပါယ်လဲ။ သူ ခုနက အိပ်ရာက ထလာတာ . . အခု ဒရိုင်ဘာမောင်မိုးက ချက်ကျလက်ကျ ကိုပြောနေလေတော့။

"အဲဒါ . . ကျွန်တော်လည်း အစ်ကိုလေး . . ကားစမ်းနေ တာပဲဖြစ်မှာပါ"လို့ တွေးပြီး ပြန်အိပ်နေတာ။ အခု တစ်ရေးနိုးက တော့ အစ်ကိုလေး ဘာခိုင်းစရာရှိဦးမလဲလို့ လာမေးတာ"

ဒရိုင်ဘာမောင်မိုးရဲ့စကားတွေက လိမ်ဆင်တစ်ခုမှ မပါ မှန်း ကျော်ဗလ အကဲခတ်မိပြီးသား။ ဒါ . . ဒါ ဘာကြောင့်လဲ ဒရိုင်ဘာမောင်မိုးကို သူ အခုမှ ထလာတာပါလို့ ပြောလျှင်လည်း ယုံမှာ မဟုတ်။ ဒါဆို ဒီကားကို ဘယ်သူစက်နှိုးထားတာလဲ။

ကားတံခါးတွေ အကုန်လုံးကိုဖွင့်လို့ ပိတ်မို့ရတဲ့ ရီမုတ်



www.burmeseclassic.com

www.burmeseclassic.com





တာ သူ့ဆီမှာဆိုတာ ကျော်ဗလ မသိမဟုတ် သိပြီးသား။ ယခုကား တံခါးတွေကို စစ်ကြည့်တော့လည်း Lock ချလျက်သား။ သူ့ဆီမှာ ရှိတဲ့ ရီမုနဲ့ပဲ ကားတံခါးတွေကို ဖွင့်လို့ ပိတ်လို့ရတာ။ ကျော်ဗလ နားမလည်ပြီးရင်း နားမလည်စွာဖြင့်။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# NOTE (10)

"မင်းကားမှာ အလိုအလျောက် စက်နှိုးနိုင်တဲ့ System မပါဘူး ကျော်ဗလ။ ငါ အသေအချာ စစ်ဆေးပြီးသား"

ကျော်ဗလ ဘော်ဒါစိုင်ကြီးက ကားကိုစစ်ဆေးပြီး ပြောနေခြင်းဖြစ်၏ ။

"သေ . . သေချာရဲ့လား စိုင်ကြီးရယ်"

"ဟ! . . ငါ ကားပြင်သမား လုပ်လာတာ အံ့ခွနေပြီ ငါ့ကောင်ရ . . မသေချာဘဲ ပြောပါ့မလား။ ကားဆင်ဆာတွေအစ အခြားကားတွေလိုမျိုးပဲ ဘာမှ ထူးထူးဆန်းဆန်း မပါဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

စိုင်ကြီးက အပိုင်ကြီးကို ပြောနေတာ။ နောက်ဆုံး ကျော်ဗလလည်း လက်လျှော့ပြီး ကားပြန်ယူခဲ့ရတော့၏ ။ ကျော်ဗလ ညစ်နေပါပြီ။ စိတ်မပါစွာဖြင့် မောင်းလာရင်း တစ်နေရာရောက်သော် ကားမှာ တုန်ခနဲ ထိုးရပ်သွားတော့၏။

ဘာဖြစ်သွားမှန်း မသိ။ နောက်မှ သူ့ကားရပ်သွားသည့် နေရာကိုကြည့်လိုက်တော့ ရထားလမ်းအလယ်တည့်တည့်ကြီးမှာ။

"ဟာ! .. ဟေ့လူ ရထားလာနေပြီဗျ .. ကားကို ချက်ချင်း ရွှေ့တော့"

သံလမ်းပိတ်သည့်အစောင့်က လှမ်းအော်နေခြင်းဖြစ်၏ ။

"ပေါ .. ပီ .. ပေါ"

"တူ .. တူ .. တူ"

အဟုတ်မှ တကယ့်အဟုတ်ကြီး။ ရထားဥသြဆွဲသံကြီးက မရဏာသမင်းရဲ့ ရှေ့ပြေးတမန်တော်တွေအလား။

"ကားက တမင်ရပ်ထားတာ မဟုတ်ဘူး ပျက်သွားတာ"

ကျော်ဗလ ခမျာ သံလမ်းပိတ်တဲ့ အစောင့်ကို လှမ်းရှင်းပြ ရသေးသည်။

"ဟာ! .. ဒီလူတော့ သေတော့မှာပဲဟေ့ .. ငါ့လူတွေ လာကြဦးဟေ့"

အစောင့်က သူ့ရောင်းရင်း ဘော်ဒါတွေကိုခေါ် အကူအညီ တောင်းပြီး ကျော်ဗလကားကို ဝိုင်းရွှေ့ကြတော့၏ ။

"ပေါ .. ပီး .. ပေါ"

"ဘော် .. ဘူး .. ဘော်"



www.burmeseclassic.com

www.burmeseclassic.com

# ကားသရဲ



ရထားကလည်း အဆက်မပြတ်၊ ဥသြဆွဲလာနေတာ။ အခြားကားမှ ကားသမားတွေပါ ဝိုင်းအုံလာကြပြီး ကားကို ကူတွန်းပေးကြသည်။

"တစ် နှစ် သုံး တွန်းကြပါဟ"

"အား . . အီး . . အွန့်"

"ဟေ့လူ . . ဂီယာချိန်းပြီး လီဗာကို နင်းတော့"

တစ်ယောက်က လှမ်းအော်သည်။ ကျော်ဗလလည်း ဂီယာချိန်းပြီး လီဗာကိုနင်းကြည့်တော့ ဒါလည်း ကားကမရွေ့။ တုတ်တုတ်မှကို မလှုပ်တာဆိုလျှင် ပိုမှန်လိမ့်မည်။

"တွန်းဟေ့ . . တွန်းဟ . . ရထားက နီးလာနေပြီ"

"ဟာ . . ဟေ့လူ၊ ဘရိတ်ကြီး မနင်းထားနဲ့လေဗျာ"

တစ်ယောက်က ကျော်ဗလ ဘရိတ်နင်းထားသဖြင့် တွန်းရကြောင်း လှမ်းအော်ပြန်၏ ။ ကျော်ဗလ ကိုယ့်ခြေထောက် ကိုယ်ပြန်ကြည့်တော့ ဘရိတ်ကို လုံးဝ မနင်းထား။ ဒါကို နောက်က လူတွေက ဘရိတ်နင်းထားသည်ဆိုပြီး အော်နေကြလေတော့။

"ကျုပ် ဘရိတ် လုံးဝ မနင်းထားဘူး . . လီဗာကိုပဲ နင်းထားတာ"

"ခင်ဗျား ဘရိတ် မနင်းထားရင် နောက်မီးခွက် ဘရိတ်မီးလင်းမလားဗျ . . အူကြောင်ကျားပဲ"

ဒီလူတွေက အပိုင်ကြီးကို ပြောနေတာ။ ယခုအချိန်အထိ ကားကလည်း လုံးဝ မရွေ့သေး။ ရထားကလည်း နီးသထက် နီးလာနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

"မြတ်စွာဘုရား . . ကယ်တော်မူပါ"

ကျော်ဗလ ဘုရားတမိပြီ။

"ဗူး . . ဗူး . . ဗူး"

ကံကောင်းပေစွ။ ကားစက်နှိုးလို့ ရသွားချေ၏ ။

"ဝေါ . . ဝေါ"

"ဗူး . . ဗူး"

ကားက တစ်ရှိန်ထိုး မောင်းထွက်သွားလေတော့ . .

"ဒီလူ ဘယ်လိုလူလဲဟ . . ကားနှိုးလို့ရသွားတာတောင် ကျေးဇူးတင်စကား တစ်ခွန်းမှ ပြောမသွားဘူး"

"ကူညီရကျိုး နပ်ပါ့ကွာ"

စောစောက ကူညီပေးခဲ့တဲ့ လူများ မကျေမချမ်းဖြင့် ကျော်… ဗလကို ဝိုင်းပြီး အပြစ်တင်ရှုတ်ချကြတော့၏ ။ ဒါကို ကျော်ဗလ… ကြားနိုင်လိမ့်မည်တော့ မဟုတ်။ ကျော်ဗလခမျာလည်း တစ်ဒုက္ခ…

ဘရိတ်ကို နင်းထားတော့ ကားက မောင်းထွက်သွားပြီ… လီဗာကို နင်းထားတော့ ဘရိတ်နင်းထားသလိုမျိုး၊ တုတ်တုတ်မှ… မလှုပ်။ ယခုလည်း ကားဘရိတ်ကို တရစပ် နင်းထားတာတောင်… ကားက လုံးဝရပ်မရ။ ဘရိတ်များ ပေါက်သလား။ ဟိုလူတွေ… အားနာလှပေစွ။

တော်တော်လေး ကြာတော့မှ ကားက သူ့အလိုလို ရပ်တ… သွား၏ ။ ဒါပေမယ့် စက်ကတော့ မသေသေး။ ကျော်ဗလသည်… မဝံ့မရဲနှင့် လီဗာကို နင်းကြည့်လိုက်တော့ –

"ဗူး"ခနဲ ကားက ရှေ့ရောက်သွားပြီ။ ဘရိတ်ဖမ်းကြည့်…



www.burmeseclassic.com

www.burmeseclassic.com





လိုက်သောအခါ . .

"ကျွီ"ခနဲ ရပ်တန့်သွားတော့၏ ။

ကျော်ဗလတစ်ယောက် မကြုံဘူးတာတွေ ကြုံနေရပြီး တော်တော်လေး တုန်လှုပ်နေလျက်။ ထူးဆန်းလှပေစွ။ ထူးပေစွ။

⌘ ⌘ ⌘

ကျော်ဗလ ယခုလက်ရှိ ရောက်နေသည့် နေရာကတော့ ချစ်သူယုယခင်ခြံရှေ့မှာ ဖြစ်၏ ။

"တီ . . တီ" ကားဟွန်းသံပေးလိုက်တော့ ခြံစောင့်က တံခါးလာဖွင့်ပေးသည်။

"ယုယ ရှိလား"

"ဟုတ်ကဲ့ . . ရှိပါတယ်"

ကျော်ဗလ ဒီအိမ်ကို တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်သွားလာနိုင်ပြီးသား။ ယုယခင်အဖေနှင့် ကျော်ဗလဖခင်က လုပ်ငန်းတူ စီးပွားရေး ပါတနာတွေပါ။ ဟိုဘက်အိမ်၊ ဒီဘက်အိမ် ရွှေလမ်းငွေလမ်းဖောက်ထားပြီးသား။

ကားကို ဆင်ဝင်အောက်မှာ ရပ်ပြီး ဧည့်ခန်းထဲ ထိုင်ကာ ချစ်သူကို စောင့်နေလိုက်၏ ။

"အစ်ကိုလေး . . ခဏစောင့်ပါနော်"

ကျော်ဗလ ခေါင်းညိတ်ပြလိုက်၏ ။ မကြာပါ ယုယခင် အိမ်အပေါ်ထပ်မှ ဆင်းလာပြီး ကျော်ဗလကိုတွေ့လိုက်တော့ –

"ကို . . ရောက်နေတာ ကြာပြီလား"ဟု မေးလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

“မကြာသေးဘူး ချစ် . . ခုနကမှ ရောက်လာတာ”ဆိုပြီး ယုယခင် အမေးကို ကျော်ဇလ ပြုံးပြလျက် ပြန်ဖြေလိုက်၏ ။

“မောင်တောင် မောင်တော့မယ် ကိုယ်ရယ်၊ အရေးကြီး ကိစ္စ ရှိလို့လားဟင်! . .”

“ဘယ်လိုပြောရမလဲ . . ချစ်ရယ်၊ ကိုယ့်ကားနဲ့ ပတ်သက်ပြီး . .”

“ဘယ် . . ဘယ်လို ကိုယ် . . ဘာ . . ဘာပြောလိုက်တယ်။ ကိုယ့်ရဲ့ကား ဟုတ်လား”

ကျော်ဇလ စကားပင် မဆုံးသေးပါ။ ယုယခင် မျက်နှာ ချက်ချင်း ဖြူဖပ်ဖြူရော် ဖြစ်သွားလျက်။ ကျော်ဇလရဲ့ကားကို တော်တော်လေးလည်း တုန်လှုပ်နေပုံရ၏ ။

“ချစ် . . ချစ် . . ဘာဖြစ်လို့လဲ ဟင်! . .”

“ကို . . ကို . . အခုစီးလာတဲ့ကားက ဟို . . ဟိုကားလား”

ကျော်ဇလ ခေါင်းညိတ်ပြလိုက်၏ ။ ယုယခင် မျက်လုံးပါ ပြူးပြီး အာခေါင်တွေပါ ခြောက်လာနေပြီ။ ထိုအချိန်မှာပင် ယုယခင်ရဲ့အဖေ ပြန်ရောက်လာတော့၏ ။

“မောင်ကျော်ဇလ . . ရောက်နေတာ ကြာပြီလားကွယ်”

“စောစောကမှ ရောက်ပါတယ် . . အန်ကယ်၊ ကျွန်တော်လည်း ဒီမရောက်တာကြာလို့ပါ”

ကျော်ဇလ လှည့်ပတ်ပြီး ရှီးချလိုက်ရ၏ ။ ဒီဘိုးတော် ပြန်လာတော့မှ ခုနက ယုယခင်နှင့် သူပြောနေတဲ့ စကားပြတ်သွားလေ၏ ။ ကျော်ဇလစိတ်ထဲ ယောက္ခမကြီးကို ကျေးဇူးတင်မိနေခြင်း။



www.burmeseclassic.com

www.burmeseclassic.com

# ကားသရဲ



"အော် . . မောင်ကျော်ဗလ၊ မင်းနှယ်ကွာ . . ဧည့်သည်ကိုပါ ခေါ်လေ။ ဘယ်နှယ့် ကားပေါ်မှာ ထားခဲ့ရတယ်လို့"

သူ့ယောက္ခမကြီး ဘာကိုပြောနေတာပါလိမ့်။ ကျော်ဗလ နားမလည်သလို ဖြစ်သွားကာ–

"ဘာ . . ဘာကို ဆိုလိုတာလဲ . . အန်ကယ်၊ ဘယ် . . ဘယ်က ဧည့်သည်လဲ ခင်ဗျာ"

"ရော် . . ခက်ချေပြီ။ မင်းကားပေါ်မှာ ပါတဲ့သူကို ပြောတာလေကွာ။ သူ့ခမျာ ကားထဲ ငုတ်တုတ်ကြီး"

ဒီတစ်ခါ ကျော်ဗလရင်ဝကို အမျိုးအမည်မသိတဲ့ အလုံးကြီး ပစ်ဆောင့်သလို၊ ခံစားလိုက်ရပြီး ခြေဖျား၊ လက်ဖျားတွေပင် အေးလာနေပါပြီ။ သူ ဒီကိုလာတာ တစ်ယောက်ထဲပါ။ ဒါကို သူ အသိဆုံး။ ယခု သူ့ယောက္ခမကြီးက ကားပေါ်ကလူကိုပါ ခေါ်လေကွာဆိုတော့ . .။

ကျော်ဗလနှင့် ယုယခင် တစ်ယောက်မျက်နှာ၊ တစ်ယောက် ကြည့်နေကြလျက်။

"ဟော့ . . မောင်ကျော်ဗလ။ အန်ကယ်ပြောတာ ကြားရဲ့မဟုတ်လား . . မင်း ကားထဲက ဧည့်သည်ကို သွားခေါ်လေကွယ်"

"ဟုတ် . . ဟုတ်ကဲ့ . . အန်ကယ် . . ကျွန် . . ကျွန်တော် . . သွား . . သွားခေါ်လိုက်ပါ့ .. မယ်"

ကျော်ဗလ စကားတွေက အထစ်ထစ်၊ အငေါ့ငေါ့၊ အန်ကယ့် အတိုင်းပြောပြီး ကျွန်တော့်ကားပေါ်မှာ ဘယ်သူမှ မပါပါဘူး ပြောချင်လည်း အဘိုးကြီးက သူကိုယ်တိုင် တွေ့လာခဲ့တာဆိုတော့။



www.burmeseclassic.com

www.burmeseclassic.com



# စောင်

ကျော်ဗလ နေရာမှထပြီး ကားဆီ ဖြည်းဖြည်းချင်း လျှောက်လှမ်းလာခဲ့လိုက်၏ ။ ခြေလှမ်းတိုင်းက အသက် လုံးဝ မပါ။ ယုယခင်လည်း ကျော်ဗလအနောက်မှာ ပါလာပြီးသား။

ကားနားရောက်ခါနီး ကျော်ဗလ လှမ်းကြည့်လိုက်တော့ အဘိုးကြီးပြောတဲ့အတိုင်း သူ့ကားပေါ်မှာ ထိုင်နေသည့် လူတစ်ယောက်။ ယောကျ်ား၊ မိန်းမမှန်း ကျော်ဗလ သေချာမခွဲခြားတတ်။

"ကို . . ချစ်အိမ်လာတုန်းက အဖော်ပါလာလို့လား ဟင်"

တီးတိုးညင်သာစွာဖြင့် နှစ်ကိုယ်ကြားမေးလေတော့ . .

"မပါဘူး . . ချစ်၊ ကိုယ် တစ်ယောက်တည်းပဲ လာတာ . . ဒါ . . ဒါက"

ကျော်ဗလ အသံ လုံးဝ မထွက်လာတော့ပေ။ ကားအနားရောက်လာလေ . . ကျော်ဗလ ရင်ခုန်သံတွေ မြန်လာလေ။ ကားထဲမှာလည်း တကယ့်ငုတ်တုတ်ကြီးမှ ငုတ်တုတ်ကြီး။ မတတ်နိုင် . . ကျော်ဗလ ကားတံခါးကို အရဲကိုးပြီး ဖွင့်လိုက်တော့ . .

"ဂျောက်"

"ဟာ! . ."

ကျော်ဗလ ပါးစပ် အဟောင်းသား ဖြစ်သွားပြီ။

ကားထဲမှာ ဘာဆိုဘာမှ မရှိ။ ကျော်ဗလတင် မဟုတ်။ ယုယခင်ပါ အံ့ဩတုန်လှုပ်နေ၏ ။ စောစောက သူတို့မျက်လုံးတော နှင့် အသေအချာကို တွေ့နေရသည့် လူတစ်ယောက် ထိုင်နေတဲ့ မြင်ကွင်း။ ကားတံခါးလည်း ဖွင့်ကြည့်ပြီး မရှိဆိုတော့ . .။

ကျော်ဗလ တုန်လှုပ် ချောက်ချားနေပါပြီ။ သူ့ စိတ္တဇ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com





နေပြီလား။ ကိုယ့်ကိုကိုယ် ပြန်မေး၏ ။ ရှက်စိတ်၊ ကြောက်စိတ်တွေ ရောနှောနေကာ ကားပေါ်ပြန်တက်ပြီး ဒရကြမ်း မောင်းထွက်လာလိုက်တော့၏ ။

"ကို . . ကို . . နေဦးလေ"

ယုယခင် လှမ်းတားတာတောင် မမှီလိုက်။

⌘ ⌘ ⌘

"ဂျိ"

ကားဘရိတ်အုပ်လိုက်သံက တော်တော်လေး ကျယ်လောင်လှ၏ ။ ကျော်ဇလစိတ်ထဲ ဒီကားကို (ဆိုက်ကို)ဝင်နေမိပြီ။ နောက်ပြီး ဒီကားထဲဝင်ထိုင်ပြီး မောင်းနှင်တော့မည်ဆိုပါက အမည်ဖော်ပြလို့မရသည့် စိတ်ခံစားမှုအာရုံလှိုင်းတစ်ခုကိုပါ ကျော်ဇလ ရနေ၏။

ယခု ဒီကားကို ဆက်မောင်းချင်စိတ် မရှိတော့။ ဒါကြောင့်လမ်းဘေးတစ်နေရာမှာ ထိုးရပ်လိုက်ပြီး တစ်ခါမှ မသောက်ဖူးတဲ့ဆေးကရက်ကို မီးညှိဖွာရှိုက်နေလိုက်တော့၏ ။

"Hey, You no understand"

(ဟေ့လူ မင်း နားမလည်ဘူးလား)

"အဟွတ် . . အဟွတ်"

ကျော်ဇလ သောက်လက်စဆေးလိပ်သီးပြီး ချောင်းပါ ဆိုးသွားသည်။ အသံ . . ။ ဟုတ်သည်၊ ကားနောက်ခန်းထဲမှ ထွက်ပေါ်လာသည့် အသံ။ ဒါကို သူ ပီပီသသကြီးကို ကြားလိုက်ရတာ။ ဒါတဲ့ . . မင်း နားမလည်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



# စေတန်

ဘုရား . . ဘုရား။

အင်္ဂလိပ်လို ပြောသွားတာ။

ကျော်ဇလ ကားနောက်ခန်းထဲ လှည့်ကြည့်လိုက်တော့ ဘာမှမရှိ။ ကားထဲလည်း မီးအကုန်ဖွင့်ပြီးသား။

"Why ? . . Your car stopped . . Go . . Go"

"Help me . . Help me"

(ကယ်ကြပါဦး . . ကယ်ကြပါဦး)

ဒီတစ်ခါ ရှင်းရှင်းလင်းလင်းကြီးကို ကျော်ဇလ ကြားလိုက်ရတာပါ။ အသံတွေက လုံးဝ ခက်ထန်မာကြောလွန်းလှသည့် အသံမျိုးတွေ။

အသံတွေသာ ကြားနေရ၏။ နောက်လှည့်ကြည့်တော့လည်း ဘာဆို ဘာမှကို မတွေ့။ အမှတ်မထင် နောက်ကြည့်မှန်ဆီ ကျော်ဇလ အကြည့်တစ်ချက်ရောက်သွားတော့ . .

"ဟာ! . ."

ကျော်ဇလ ပါးစပ်ပါ ဟောင်းလောင်း၊ မျက်လုံးပါ ပြူးပြီး ခေါင်းမွေးတွေပါ ထောင်ကုန်တော့၏။

နောက်ကြည့်မှန်ထဲမှာ မြင်တွေ့နေရသည့် အရာများက . . ကျော်ဇလအဖို့ ဖော်ပြလို့တောင် မတတ်တော့။

မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက် ဘေးတစ်ဘက်စီမှာ ထိုင်နေကြပြီး သူတို့နှစ်ဦးရဲ့ အလယ်မှာတော့ဖြင့် ပိတ်ဖြူ အုပ်ထားသည့် မလှုပ်မယှက် ခန္ဓာကိုယ်တစ်ခု။

ဟိုမိန်းမနှင့် ယောကျ်ားပုံစံမှာလည်း မျက်နှာ ဖြူဖပ်ဖြူ

www.burmeseclassic.com

www.burmeseclassic.com





တွေနှင့်။ မြန်မာလူမျိုးတွေ ဟုတ်ပုံမပေါ်။ ဒါကို ကျော်ဇလ သိလိုက်ပြီ။ အမျိုးသမီးက ကျော်ဇလကို စိတ်ဆိုးစွာဖြင့် လက်ညှိုးထိုးပြီး ကားကို မောင်းခိုင်းနေခြင်းပင်။ ကျော်ဇလ တစ်ကိုယ်လုံး ချွေးတွေရွှဲနေပြီ။

ဒီကြားထဲ ဘယ်လိုအနံ့ကြီးမှန်းလဲ မသိ။ တစ်ချက်တစ်ချက် ကားထဲ ပျံ့လွင့်လာရာ ကျော်ဇလခမျာ အော်ဂလီဆန်ပြီး ပို၍ ချင် အန်ချင်လာ၏။

ဒါ . . ဒါ ဆေးရုံဆေးခန်းတွေမှာသုံးတဲ့ ပိုးသတ်ဆေးနံ့။ ဟုတ်တယ် . . ဒါ ပိုးသတ်ဆေးနံ့ကြီး။ ကျော်ဇလ သိသွား၏။

ချက်ချင်း နောက်ကြည့်မှန်မှ အကြည့်လွှဲပြီး ကားနောက်ခန်းထဲ ကြည့်လိုက်ပြန်တော့လည်း ဘာမှမတွေ့ရ။ အားလုံး အေးဆေး။ နောက်ကြည့်မှန်ကို ပြန်ကြည့်ပြန်တော့ စောစောကအတိုင်း မြင်ကွင်းဆိုးကြီး။

ကျော်ဇလ ကြည့်နေရင်းမှ အလယ်မှာ ပိတ်ဖြူအုပ်ထားသည့် ခန္ဓာကိုယ်မှာ မသိမသာ လှုပ်ရှားသွားသည်ကို ကျော်ဇလ တွေ့မြင်လိုက်ရ၏။ ကြည့်ရတာ . . အလားအလာ မကောင်းတော့။ ကျော်ဇလစိတ်ထဲ ဒါကြီးက Dead Body အလောင်းကြီးများလား ဟု တွေးလိုက်မိ၏။

နောက်ကြည့်မှန်ကို တစ်လှည့်၊ ကားနောက်ခန်းထဲ တစ်လှည့် ကြည့်ရင်း ကျော်ဇလ ထွက်ပေါက်ရှာနေလေပြီ။

"Drive . . Drive"

(မောင်း . . မောင်း)



www.burmeseclassic.com

www.burmeseclassic.com



# ဧတန်

"ဒုန်း . . ဒုန်း . . ဒုန်း"

ကားမောင်းခိုင်းတဲ့အသံတွေ၊ ကားတစ်စီးလုံး 'တဒုန်းဒုန်း' နှင့် ဆူညံပွက်လောရိုက်နေတဲ့ အသံတွေ။ နောက်ကြည့်မှန်ထဲမှာ မြင်တွေ့နေရသည့် မြင်ကွင်းတွေ။ ဒါတွေကိုကြည့်ပြီး ကျော်ဗလ တစ်ယောက်။

"အား! . ."ခနဲ အော်ပြီး ပြေးလာတော့၏ ။ နောက်ကို ပြန်တောင် လှည့်မကြည့်နိုင်တော့။ ကျော်ဗလ အော်ပြေးပြီး နောက် ကားလည်း အတွင်းမီးတွေကော Silent မီးတွေပါ အလိုလို ပိတ် သွားလျက်၊ ဘာအသံမှ မကြားတော့လောက်အောင် တိတ်ဆိတ် ငြိမ်သက်သွားလေတော့၏ ။

⌘ ⌘ ⌘

ညက ကျော်ဗလတစ်ယောက်။ အိမ်ကို ဘယ်လိုဘယ်ပုံ ပြန်ရောက်လာသလဲ မသိ။ ဖခင်က Breakfast စားဖို့ လာနှိုးတော့ မှ အိပ်မှုန်စုန်မွှားဖြင့် ထလာပြီး မျက်နှာသစ်၊ သွားတိုက်၊ ရေမိုးချိုး ပြီး အောက်ဆင်းလာခဲ့လိုက်၏ ။

"ညက သားပြန်လာတာ မိုးချုပ်တယ်နော်"

ဖခင်ဦးအောင်ကြီးက ကော်ဖီခွက်ကမ်းပေးရင်း မေးလေ တော့–

"ဟုတ်တယ် . . ဒယ်ဒီ၊ မနေ့က ကျွန်တော့်ကားပျက် တာနဲ့ ဝပ်ရှော့သွားပို့ရင်း အပြန် မိုးချုပ်သွားတာပါ"ဟု ကျော်ဗလ အဖြေကြောင့် ဦးအောင်ကြီးဇဝေဇဝါဖြစ်သွား၏။

www.burmeseclassic.com

# ကားသရဲ



"မင်း နေများမကောင်းဘူးလား ငါ့သား"

"ဗျာ! . . ဒယ်ဒီ ဘာကိုဆိုလိုတာလဲ"

"မင်းပြောတော့ မနေ့က ကားပျက်လို့ ဝပ်ရှော့ပို့ထားရတယ်ဟုတ်လား"

"ဟုတ်တယ်လေ . . ဒယ်ဒီရဲ့"

"အဲဒါကြောင့် ပြောတာ . . မင်း နေမကောင်းဘူးလားလို့"

Father ရဲ့စကားက ဘာကိုဆိုလိုနေတာလဲ။ ကျော်ဗလ မစဉ်းစားတတ်။ လိုရင်းကို ဒဲ့မပေါက်နိုင်ဖြစ်နေ၏။

"ညတုန်းက မင်းပဲ ကားမောင်းလာတာလေ။ ငါတောင် ထကြည့်မိလိုက်သေးတယ်"

"ဗျာ . . ဗျာ. . ညက ကျွန်တော်ကားမောင်းပြီး ပြန်လာတာဟုတ်လား ဒယ်ဒီ . . ဒါ . . ဒါဆို . . ကား . . ကားက"

"ရော် . . ဒီကောင်နဲ့ ကားကဂိုဒေါင်ထဲမှာပေါ့ကွ"

မဖြစ်နိုင်ဘူး . . ဒါလုံးဝ မဖြစ်နိုင်တဲ့ကိစ္စ။ ကားကို ထားခဲ့ပြီး ညက သူကိုယ်တိုင် ထွက်ပြေးလာခဲ့တာ။ အခု သူ့ဒယ်ဒီ ပြောပုံအရ ကားကို သူမောင်းလာသည်ဆိုတော့။

ကျော်ဗလ ကားဂိုဒေါင်ဘက် ချက်ချင်းပြေးထွက်သွား၏။ ဂိုဒေါင်တံခါးကို ဖွင့်ကြည့်လိုက်တော့ ကိုယ့်မျက်လုံးတောင် ကိုယ်မယုံနိုင်။ သူ့အဖေပြောသလို ကားက ဂိုဒေါင်ထဲမှာ . . ခန့်ခန့်ကြီး ပြန်ရောက်နေလျက်သား။ ဒါဆို ဒီကားကို ဘယ်သူမောင်းလာသလဲ။

"ဟာ! . . ကားဘီးတွေ လေလျှော့ထားပါလား"

ကျော်ဗလ ကားကို စစ်ဆေးကြည့်ပြန်တော့ ဘီးလေးဘီး

www.burmeseclassic.com

www.burmeseclassic.com



စလုံး လေများလွှော့နေလျက်။ သေချာပြီ . . ဒီကား . . ဒီကား။

ကျော်ဇလ ဂိုဒေါင်ကို သော့အသေပိတ်ခဲ့ပြီး အပြင်သို့ အမြန်ဆုံး ထွက်လာခဲ့လိုက်၏ ။

⌘ ⌘ ⌘

"ဟောဒါက ကိုမင်းထက်၊ သူက မင်းကားကို ကြိုက်လို့တဲ့။ ဝယ်မလို့ . . အဲဒါ မင်းရောင်းနိုင်မလား ကျော်ဇလ"

ဒီစကားပြောလာသူက စိုင်ကြီး။

"ခင်ဗျားက ကျုပ်ကားကို ဘာကြောင့် ဝယ်ချင်ရတာလဲ ကိုမင်းထက်"

စိုင်ကြီး မိတ်ဆက်ပေးသည့် ကိုမင်းထက်ဆိုသူက–

"ကိုကျော်ဇလ ကားရဲ့ဖွဲ့စည်းပုံ System နဲ့ ကိုစိုင်ကြီး သင်ပေးထားတဲ့ လက်ရာတွေကြောင့် ကျွန်တော် ခင်ဗျားရဲ့ကားကို ကြိုက်တာပါ"ဟု ရှင်းပြလေ၏ ။

"စဉ်းစားပါဦး . . ကိုမင်းထက်ရာ။ ခင်ဗျား ကျုပ်ကား အကြောင်း ဘယ်လောက်သိလို့လဲ"

"ကိုကျော်ဇလ . . ဘာကို ဆိုလိုတာလဲ မသိဘူး"

ကျော်ဇလ သူ့စကား သူ မရှင်းပြတတ်။ သေချာတာ တော့ သူ ဒီကားကို တခြားသူအား မရောင်းချင်တာပဲ သိတယ်။ ဒါကလည်း သူ့စေတနာပါ။

"ဒီလိုလုပ်ဗျာ . . ကျွန်တော် စဉ်းစားဦးမယ်။ ပြီးရင် စိုင်ကြီးက တဆင့် အကြောင်းပြန်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com





"Ok ကိုကျော်ဗလ၊ Thanks ပါပဲ။ ခင်ဗျား လိုချင်တဲ့ ဈေး ကျွန်တော်ပေးပါ့မယ်"

ကားဝယ်ရောင်းကိစ္စ ဆွေးနွေးပြီးနောက် ကိုမင်းထက်ဆိုသူ ပြန်သွားလေ၏။

"စိုင်ကြီး . . မင်းကိုငါ အကူအညီတစ်ခု တောင်းချင်တယ်ကွာ"

"ပြော . . သယ်ရင်း၊ ငါ ဘာလုပ်ပေးရမလဲ"

"မင်းက ကားနဲ့ပတ်သက်လာရင် ဖိုက်တာကျတော့ ငါ့ကားရဲ့ အကြောင်းနဲ့ ဇာစ်မြစ်ကို တစ်ချက်စုံစမ်းပေးကွာ"

"သိပ်ရတာပေါ့ကွာ . . စိတ်ချ"

ကျော်ဗလတစ်ယောက် ယခုအချိန်မှစပြီး လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ဆောင်ရတော့မည်။

⌘ ⌘ ⌘

www.burmeseclassic.com

www.burmeseclassic.com



# စေတန်

စိုင်ကြီးဆီမှ ရရှိလာသည့် သူ့ကားရဲ့အချက်အလက်တွေက ကြောက်စရာ၊ ချောက်ချားစရာ ကောင်းလွန်းလှပေ၏။ စိုင်ကြီးက Internet မှာရော ကားရဲ့မူလနိုင်ငံ ဂျပန်မှာပါ စုံစမ်းကြည့်လိုက်တော့ . .

ဖြည့်စွက်ချက်။ ။ ဂျပန်နိုင်ငံမှာ စိုင်ကြီး အစ်ကိုတစ်ဝမ်းကွဲရှိလေ၏ ။

"မင်းကားက ငါ ဘယ်လိုပြောရမလဲ ကျော်ဖေလရာ"

စိုင်ကြီး ပြောမထွက်တော့ပါ။ ဒါပေမယ့်လည်း ကျော်ဖေက



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ သိနေသလိုလို။

"ပြောမှာသာ ပြောစမ်းပါကွာ"

"အဲဒီကားက နာရေးကား။ တစ်နည်းအားဖြင့် နိဗ္ဗာန်ယာဉ်ပေါ့ကွာ။ အဲဒီလို အသုံးပြုခဲ့တဲ့ကားကွ။ ဒါကို သေချာပြင်ဆင်ပြီး ငါတို့နိုင်ငံထဲ ရောင်းထုတ်လိုက်တာတဲ့"

ကျော်ဗလ ထင်သည့် အတိုင်းပါပဲ။ တကယ့်မှ ဆိုးဆိုးဝါးဝါးကြီးပါ။ သူ ဘာ ဆက်လုပ်ရတော့မည်နည်း။ စိုင်ကြီးကို အကြံဉာဏ် တောင်းကြည့်တော့ –

"ဘုန်းကြီးပင့်ပြီး ပရိတ်ရွတ်ကြည့်ကွာ"ဟုပြောလေရာ ကျော်ဗလလည်း ခေါင်းညိတ်လိုက်ရတော့၏ ။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

ဖခင် ဦးအောင်ကြီး ခွင့်ပြုချက်နှင့် ကျော်ဇလတစ်ယောက် ဘုန်းကြီးပင့်ပြီး ကားကို ပရိတ်ရွတ်ဖို့ စီစဉ်ရတော့၏။ သူ့အဖေကို တော့ဖြင့်–

"အန္တရာယ်ကင်း၊ ဘေးရှင်းဖို့နှင့် ကားဝယ်တဲ့သူတိုင်း ကားကို ပရိတ်ရွတ်ထားပြီး မောင်းတော့ ကားသန့်ရှင်းတာပေါ့"ဟူသည့် အကြောင်းပြချက် ပြထားရ၏ ။

ပရိတ်ရွတ်သည့်နေ့မှာ ထူးခြားချက်က ကားရှေ့မီးသီးတွေ



www.burmeseclassic.com

www.burmeseclassic.com





လင်းပြီး Alarm တွေ သူ့အလိုလို ထအော်လေ၏။ အဲဒီဖြစ်ရပ်ကို ကြည့်ပြီး ကျော်ဇလ တုန်လှုပ်မိသွားသေး၏။ ကားကို ပရိတ်ရွတ်ပြီး တစ်ရက်ကြာသည်အထိ ဘာမှ ထူးခြားမှု မရှိ။

ကိုမင်းထက်ဆိုသူကလည်း စိုင်ကြီးနှင့်အတူ ကျော်ဇလ အိမ်အထိ လိုက်လာကာ ကားကို လာရောက် ကြည့်ရှုလေ၏။ ဒီလူ့ကိုကြည့်ရတာ အဲဒီကားကို တော်တော် Crazy ဖြစ်နေပုံရ၏။

ကျော်ဇလက သူ့ကားရဲ့ ရာဇဝင်သမိုင်းကြောင်းနှင့် သူကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်များကို ပြောပြတော့ . .။

"ကျွန်တော် အဲဒါတွေ အယုံအကြည် မရှိဘူး . . ကိုကျော်ဇလ"ဟု သူက အေးအေးဆေးဆေးပင် ပြန်ဖြေလိုက်၏ ။

"ကိုင်း . . ဒါဖြင့် ဒီလိုလုပ်ဗျာ . . ကျွန်တော် ဒီကားကို မရောင်းခင် ခင်ဗျား သုံးရက်လောက် စမ်းမောင်းကြည့်ဗျာ။ ကျွန်တော့်ကားကို ခင်ဗျားဆီ ခဏပေးထားမယ် ဘယ်လိုလဲ"

ကျော်ဇလ ပြောသည့် အစီအစဉ်ကို စိုင်ကြီးကလည်း သဘောတူ၏။ ကိုမင်းထက်က –

"အဲဒါလည်း မဆိုးပါဘူး။ ကိုင်း . . ကြာပါတယ်ဗျာ . . ကျွန်တော် အခုပဲ ဒီကားကို ယူသွားတော့မယ်"

တားမရ၊ ဆီးမရမို့ ကျော်ဇလလည်း ကားသော့ကို သူ့လက်ထဲထည့်ပေးလိုက်တော့၏ ။ ကိုမင်းထက်ခမျာ သူလိုချင်တာ ရသွားသဖြင့် အလွန် ပျော်ရွှင်နေလေ၏။

"အခုလို ယုံယုံကြည်ကြည်နဲ့ ခဏပေးထားလို့ ခင်ဗျားကို ကျေးဇူးတင်ပါတယ် . . ကိုကျော်ဇလ။ သုံးရက်ပြည့်ရင် ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲ ကားပြန်ရောက်စေရပါ့မယ်"

"ကျွန်တော် ယုံပါတယ် . . ကိုမင်းထက်၊ ယုံလို့လည်း ခင်ဗျားကို ပေးလိုက်တာပေါ့"

ဤသို့ဖြင့် ကိုမင်းထက်လည်း ကားကိုယူပြီး စိုင်ကြီးကိုပါ ခေါ်ကာ ပြန်သွားတော့၏။ ကျော်ဇလခမျာ မျက်ခုံးကတော့ ခပ်လှုပ်လှုပ်ရယ်ပါ။

ပထမတစ်ရက် – အားလုံး အိုကေသည်ဟု ကိုမင်းထက်က ဖုန်းဆက်ပြောလာ၏ ။

ဒုတိယတစ်ရက် – ကားကို သူ အတော့်လေး ကြိုက်ကြောင်း၊ မောင်းရတာ အဆင်ပြေကြောင်း။ သူ ဝယ်မည်ဆိုသည့်အကြောင်း ဖုန်းဆက်ပြောလာပြန်၏ ။

ကျော်ဇလစိတ်ထဲ ဟုတ်လှချည်လားပေါ့ တွေးကောင်းနေတုန်း။

တတိယတစ်ရက် – ကိုမင်းထက် ကားစမ်းမောင်းရင်း ကားချင်းတိုက်မိသည့် သတင်း၊ ကျော်ဇလထံ ရောက်ရှိလာ၏ ။ တစ်ဖက်က ကားမှာ ကွန်တိန်နာ (၂၂)ဘီးကားကြီးဖြစ်၍ နေရာမှာတင် ကိုမင်းထက်တစ်ယောက် ပွဲချင်းပြီး ဆုံးပါးသွားလေ၏ ။

ကားလည်း ရစရာမရှိအောင်ကို ပျက်စီးသွားပြီး ဘယ်လိုမှကို ပြန်ပြင်လို့ မရနိုင်တော့။ ကားက ကျော်ဇလကားဆိုတော့ အမှုအခင်းတော့ ရင်ဆိုင်ရသေး၏ ။

ကိစ္စများ အားလုံး ဖြေရှင်းပြီးနောက် ကျော်ဇလလည်း ဒီကားကို ပြန်မပြင်ချင်တော့။ ပြင်လို့ကလည်း ရမည်မဟုတ်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံး ဒီမကောင်းဆိုးဝါးကားကို ပို့ရမည့်နေရာ တစ်နေရာကတော့–
"သံနှင့် သံမဏိ အရည်ကျို စက်ရုံ"ပင်ဖြစ်လေတော့၏။

⌘ ⌘ ⌘

"အဲဒီ ကိုမင်းထက်ဆိုသူက ထူးတော့ ထူးဆန်းတယ်ကွ။ ကားတွေ အများကြီးရှိတဲ့အထဲမှ ဘာလို့ ငါ့ကားကိုမှ သဘောကျရတာလဲ"

ကျော်ဇလ စိတ်ထဲ မရှင်းတာကို စိုင်ကြီးအား မေးနေခြင်းဖြစ်၏ ။

"ငါ့အထင် ဒီလူဟာ မင်းရဲ့ကားနဲ့ တစ်နည်းတစ်ဖုံ ပတ်သက်ရမယ်ကွာ"

စိုင်ကြီးရဲ့စကားကို ကျော်ဇလ မရှင်း။

"အဲဒါ ဘာကိုဆိုလိုတာလဲ စိုင်ကြီး"

ကျော်ဇလ ထပ်မေးလိုက်၏ ။

"တမန်တော်ဆိုတာ မင်းကြားဖူးလား"

"ကြားဖူးတယ်လေ . . ဒီကိစ္စနဲ့ ဘာဆိုင်လို့လဲ"

"ငါသိသလောက်ပြောရရင် မကောင်းတဲ့ဝိညာဉ်၊ မကောင်းတဲ့ အရာ၊ မကောင်းတဲ့ အမှောင်ကမ္ဘာက တစ်စုံတစ်ခု လူ့လောကထဲ ကျရောက်လာရင် အဲဒီအရာတွေကို တမန်တော်တွေကပဲ လိုက်ခေါ်ရတယ်တဲ့"

"အခုကိစ္စ . . မင်း စဉ်းစားကြည့်။ ငါနဲ့ အဲဒီလူ သိတာ၊ ကားနဲ့ ပတ်သက်ပြီး ခင်မင်ရင်းနှီးတာလောက်ပဲ ရှိတယ်။ တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့ဆုံတော့ ငါ့ရဲ့ကား Album တွေထဲမှာ မင်းကားပုံကို တွေ့သွား
တယ်ကွ”

“ငါက ကားပြင်ရင် ငါပြင်တဲ့ကားတွေကို ဓာတ်ပုံရိုက်ပြီး အမှတ်တရ သိမ်းထားတတ်တာ မင်းအသိပဲလေ။ အဲဒီအချိန်ကစပြီး မင်းရဲ့ကားကို သူ စတင် ရူးသွပ်တော့တာပဲ။ ငါနဲ့တွေ့တိုင်း မင်းရဲ့ ကားအကြောင်းပဲ မေးနေတာ”

စိုင်ကြီး ရှင်းပြသမျှ ကျော်ဇလ လက်ခံလို့မရ။ ဒီလိုဆို ကိုမင်းထက်ဆိုသူက စိုင်ကြီးပြောသလို၊ တမန်တော်များလား။ တမန်တော်ဖြစ်လို့ သူ့ရဲ့မကောင်းဆိုးဝါးကားကို လာရောက်ဖျက်ဆီးသွားတာလား။ တမန်တော်ဆိုတာကရော တကယ်ရှိလို့လား”

စဉ်းစားကြည့်ရင် ကျော်ဇလ(သူ) မောင်းတုန်းက အဲဒီလောက်ကြီး မဖြစ်ခဲ့ပေမယ့် ကိုမင်းထက်မောင်းစဉ်မှာ ကားပါ ပြင်လို့မရ ဖြစ်သွားသည်ဆိုတော့။

ကျော်ဇလရင်ထဲ မေးခွန်းပေါင်းများစွာ၊ ပဟေဠိပေါင်းများစွာက အပြည့်။ လောလောဆယ် သူ့စိတ်ထဲမှာ ရှိနေသည့်အရာက တစ်ခုထဲရယ်ပါ။

သူ့ရဲ့ မကောင်းဆိုးဝါးကားလေး ကောင်းရာ သုဂတိလားပါစေသား။

ဝေတန်

www.burmeseclassic.com

www.burmeseclassic.com



# ဧရာဟန်

၏

## သတ္တမမြောက် သရဲစာအုပ်

---

# သရဲမရဲ့ ကလဲ့စား

# Ghost Revenge

- အရှင်လတ်လတ် မြေမြှုပ်အသတ်ခံရခြင်း၊ အပျော်အပါး မက်တဲ့ လင်ယောကျ်ားနှင့် မောက်မာသူ မိန်းမတို့ရဲ့ အိမ်ထောင်ရေးဇာတ်လမ်း၊ သချိုင်းဟောင်းထဲက ပြင်းပြတဲ့ ခံစားမှုများကြောင့် ထကြွလာတဲ့ သရဲမတစ်ယောက်ရဲ့ ဂုလဲ့စား။
- မယုံတဲ့ကောင် လက်ညှိုးထောင်၊ ချစ်တယ်ဆို ခိုင်းတာလုပ်၊ အသေတိုက်၊ အလောင်းရှာဖွေ၊ ရင်ချင်းဆက်ချစ်သူတွေ စသည့် ရင်သိမ့်သည်းဖို ဇာတ်ဝင်ခန်းပေါင်းများစွာဖြင့် . .။

**မကြာမီ လာမည် • • မျှော်**

www.burmeseclassic.com